# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနသဃတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 August 2017 (၉၀၂၉)


# နိုင်ငံအတွင်း မြန်နှုန်းမြင့် တယ်လီဖုန်းဆက်သွယ်ရေးစနစ် ဆောင်ရွက်မည့် မိုင်တဲလ်ကုမ္ပဏီရုံးချုပ် ရန်ကုန်မြို့၌ ဖွင့်လှစ်






မိုင်တဲလ်ကုမ္ပဏီရုံးချုပ်အား မစ္စတာ ငုယင်ဖူးကျောင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဝဲပုံ) နှင့် မိုင်တဲလ်ကုမ္ပဏီရုံးချုပ်အား တွေ့ရစဉ်။ (ယာပုံ)

**ရန်ကုန် ဩဂုတ် ၂၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မိုင်တဲလ်ကုမ္ပဏီ ဌာနချုပ်၌ ကျင်းပသည့် Telecom International Myanmar Co., Ltd. (Mytel) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မိုင်တဲလ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၄ သို့**


## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ဖိုးနည်းအိမ်ရာများမှ အခန်းပေါင်း ၅၈၀ အား စက်တင်ဘာပထမပတ်တွင် မဲနှိုက်မည်




စာမျက်နှာ - ၇



ကြေးမုံ

စာ - ၁၆၊ ၁၇


# ရန်ကုန်မြို့ပတ်ရထားလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်မည်



ရန်ကုန်မြို့ပတ်ပြေးဆွဲလျက်ရှိသော RBE ရထားတွဲဆိုင်းအား ရန်ကုန်ဘူတာကြီး၌ ယမန်နေ့ နံနက်ပိုင်းက တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၂၆**

ရထားလမ်းပိုင်းများ ကြံ့ခိုင်စေရန်အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ကနဦးစီမံချက်အနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း (အရှေ့ခြမ်းအပိုင်း-၁ ) ရထားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး ရထားလမ်းအရှည် ၇ ဒသမ ၂၅ မိုင်ရှိသော တည်ငြိမ်ကုန်း-ပုရွက်ဆိတ်ကုန်းအား အောက်တိုဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိလည်းကောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း (အရှေ့ခြမ်းအပိုင်း-၂) ရထားလမ်းအရှည် ၈ ဒသမ ၅ မိုင်ရှိသော ပုရွက်ဆိတ်ကုန်း-ရန်ကုန်(ပုဇွန်တောင်)အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိလည်းကောင်း ရထားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

တည်ငြိမ်ကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း ဘူတာများကို


**စာမျက်နှာ ၃ ကော်လံ ၁ သို့**



KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်

ယမန်နေ့ နံနက်အစောပိုင်းက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ၏ လုံခြုံရေးစခန်းများအား အစွန်းရောက်အကြမ်းဖက်သမားများက တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ယခုဖြစ်စဉ်မှာ ဒုတိယအကြိမ် အလွန်ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပြီး ယမန်နှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲကင်းစခန်းသုံးခုအား အလစ်အငိုက်အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးကာ လက်နက်မျိုးစုံ၊ ကျည်မျိုးစုံ ဆုံးရှုံးခဲ့ရသည်။

ယမန်နေ့က ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားတို့က တစ်ချိန်တည်း အလစ်အငိုက်အကြမ်းဖက်တိုက်ခိုက်ခဲ့ကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သားတစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦးတို့ ကျဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူအများအပြား ဒဏ်ရာရရှိကာ လက်နက်ခြောက်လက် ဆုံးရှုံးခဲ့သည်ကို စိတ်မကောင်းစွာ ကြားသိခဲ့ရသည်။

ယခုဖြစ်စဉ်ကို သုံးသပ်ကြည့်လျှင် အချုပ်အခြာအာဏာ ယိုယွင်းနေသော အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံအချို့နှင့် တစ်ချိန်က ပြည်တွင်းစစ်ဖြစ်ပွားခဲ့သော အာဖရိကနိုင်ငံအချို့မှ လုံခြုံရေးစခန်းများနှင့် နိုင်ငံကြီးမှသံရုံးတို့အား အစွန်းရောက်အကြမ်းဖက်သမားများက တိုက်ခိုက်သကဲ့သို့၊ အဆိုပါနိုင်ငံများတွင် ရန်သူ၊ မိတ်ဆွေ မခွဲခြားနိုင်သကဲ့သို့၊ အကြမ်းဖက်တိုက်ခိုက်သူများသည် မဝေခွဲနိုင်သောဒေသခံပြည်သူများကြားတွင် ရောနှောစိမ့်ဝင်ကာ အခွင့်သာသည်နှင့် ရုတ်တရက်တိုက်ခိုက်သကဲ့သို့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဤသို့နှင်နှင် ဖြစ်နေသည်ဟု ထင်မြင်ရသည်။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် ရည်ရွယ်ချက်ရှိရှိ လက်နက်အင်အား၊ လူအင်အား၊ အတွေ့အကြုံရှိသော စစ်ရေးဗျူဟာများကို အသုံးချလာသည်ဟု မြင်တွေ့ရသည်။ ယခုဖြစ်စဉ်သည် ယမန်နှစ်ကဖြစ်စဉ်ထက် ပိုမိုအကွက်ချ၍ နယ်မြေသိမ်းပိုက်သည့်ပုံစံဖြင့် ကြိုတင်အကွက်ချကာ တိုးမြှင့်တိုက်ခိုက်သည်ကို တွေ့ရသည်။ တစ်ဖက်တွင် စစ်ရေးနည်းဖြင့် ထိုးဖောက်တိုက်ခိုက်သလို တစ်ဖက်တွင်လည်း လူ့အခွင့်အရေးနည်းဖြင့် မမှန်မကန်ပုံဖော်နိုင်ရန် ဖန်တီးထားသည်။

ရခိုင်ပြည်နယ်အား ကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးအင်အားတိုးမြှင့်ကာ အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ရှာဖွေဖော်ထုတ်တိုက်ဖျက်နေချိန်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၊ ၎င်းတို့အား အားပေးအားမြှောက်ပြုလုပ်ပေးနေသူများ၊ ကူညီထောက်ပံ့ပေးနေသူများက နိုင်ငံတကာနှင့် လူ့အခွင့်အရေးကို အကြောင်းဖန်တီးကာ မြန်မာနိုင်ငံအရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ထပ်မံထိုးဖောက်တိုက်ခိုက်ခြင်းတို့ကို အထူးသတိထားကာ တုံ့ပြန်ကာကွယ်သွားရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သောနိုင်ငံ ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်သော မည်သည့်နိုင်ငံမဆို ၎င်းတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်တိုက်ခိုက်လာပါက မည်သူ့ကိုမဆို တွန်းလှန်ချေမှုန်းပစ်ကြမည်သာဖြစ်သည်။ မြန်မာနိုင်ငံတွင် ရခိုင်ဒေသ၏ နောက်ခံသမိုင်းကြောင်းနှင့် နိုင်ငံတကာက တွင်တွင်ပြောဆိုလေ့ရှိသော လူသားချင်းစာနာထောက်ထားရေးတို့အား ငဲ့ညှာထောက်ထားဆောင်ရွက်ပေးနေသည်ကို အစွန်းရောက်အကြမ်းဖက်သမားများက အခွင့်ကောင်းယူကာ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာသောလုပ်ရပ်များအား ပြတ်ပြတ်သားသား တွန်းလှန်တိုက်ဖျက်သွားကြရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အချုပ်အခြာအာဏာ မထိပါးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ယခုကဲ့သို့ဖြစ်စဉ်များ ထပ်မံမပေါ်ပေါက်ရေးအတွက် အစွန်းရောက်အကြမ်းဖက်သမားများအား အပြီးတိုင်ချေမှုန်းနိုင်ရန်လိုအပ်နေပြီဟု ထင်မြင်ယူဆပါသည်။ ။

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးနှင့် အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုသမှုအရည်အသွေးများ မြင့်မားရေးအတွက် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၁၇) ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ အကြီးအကဲများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများပေးရာတွင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမှာလည်း လွန်စွာအရေးကြီးကြောင်း၊ အဓိကတာဝန်ရှိသော ဗဟိုအဖွဲ့အနေဖြင့် ထိရောက်မှန်ကန်သော မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ပေးကြရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ၏ အရည်အသွေးကို checklist များ အသုံးပြု၍ ပြန်လည်ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ ဆေးရုံဆင်းသွားသောလူနာများအား ပုံမှန်စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ကြရမည် ဖြစ်ကြောင်း၊ ကုသမှု guidelines များကို ခေတ်နှင့်လျော်ညီစွာ ရေးဆွဲ၍ ဖြန့်ဝေဆောင်ရွက်ကြပ်မတ်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို တိကျစွာ သတ်မှတ်အကောင်အထည်ဖော်သင့်ကြောင်း မှာကြားသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စများကိုတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူ ဗဟိုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများ စနစ်တကျနှင့် အန္တရာယ်ကင်းသောကုသမှုများဖြစ်စေရေး မူဝါဒများ ချမှတ်နိုင်ရန်အတွက် အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာကော်မတီ အစည်းအဝေး(၁/၂၀၁၇)ကို ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က ၂၀၀၃ ခုနှစ် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းထားရှိသည့် အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာကော်မတီ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် ၂၀၁၅ ခုနှစ် သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားသွေးဌာနက မြန်မာနိုင်ငံ သွေးသွင်းကုသမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှု အခြေအနေအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူ ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဩဂုတ် ၂၆**

၂၀၁၈ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ အမြဲတမ်းဝန်ထမ်းဆရာဝန်များအတွက် ဖွင့်လှစ်မည့် ဆေးပညာပါရဂူသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ ဒီပလိုမာသင်တန်းများနှင့် ပြင်ပဆရာဝန်များအတွက် ဖွင့်လှစ်မည့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်း၊ အခြေခံအရေးပေါ်ကုသမှု ဆေးပညာဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူထားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများကို စက်တင်ဘာ ၂၉ ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်းသစ် မျိုးသန့်ပြန့်ပွားရေးသင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းသစ်မျိုးသန့်ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂)ဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲတွင် သစ်တောသုတေသနဌာန(ရေဆင်း) စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် သစ်တောစိုက်ခင်းများတည်ထောင်ရန်အတွက် သစ်မျိုးသန့်မျိုးကောင်းပင်များ ရွေးချယ်စိုက်ပျိုးအသုံးချနိုင်ရန်၊ နောင်တည်ထောင်မည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ရာတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အလွန်အရေးကြီးသော သိသင့်သိထိုက်သော ဘာသာရပ်ဆိုင်ရာများကို သင်ကြားပို့ချခဲ့သည်။

သစ်မျိုးသန့်ပြန့်ပွားခြင်း အခြေခံသဘောတရားများ၊ မျိုးသန့်ပြန့်ပွားခြင်းအတွက် အရေးပါသည့် သစ်တောမျိုးရိုးဗီဇထိန်းသိမ်းခြင်း၊ မျိုးရိုးဗီဇကောင်းမွန်သည့် သစ်စေ့စုဆောင်းခြင်းနည်းလမ်းများ လေ့လာခွင့်ရရှိကြပြီး သစ်မျိုးသန့်ပင် ရွေးချယ်ခြင်းလုပ်ငန်း၊ မျိုးပွားကိုင်းများ စုဆောင်းခြင်း၊ သစ်စေ့ထုတ်ဧရိယာအား ဆန်းစစ်ခြင်း၊ သစ်မျိုးသန့်ဥယျာဉ်လေ့လာခြင်း၊ ကိုင်းကူးကိုင်းဆက်ခြင်း၊ အညွန့်ကိုင်းထိုးခြင်းလုပ်ငန်းများကို သင်တန်းသားများက လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးမြေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အလယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှ

themirror.npt@gmail.com
www.facebook.com/themirrordaily

# ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်နှင့်အဖွဲ့ အလုပ်သဘောဆွေးနွေးပွဲတက်ရောက်ပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ အလုပ်သဘော နံနက်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Pham Binh Minh၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့က မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် သတ္တုကဏ္ဍဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် BIDV Yangon မှ CEO Mr. Dang Hai Nha၊ FPT Myanmar မှ ဥက္ကဋ္ဌ Mr. Doung Dung Trieu နှင့် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ သာသနိကဆိုင်ရာအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Telecom International Myanmar Co., Ltd. (MYTEL)ရုံးချုပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အလုပ်သဘောနံနက်စာစားပွဲသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

### ❂ ရှေ့ဖုံးမှ

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် မိုင်တဲလ်ကုမ္ပဏီ CEO နှင့်တာဝန်ရှိသူများက မိုင်တဲလ်ကုမ္ပဏီရုံးချုပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မိုင်တဲလ်ကုမ္ပဏီ CEO က ကုမ္ပဏီ၏စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မိုင်တဲလ်ကုမ္ပဏီဥက္ကဋ္ဌ ဦးခင်မောင်စိုးက ကုမ္ပဏီမှ နိုင်ငံအတွင်း မြန်နှုန်းမြင့်တယ်လီဖုန်းဆက်သွယ်ရေးစနစ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် မိုင်တဲလ်ကုမ္ပဏီတို့အကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်နှင့် ဒုတိယသမ္မတတို့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

### ❍ ရန်ကုန်မြို့ပတ်ရထားလမ်းမှ

ဘလောက်ဘူတာအဖြစ် သွားလာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တညင်းကုန်းမှ ပုရွက်ဆိတ်ကုန်းအထိ ဒွေးလမ်းအသုံးပြုခြင်းကိုရပ်ဆိုင်း၍ ဧကလမ်းစနစ်ကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ အလိုအလျောက်လမ်းပိုင်းအချက်ပြစနစ် အသုံးပြုနေခြင်းကို ရပ်ဆိုင်း၍ တစ်စင်းတည်းသွားလမ်းပိုင်းစနစ်ကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ လက်ယာရစ်ခရီးသည် စီးနင်းမှု ပိုမိုများပြားသည့်အတွက် အတွင်းရထားလမ်းကို စတင်ပြုပြင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရထားလမ်းအရှည် ၄ ဒသမ ၇၅ မိုင်ရှိသော တညင်းကုန်း-မင်္ဂလာဒုံနှင့် ရထားလမ်းအရှည် ၂ ဒသမ ၅ မိုင် ရှိသော မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်းတို့ကို ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

လက်ရှိအနေအထားအရ ရထားလမ်းပိုင်းအချို့ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး လမ်းပိုင်းအချို့ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိရထားလမ်းပိုင်းများ ပြုပြင်ဆောင်ရွက်စဉ် အပြင်ပတ်လမ်းများမှ ပြေးဆွဲပေးမည်ဖြစ်ပြီး လက်ဝဲရစ်ပြေးဆွဲလမ်းပိုင်းကို ပြုပြင်ဆောင်ရွက်စဉ် လက်ယာရစ်လမ်းပိုင်းအတိုင်း ရထားပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား သွား/လာ ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူက "ဘူတာတွေကလည်း တစ်ဘူတာနဲ့ တစ်ဘူတာ နီးကပ်နေပါတယ်။ မြို့နယ်ပေါင်း ၁၅ မြို့နယ်လောက်က ရထားပြေးဆွဲတဲ့ အဝန်းအဝိုင်းမှာပဲရှိနေတာပါ။ ကျွန်တော်တို့အနေနဲ့ ရထားအချိန်မှန်ကန်အောင် ကြိုးစားနေရသလို မတော်တဆမှုတွေ မဖြစ်ပွားအောင်လည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ရထားလမ်းပိုင်းအဆင့်မြှင့်တင် ဆောင်ရွက်ဖို့အတွက် မြန်မာ့မီးရထားက ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေကြတာပါ။ အဆင့်မြှင့်တင်ရေးကာလမှာလည်း ရုံးဝန်ထမ်းခရီးသည်တွေနဲ့ လုပ်ငန်းခွင်ဝင်နေကြတဲ့ ခရီးသည်တွေ အဆင်ပြေစေဖို့အတွက် ရထားပြေးဆွဲပေးမှာပါ"ဟု ပြောကြားသည်။

ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူဦးရေမှာ ၂ ဒသမ ၅ သန်းရှိသည့်အနက် ရထားစီးခရီးသည်ဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှခရီးသည် ဦးရေ ၉၅၀၀၀ အထိ မြင့်တက်လျက်ရှိပြီး ရထားပြေးဆွဲရာ လမ်းကြောင်းရှိ ခရီးသည်များသာ တင်ဆောင်နိုင်ကြောင်း၊ မဟာဗျူဟာစတင်မည့် ရန်ကုန်မြို့၌ UMRT 1 နှင့် UMRT 2 ကို ဖောက်လုပ်ရန်စီစဉ်လျက်ရှိကြောင်း၊ UMRT 1 မှာ မြေပေါ်၊ မြေအောက်ရထားပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ မင်္ဂလာဒုံလေဆိပ်အထိလည်းကောင်း၊ UMRT 2 မှာ လူအများဆုံးအလုပ်လုပ်ကိုင်ရာနေရာဖြစ်သည့် လှိုင်သာယာနှင့် ဒဂုံမြို့သစ်တို့မှ ရန်ကုန်ဘူတာကြီးအထိလည်းကောင်း ပြေးဆွဲ မည်ဖြစ်ကြောင်းနှင့် အဆိုပါကွန်ရက်များ ချိတ်ဆက်နိုင်မည်ဆိုပါက ရထားစီးခရီးသည် လူဦးရေ နှစ်သန်းကျော်အထိ တင်ဆောင် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းအရှည်မှာ ၂၉ ဒသမ ၅ မိုင်ရှိကြောင်း၊ လမ်းအသုံးပြုခရီးသည်များ အဆင်ပြေစေရန်အတွက် ရထားခရီးစဉ်ကို ခေါက်ရေထပ်မံတိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး တစ်ရက်လျှင် ခေါက်ရေ ၂၂၀ ပိုမို သတ်မှတ်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း(အနောက်ခြမ်း)ဖြစ်သော တညင်းကုန်း-အင်းစိန်၊ အင်းစိန်-ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်-ရန်ကုန် ရထားလမ်းပိုင်းများကိုလည်း ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီဖြစ်သော အောက်တိုဘာလတွင် ဆက်လက်အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ရန်စီမံလျာထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(ပွင့်သစ္စာ)**

## တတိယအကြိမ် ထူးချွန်သတင်းဆုများနှင့် ပညာရေးလှူဒါန်းမှုများ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းအဖွဲ့ဝင်များထံမှ ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်ထုတ် နိုင်ငံတော်ပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာများနှင့် ဂျာနယ်စာစောင်များတွင် သတင်းပုဒ်ရေအများဆုံးဖော်ပြရေးသားခဲ့မှုများ၊ တိုင်းကျိုးပြည်ပြုအကောင်းဆုံးသတင်းရေးသားခဲ့မှုနှင့် ဖွံ့ဖြိုးမှုသတင်းဓာတ်ပုံဖော်ပြခဲ့မှု စသည်တို့မှ ထူးချွန်သတင်းဆုများ အဆင့်ခွဲခြား၍ ဆုများချီးမြှင့်မှုကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ သတင်းများနှင့် ဓာတ်ပုံများ သတ်မှတ်ရက်အမီပေးပို့ကြရမည်ဖြစ်ကြောင်း မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၏ ပြောကြားမှုအရသိရသည်။

ထို့အပြင် သတင်းစာဆရာအသင်းဝင် သားသမီးနှင့်မြေးများ ပညာသင်ကြားမှုအထောက်အကူပြု ပညာရေးလှူဒါန်းမှုများကို အတန်းအလိုက် ထောက်ပံ့မှုများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများ၏ စာရင်းများကိုလည်း သတင်းစာဆရာအသင်းသို့ အချိန်မီစာရင်းပေးပို့ကြရမည်ဖြစ်သည်။ ထူးချွန်သတင်းဆုချီးမြှင့်ပွဲနှင့် ပညာရေးလှူဒါန်းမှုများတွင် လှူဒါန်းလိုသူများအနေဖြင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဖုန်း-၀၁-၆၄၇၁၆၃၊ ၀၉-၃၀၀၂၃၉၇၀၊ ၀၉-၄၂၀၀၇၂၆၈၇ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ညာဏ်ဟိန်း)**

# တိုက်ချင်းပစ်ဒုံးကျည်သုံးစင်း ပြုံယမ်းပစ်လွှတ်၊ ဒုံးကျည်ပစ်လွှတ်မှုသည် ဂျပန်အမျိုးသားလုံခြုံရေး ထိခိုက်မှုမရှိ

**ဝါရှင်တန် ဩဂုတ် ၂၆**

ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်သုံးစင်း ပစ်ခတ်ခဲ့ကြောင်းနှင့် ယင်းဒုံးကျည်သုံးစင်းအနက်နှစ်စင်းသည် ကီလိုမီတာ ၂၅၀ ခန့်သာ ပျံသန်းနိုင်ခဲ့ပြီး ကျန်တစ်စင်းသည် ဒုံးကျည်ပစ်လွှတ်စင်မှ ပစ်လွှတ်ပြီးနောက်မကြာမီပင် ပေါက်ကွဲသွားခဲ့သည်ကို မှတ်သားရပါကြောင်း အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် ဩဂုတ် ၂၆ ရက် နံနက် ၆ နာရီ ၄၉ မိနစ်မှ ၇ နာရီ ၁၉ မိနစ်အကြား ဒုံးကျည်သုံးစင်း ပစ်လွှတ်ခဲ့သည်ဟု အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်က ဆိုသည်။ သို့သော် အသေးစိတ်လေ့လာမှုမှတ်တမ်းအရ ဒုံးကျည်သုံးစင်းလုံးသည် ဦးတည်ရာပစ်မှတ်သို့ ရောက်ရှိခြင်းမရှိဘဲ ဒုံးကျည်နှစ်စင်းသည် ရေထဲသို့ကျပြီး ကျန်တစ်စင်းသည် ပေါက်ကွဲခဲ့ကြောင်း အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်က ဆက်လက်ပြောကြားသည်။

ပြုံယမ်းပစ်လွှတ်ခဲ့သည့် ဒုံးကျည်သုံးစင်းအနက် ပထမနှင့် တတိယဒုံးကျည်နှစ်စင်းမှာ အရှေ့မြောက်ဘက် ဦးတည်ရာသို့ ပျံသန်းခဲ့ပြီး ဒုတိယဒုံးကျည်သည် ဒုံးလွှတ်စင်မှ ပစ်လွှတ်ပြီးမကြာမီ ပေါက်ကွဲသွားခဲ့ကြောင်း ပစိဖိတ်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဒေ့ဗ်ဘန်ဟမ်က ပြောကြားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ ကန်ဂျဝမ်စီရင်စု အရှေ့ပိုင်းရှိ ကစ်တာယောင်းမြို့မှ ဂျပန်ပင်လယ်အတွင်းသို့ ဦးတည်ပြီး တာဝေးပစ်ဒုံးကျည်များကို ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးအရာရှိချုပ်က ဆိုသည်။

အဆိုပါဒုံးကျည်များသည် အရှေ့မြောက်ဘက်သို့ ဦးတည်သွားပြီး ကီလိုမီတာ ၂၅၀ ခန့်ပျံသန်းကာ ပင်လယ်ထဲသို့ ပျက်ကျခဲ့ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးအရာရှိချုပ်က ဆိုသည်။

ထိုသို့ ပြုံယမ်း၏ ဒုံးကျည်ပစ်ခတ်မှုများနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးကြရန် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်ကျင်းပရန် လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံက Hwasong-12 တာလတ်ပစ်ဒုံးကျည်လေးစင်းကို တစ်ပြိုင်နက်တည်း ပစ်လွှတ်ရန် အစီအစဉ်ရေးဆွဲထားကြောင်း ကြေညာထားသည်။ အဆိုပါဒုံးကျည်များသည် ဂျပန်နိုင်ငံ၏ အချို့သောဒေသများပေါ်မှ ဖြတ်သန်းကာ အမေရိကန်ပစိဖိတ်ရေပိုင်နက်ဝန်းကျင်အနီးရှိ ဂူအမ်ကျွန်းသို့ ဦးတည်ထားကြောင်း ကြေညာခဲ့သည်။


ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှီဟိုက်ဆူဂါ



ယခုရက်သတ္တပတ်တွင် စတင်လုပ်ဆောင်လျက်ရှိသည့် အမေရိကန်နှင့်တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် ယခုဒုံးကျည်သုံးစင်းကို ပစ်လွှတ်ခဲ့ခြင်းဖြစ်နိုင်ခြေရှိသည်။

ဩဂုတ် ၂၇ ရက်သည် မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ဟောင်း ကင်ဂျုံအီ ချမှတ်ခဲ့သည့် နိုင်ငံ၏ 'ကာကွယ်ရေးသည်သာပထမ' မူဝါဒချမှတ်မှု၏ နှစ်ပတ်လည်နေ့ဖြစ်သည်။ ယခုဒုံးကျည်ပစ်လွှတ်မှုသည် အမေရိကန်နှင့် တောင်ကိုရီးယားစစ်တပ်ဖွဲ့တို့အနေဖြင့် ကာကွယ်ရေးအတွက် သတိကြီးစွာထားနေသည့် အချိန်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးအကြိမ်ဒုံးကျည်ပစ်လွှတ်မှုသည် ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိခိုက်မှုမရှိကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီဟိုက်ဆူဂါက ဩဂုတ် ၂၆ ရက်နံနက်ပိုင်းတွင် မီဒီယာသို့ ပြောကြားခဲ့သည်။

ဩဂုတ် ၂၆ ရက်နံနက်ပိုင်းတွင် ပြုံယမ်းပစ်လွှတ်ခဲ့သည့် ဒုံးကျည်များသည် ဂျပန်နိုင်ငံ၏လုံခြုံရေးကို ထိခိုက်မှုမရှိကြောင်း ရေးသားထားသောအစီရင်ခံစာကို ဒုံးကျည်များပစ်ခတ်ပြီး မကြာမီအချိန်တွင် ရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

မည်သည့် တိုက်ချင်းပစ်ဒုံးကျည်မျှ ဂျပန်နိုင်ငံ၏ ရေပိုင်နက်ထဲသို့ ဝင်ရောက်ခဲ့ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း အမျိုးသားလုံခြုံရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအား သတိရှိရှိနေရန် တပ်လှန့်ထားကြောင်း ၎င်းကဆိုသည်။

အမေရိကန်-တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် ပြုံယမ်းက ရန်စသည့်အပြုအမူများ အကြိမ်ပေါင်းများစွာလုပ်ဆောင်လျက်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ဂျပန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား ကိုင်တွယ်ထိန်းချုပ်ရာတွင် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

## ဒိုဟာမြို့ရှိ ချက်နိုင်ငံသံရုံးအား ပိတ်ပစ်ရန် ကာတာဆုံးဖြတ်

**ဒိုဟာ ဩဂုတ် ၂၆**

ကာတာနိုင်ငံသည် ဒိုဟာမြို့ရှိ ချက်သံရုံးကိုပိတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် သံရုံးဝန်ထမ်းများကို ၇၂ နာရီအတွင်း နိုင်ငံတွင်းမှထွက်ခွာရန် အမိန့်ပေးထားသည်။ ချက်နိုင်ငံရှိ ကာတာသံရုံးကိုပိတ်ရန် ချက်အစိုးရက ဆုံးဖြတ်ခဲ့ပြီး နောက်တစ်ရက်တွင် ကာတာနိုင်ငံက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ချက်အစိုးရသည် အင်ဂျာမီနာမြို့ရှိ ကာတာသံရုံးကို ပိတ်လိုက်ပြီး ဝန်ထမ်းများအား ၁၀ ရက်အတွင်းနိုင်ငံမှထွက်ခွာရန် ပြောကြားထားသည်။ ကာတာသည် ချက်နိုင်ငံရေး မတည်ငြိမ်အောင် လုပ်ဆောင်နေသည်ဟု ချက်ကစွပ်စွဲပြီးနောက် ကာတာသံရုံးကိုပိတ်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း သိရသည်။

ကာတာနိုင်ငံက ချက်နိုင်ငံ၏ စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း တုံ့ပြန်ခဲ့ပြီး ယခုနှစ်ဇွန်လအတွင်းက မော်ရီတေးနီးယား၊ ဆီနီဂေါနိုင်ငံနှင့်ချက်တို့မှ ၎င်းနိုင်ငံများ၏ ကာတာနိုင်ငံဆိုင်ရာ သံအမတ်များကို ပြန်ခေါ်ခဲ့သည်။ ကာတာနိုင်ငံအပေါ် ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ အီဂျစ်တို့က သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပြီးနောက် ဆီနီဂေါ၊ ချက်နှင့် မော်ရီတေးနီးယားနိုင်ငံတို့က ယင်းကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျ ဦးဆောင်သည့် ပင်လယ်ကွေ့နိုင်ငံများက ကာတာနိုင်ငံသည် ဒေသတွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများကို အကူအညီပေးနေသည်ဟု စွပ်စွဲနေသော်လည်း ကာတာက ငြင်းဆန်ထားသည်။ **ဆင်ဟွာ။**

## ကဘူးမြို့ရှိ ဗလီကို အကြမ်းဖက်သမားတို့တိုက်ခိုက်မှုအား အီရန်ပြစ်တင်ရှုတ်ချ

**တီဟီရန် ဩဂုတ် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ ရှီးယိုက်ဘာသာဝင်တို့ ဝတ်ပြုဗလီအကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြစ်တင်ရှုတ်ချလိုက်သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာဟမ်ကွာစီမီက အာဖဂန်နစ္စတန်ပြည်သူ၊ အစိုးရနှင့် သေဆုံးခဲ့သည့်မိသားစုဝင်များနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားသည်။

အကြမ်းဖက်သမားများသည် အာဖဂန်နစ္စတန်နိုင်ငံ၏ စုစည်းညီညွတ်မှုအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ အာဖဂန်နစ္စတန်ပြည်သူများနှင့် အစိုးရတို့က အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သမားတို့၏ရည်ရွယ်ချက်ကို ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ရမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာဟမ်ကွာစီမီက ပြောသည်။

ကဘူးမြို့တွင် ဩဂုတ် ၂၅ ရက်က ဗလီကို အကြမ်းဖက်သမားများက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သဖြင့် လက်ရှိအချိန်ထိ လူပေါင်း ၄၀ ထက်မနည်းသေဆုံးပြီး ၉၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ။**

## တယ်လ်အဖာမြို့၏ ၇၀ ရာခိုင်နှုန်းကို အီရတ်တပ်ဖွဲ့များ ပြန်လည်သိမ်းယူ



**ဘဂ္ဂဒက် ဩဂုတ် ၂၆**

အီရတ်အစိုးရတပ်ဖွဲ့များသည် အစ္စလာမ့်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏ အခြေစိုက်စခန်းတစ်ခုဖြစ်သော တယ်လ်အဖာမြို့၏ ဧရိယာ ၇၀ ရာခိုင်နှုန်းရှိသောနေရာများမှ အိုင်အက်စ်တို့အား တိုက်ထုတ်ခဲ့ကြောင်း၊ ယင်းမြို့လယ်ရှိ ဗဟိုရဲတိုက်ကြီးနှင့် အနီးအနားဒေသလည်း ပါဝင်ကြောင်း အီရတ်အစိုးရတာဝန်ရှိသူနှင့် စစ်ဘက်တပ်မှူးများက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

တယ်လ်အဖာမြို့၏ ဧရိယာ ၇၀ ရာခိုင်နှုန်းမှာ အိုင်အက်စ်တို့လက်အောက်မှ လွတ်မြောက်ခဲ့ပြီး ကျန်အစိတ်အပိုင်းများလည်းများ မကြာမီလွတ်မြောက်မည်ဟု အီရတ်နိုင်ငံခြားရေးဝန်ကြီး အီဗရာဟင်အယ်လ်ဂျာဖာရီက ဘဂ္ဂဒတ်မြို့တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းယီဗက်စ်လီဒရိန်း၊ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့် ပါလီတို့နှင့်ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိုင်အက်စ်တို့၏ အခြေခံစခန်းဟောင်းဖြစ်သော အီရတ်နိုင်ငံမိုဆူးလ်မြို့နှင့် ဆီးရီးယားနိုင်ငံအကြားတွင် ထောက်ပံ့ရေးလမ်းကြောင်း၌ တည်ရှိနေသည့် တယ်လ်အဖာမြို့အား ပြန်လည်သိမ်းယူရန် အီရတ်အစိုးရတပ်ဖွဲ့များက ဩဂုတ်လ ၂၀ ရက်တွင် စတင်ထိုးစစ်ဆင်ခဲ့ကြခြင်းဖြစ်သည်။

မိုဆူးလ်မြို့၏အနောက်ဘက် ကီလိုမီတာ ၈၀ (မိုင် ၅၀) အကွာတွင် တည်ရှိသော တယ်လ်အဖာမြို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့မှ အထက်တန်းတပ်မှူးများ ထွက်ပေါ်ရာမြို့လည်း ဖြစ်သည်။

**ဆင်ဟွာ။**

# စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ရှိပြီး အစဉ်အလာများကို အတုယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာပေဗိမာန် နှစ်(၇၀)ပြည့်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြောကြား

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပညာမျက်စိကို ဖွင့်လှစ်ပေးရန် ရည်ရွယ်၍ ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် **မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း** (Burma Translation Society)အဖြစ် စတင်ဖွဲ့စည်းခဲ့သော စာပေဗိမာန်သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် နှစ်(၇၀)ပြည့်မြောက်ပြီဖြစ်ရာ စာပေဗိမာန် နှစ်(၇၀)ပြည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ စာပေဗိမာန်ကို အစဉ်တစိုက် ကူညီစာပေရေးသားပေးသော စာရေးဆရာများ၊ စာပေဗိမာန်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းသည့် အလှူရှင်များ၊ စာပေလောကသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တက်ရောက်လာကြသူများသည် စာပေဗိမာန် နှစ်(၇၀) ပြည့်အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ၁၉၅၇ ခုနှစ် စာပေဗိမာန်တိုက်ထုတ် စာအုပ်များတွင် အသုံးပြုခဲ့သည့် Logo image များ၊ မြန်မာ့စွယ်စုံကျမ်းကဏ္ဍ၊ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကဏ္ဍ၊ မြန်မာနိုင်ငံ ဘာသာပြန်အသင်းမှ ထုတ်ဝေသောစာအုပ်များကဏ္ဍ၊ သုတပဒေသာစာစောင်ကဏ္ဍ၊ စာပေဗိမာန်မဂ္ဂဇင်းကဏ္ဍ၊ ရွှေသွေးဂျာနယ်ကဏ္ဍ၊ ရွှေသွေးဂျာနယ်အထူးထုတ်ကဏ္ဍတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နှစ်(၇၀)ကြာမြင့်ခဲ့ပြီဖြစ်သည့် စာပေဗိမာန်၏ သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ အမှတ်တရစကားပြောကြားပြီး စာပေဗိမာန်သည် မြန်မာနိုင်ငံတွင် စာပေနှင့်ပတ်သက်၍ အတုယူထိုက်သော၊ ကောင်းမွန်သည့် အစဉ်အလာများကို ချမှတ်ပေးသော နေရာ၊ အဆောက်အအုံကြီး၊ အသင်းအဖွဲ့ကြီးဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ စာပေဗိမာန်၏ ကောင်းမွန်သော အစဉ်အလာများကို ကြိုးစားအကောင်အထည်ဖော်လျက်ရှိပြီး အနည်းအကျဉ်းသာ လုပ်နိုင်သေးသော်လည်း ရှေ့ဆက်၍ ဝါသနာတူ ပုဂ္ဂိုလ်များ၊ စေတနာတူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပူးတွဲလုပ်ဆောင်သွားရန် ရှိပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှ ယခင်ရှိပြီး အစဉ်အလာများကို အတုယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် လွတ်လပ်ပွင့်လင်းလာသည့် အလျောက် စာပေအဖွဲ့အစည်းများကလည်း စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်နေကြပါကြောင်း၊ သို့ဖြစ်၍ မြန်မာစာပေသည် တစ်ခေတ်ဆန်းလာမည်ဟု ပြောလိုပါကြောင်း၊ စာပေဗိမာန်၏ နဂိုမူလ ရည်ရွယ်ချက်ဖြစ်သည့် အမှောင်ခွင်း၍ အလင်းဆောင်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ စာပေအဖွဲ့အစည်းများ၊ စာပေသမားများ၏ ဆောင်ရွက်ချက်ကြောင့် နိုင်ငံ့စာပေအလင်းရောင် ထွန်းပြောင်ပြီး တိုင်းပြည်အနာဂတ်သည်လည်း တောက်ပလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်(၇၀)က စာပေဗိမာန်အဖွဲ့ကြီး(သို့မဟုတ်)မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကို စတင်ထူထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ကျေးဇူးကို အမှတ်ရမိသလို ၎င်းတို့၏ ဆောင်ရွက်ချက်များကိုလည်း အလွန်လေးစားကျေးဇူးတင်မိပါကြောင်း ပြောကြားသည်။

ထို့နောက် စာပေဗိမာန် စာတည်း(ငြိမ်း)ဦးခင်မောင်စိုး (ဆရာမောင်ပေါ်ထွန်း)က အမှတ်တရစကား ပြောကြားသည်။

ဆက်လက်၍ စာပေဗိမာန်စာတည်းမှူးချုပ်(ငြိမ်း) ဦးမောင်လှိုင်(ဆရာ မောင်ဆွေငယ်)က စာပေဗိမာန် သမိုင်းအကျဉ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က စာပေဗိမာန် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေဗိမာန်လုပ်ငန်းများတွင် အစဉ်တစိုက် ပါဝင်ကူညီခဲ့ကြသော ပုဂ္ဂိုလ်များ၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က စာပေပညာရှင်ကြီးများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် စာပေပညာရှင်ကြီးများ၊ ဧည့်သည်တော်များ အတူတကွစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် စာပေဗိမာန် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆရာကြီး ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က "ကျွန်တော်သိသော စာပေဗိမာန်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီး ညွန့်ဟံ(ညွန့်ဟံ-ကြူတော)က "အတွေးပေးသောစာ၊ အမြင်ပေးသောစာ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်တို့က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

စာပေဗိမာန်သည် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၏ ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေသည့် **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"**ဆောင်ပုဒ်နှင့် အသင်းအမှတ်တံဆိပ်ကိုဆက်ခံရုံမျှမက အသင်း၏ ရည်ရွယ်ချက်နှင့်အညီ ဘာသာပြန်စာပေဖွံ့ဖြိုးရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်၊ သုတပဒေသာ စာစောင်၊ ပြည်သူ့လက်စွဲ စာစဉ်၊ ရွှေသွေးစာစောင်တို့ကို ထုတ်ဝေလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေဗိမာန် နှစ်(၇၀)ပြည့် အခမ်းအနားတွင် ကဏ္ဍအလိုက်ပြသထားသော စာအုပ်များကို ကြည့်ရှုစဉ်။** (သတင်းစဉ်)

# တရားမဝင်ကုန်တင်ယာဉ်များ ဝင်/ထွက်ခြင်းမပြုနိုင်ရန် တားဆီးပိတ်ဆို့

**ဖန်းမော် ဩဂုတ် ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏နယ်စပ် လားရင်းကျေးရွာသို့ ဆက်သွယ်သွားလာသည့်လမ်းအား တရားမဝင် ကုန်တင်ယာဉ်များ ဝင်/ထွက် ဖြတ်သန်းသွားလာနိုင်ခြင်း မရှိစေရန် တားဆီးပိတ်ဆို့ထားကြောင်း သိရသည်။

တရုတ်နိုင်ငံ လုံချွမ်ခရိုင် ပြည်သူ့အစိုးရ၏ အစီအစဉ်ဖြင့် တရုတ်အကောက်အခွန်ဌာနနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့သည် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် လွယ်ဂျယ်မြို့ နယ်ခြားမှတ်တိုင်အမှတ်(၄၉/၂) အနီးရှိ လွယ်ဂျယ်မြို့နှင့် လားရင်းကျေးရွာဆက်သွယ်သည့် လမ်းအား ဩဂုတ် ၂၄ ရက်က တားဆီးပိတ်ပင်ခဲ့ကြသည်။

မြန်မာ့လယ်ယာထွက်သီးနှံများကို တရုတ်ပြည်သို့ တရားဝင် ဂျူတီဆောင်ပြီးဝင်လိုပါက တရုတ်ပြည်ဘက်မှ လိုအပ်သည့်အချိန်တွင် ပါမစ်ချပေးပြီး တရားဝင်တင်သွင်းခွင့်ပေးကြောင်း၊ ဆန်တစ်အိတ်လျှင် ၃၅ ရာခိုင်နှုန်း ဂျူတီဆောင်ပြီးမှ ဝင်၍ရကြောင်း၊ တရားဝင်ပါမစ်မရှိသည့်အခါ ဂျူတီဆောင်၍မရဘဲ ယခု ခိုးဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်ပြည်သို့ တရုတ်နိုင်ငံသားများ ကိုယ်တိုင် သယ်ဆောင်ပြီး သွားလာနေကြောင်း၊ မြန်မာပြည်ဘက်အပိုင်းမှ မြန်မာဆန်ကုန်သည်များက တရုတ်ပြည် ဆန်ကုန်သည်များကို ရောင်းချပြီး တရုတ်ကုန်သည်များက တရားမဝင် ဝင်/ထွက်ပေါက်ဖြစ်သည့် ယခု တားဆီးပိတ်ပင်သော လမ်းမှ သယ်ဆောင်လျက်ရှိကြောင်း၊ တရုတ်ပြည်ဘက်မှ တရားမဝင်ပစ္စည်းများကိုလည်း ယခုလမ်းအတိုင်း လားရင်းကျေးရွာမှ လွယ်ဂျယ်မြို့သို့ သယ်ယူပို့ဆောင်ခဲ့ကြောင်း၊ လွယ်ဂျယ်-လားရင်းကျေးရွာ ဆက်သွယ်ထားသောလမ်းအား တရုတ်ဘက်မှ တားဆီးပိတ်ပင်လိုက်၍ အဆိုပါလမ်းမှ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရတော့သဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား တရားမဝင် ကုန်ပစ္စည်းများ သယ်ယူတင်သွင်းမှု အခက်အခဲရှိကြောင်း ဗန်းမော် ကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ကုန်ပစ္စည်းတင်သွင်းရာတွင် အခွန်တိမ်းရှောင်နိုင်စေရန်အတွက် ကုန်တင်ယာဉ်များသည် အဆိုပါလမ်းမှ ဖြတ်သန်းသွားလာကြသဖြင့် သွားလာမှုမပြုနိုင်ရန် ပိတ်ဆို့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးထံမှ သိရှိရသည်၊ "တရားမဝင်သစ်တွေ ကျောက်တွေအားရအောင်သယ်ပြီးမှ ဒီလမ်းပိတ်ရသလား။ သစ်မှောင်ခို လှိုင်လှိုင်ခိုးသွင်းတုန်းက ဘာလို့မပိတ်လဲ။ တရားမဝင်သစ်ကားတွေဟာ ဒီခိုးပေါက်ကနေ သယ်ယူသွားခဲ့ကြတာ"ဟု ဗန်းမော်-လွယ်ဂျယ်ပြေးဆွဲသော ခရီးသည်ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။ **(မင်းမင်းဦး)**



# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ(စစ်တွေ) ဆန်ခါတင် ၁၀ ဦး သီဆိုယှဉ်ပြိုင်မှု ယာယီရွှေ့ဆိုင်း

**နေပြည်တော် ဩဂုတ် ၂၆**

ငြိမ်းချမ်းရေးဂီတပွဲတော်(စစ်တွေ)မှ နောက်ဆုံးအဆင့် ဆန်ခါတင် ၁၀ ဦး သီဆိုယှဉ်ပြိုင်မှုကို ဩဂုတ် ၂၇ ရက်တွင် တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်မည့် အစီအစဉ် ယာယီရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော်ကို ဇူလိုင်လမှ စတင်ကျင်းပလာခဲ့ရာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဂီတဝါသနာရှင်များကို ဩဂုတ် ၂၄ ရက်မှစတင်၍ အသံစစ်ဆေးရွေးချယ်ခဲ့ပြီး ပြိုင်ပွဲဝင်များထဲမှ နောက်ဆုံးအဆင့် ဆန်ခါတင် ၁၀ ဦးထွက်ပေါ်ခဲ့ကာ ဩဂုတ် ၂၇ ရက်တွင် ၎င်းတို့၏ သီဆိုယှဉ်ပြိုင်မှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးရန် စီစဉ်ထားခဲ့သည်။

သို့ရာတွင် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်ကြောင့် ဩဂုတ် ၂၇ ရက်တွင် ထုတ်လွှင့်မည့် တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်တင်ဆက်မှုများကို ယာယီရွှေ့ဆိုင်းလိုက်ပြီး ပြန်လည်ထုတ်လွှင့်နိုင်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သို့သော် ကျန်ရှိသည့် ငြိမ်းချမ်းရေးဂီတပွဲတော်အစီအစဉ်များကို စက်တင်ဘာ ၃ ရက်တွင် နေပြည်တော်မှစတင်၍ မူလစီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ထိခိုက်ဒဏ်ရာနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် ဩဂုတ် ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲ လစဉ်ကျင်းပလျက်ရှိရာ ဩဂုတ် ၃၀ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပုဇွန်တောင်မြို့နယ်မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ယဉ်ယဉ်အေးက ထိခိုက်ဒဏ်ရာနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သတင်းမီဒီယာကောင်စီ ဘာလုပ်နေလဲ၊ ဘာလုပ်သင့်လဲ(၂)

ဘိုးလှိုင်

**[အပိုင်း(၁)ကို ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်။]**

ယခုအပိုင်းတွင် သတင်းမီဒီယာကောင်စီ လွတ်လပ်ခွင့်ရှိ မရှိကို ဆွေးနွေးပါမယ်။ လက်ရှိသတင်းမီဒီယာကောင်စီသည် လွတ်လပ်ခွင့်မရှိဟု ဆူဆူညံညံ ပြောဆိုဝေဖန်ကြသည်ဟု ကြားရ၊ သိရသောကြောင့် ဖြစ်ပါတယ်။ တချို့က ဆိုလျှင် အသုံးမကျဘူး၊ ဖျက်ပစ်ရမယ်အထိ ပြောလာသည်တဲ့။ တချို့ကလည်း သတင်းမီဒီယာနဲ့ အသက်မွေးသူမဟုတ်တဲ့ ပြင်ပ(ပညာရှင်)ပုဂ္ဂိုလ်များ ပါဝင်နေသည်ကို အလိုမရှိဟု ဆိုပါတယ်။

**မူလဖွဲ့စည်းဖို့ ကြံရွယ်စဉ်က ရည်ရွယ်ချက်**

သတင်းမီဒီယာကောင်စီ ဥပဒေနဲ့အညီပေါ်ပေါက်ရေးကိုဆောင်ရွက်ဖို့ သတင်းမီဒီယာ

ကောင်စီ(ယာယီ)ကို ဖွဲ့စည်းတဲ့အကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ယာယီ ကောင်စီဟာ အစိုးရ(နိုင်ငံတော်သမ္မတရုံး)က တစ်ဖက်သတ် အမိန့်အာဏာနဲ့ ဖွဲ့ပေးခဲ့တာမဟုတ်ပါဘူး။ ဖွဲ့စည်းပေးဖို့ မူလစေ့ဆော်မှုက ပုဂ္ဂလိက သတင်းမီဒီယာသမားတွေဘက်ကလာတာပါ။ ကြိုတင်ညှိနှိုင်းမှုတွေလုပ်ပြီးမှ အစိုးရဘက်က ရှစ်ဦးထည့်ပြီး ဖွဲ့စည်းထားတဲ့အကြောင်း ပြောခဲ့ပါပြီ။ ဖွဲ့စည်းတဲ့အမိန့်စာမှာ ကန့်သတ်တဲ့၊ ချုပ်ချယ်တဲ့အချက်ဘာမှမပါဘူး။ လွတ်လပ်အောင် လွှတ်ပေးထားလို့ အစိုးရနဲ့ အလွန်ကင်းကွာပါတယ်။ တကယ်ပဲ လမ်းပေါ် အရပ်ထဲရောက်နေတဲ့ အဖွဲ့အစည်းလို့တောင် ပြောလောက်ပါတယ်။

**ငွေကြေးကိစ္စ**

လွတ်လပ်ချင်လို့ အစိုးရထံမှ ငွေကြေးအထောက်အပံ့ မတောင်းဘူးလို့ ဆုံးဖြတ်ကြတယ်။ အစိုးရငွေသုံးရင် အစိုးရဩဇာခံရလိမ့်မယ်လို့ စဉ်းစားကြတယ်။ ဒီစဉ်းစားပုံ မမှန်ဘူး။ အစိုးရငွေကို သုံးသော်လည်း လွတ်လပ်နိုင်ပါတယ်လို့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ ယာယီကောင်စီဝင်များက လက်မခံပါဘူး။ ကျွန်တော် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ်၊ လေးစားတယ်၊ အများ ဆုံးဖြတ်တာ လိုက်နာခဲ့ပါတယ်။ ဒီတော့ ငွေမရှိ အလုပ်လုပ်မရ၊ ငွေရဖို့ စေတနာအလျောက် ပုဂ္ဂလိက မီဒီယာတွေက ထည့်ဝင်လှူဒါန်းငွေနဲ့ စခန်းသွားခဲ့ရကြောင်း ပြောခဲ့ပါပြီ။

**ဦးသိန်းစိန်၏ သိန်း ၅၀၀**

ယာယီကောင်စီသက်တမ်း အတော်လေးရလာတဲ့အချိန်မှာ ဥက္ကဋ္ဌ ဦးခင်မောင်အေးနဲ့ အဖွဲ့ဝင်အနည်းငယ် နေပြည်တော်မှာ သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံပါတယ်။ ယာယီကောင်စီက သမ္မတနဲ့တွေ့တာ ဒီတစ်ကြိမ်ပါပဲ။ ဒါလည်း သမ္မတက အမိန့်နဲ့ ဆင့်ခေါ်တာမဟုတ်။ သတင်းမီဒီယာဥပဒေ အကောင်အထည်ပေါ်ရေး ချောမွေ့စေဖို့ ယာယီကောင်စီဘက်က တင်ပြဆွေးနွေးစရာတွေ တင်ပြချင်လို့ တွေ့ဆုံတာပါ။ (ဒီမှာ "တင်ပြ"ဆိုတဲ့ အသုံးအနှုန်းဟာ အစီရင်ခံတာမဟုတ်ပါဘူး။ သမ္မတနဲ့ ဆက်ဆံတာဖြစ်လို့ ချပြလို့မရပါဘူး။ ပုဂ္ဂိုလ်ကို မနှစ်သက်သည့်တိုင်အောင် သူ့တာဝန်၊ သူ့နေရာကိုတော့ လေးစားမှ ယဉ်ကျေးရာ ရောက်ပါမယ်။)

ဥက္ကဋ္ဌ ဦးခင်မောင်အေးနဲ့အဖွဲ့ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့မှာ ဦးသိန်းစိန်ထံမှ လူလွှတ်ပြီး သတင်း မီဒီယာကောင်စီ(ယာယီ)အတွက် သိန်း ၅၀၀ အလှူငွေ ပေးလာပါတယ်။ ဥက္ကဋ္ဌက ကောင်စီကို လက်ခံသင့်၊ မသင့် မတင်ပြဘဲ သဘောရိုးနဲ့ လှူတာပဲဆိုပြီး သူကလည်း သဘောရိုးနဲ့ လက်ခံလိုက်ပါတယ်။ ပြီးတော့ ယာယီကောင်စီအစည်းအဝေးမှာ အမြန်ဆုံးအသိပေးပါတယ်။ (ဦးခင်မောင်အေး မရိုးသားလျှင် ဒီငွေတွေကောင်စီငွေစာရင်းထဲ ဝင်မှာမဟုတ်ပါဘူး။ သူတစ်ဦးတည်း သို့မဟုတ် လူအနည်းငယ်နဲ့ ကျိတ်ပြီး စာရင်းဖျောက်လို့ရပါတယ်။) ဦးသိန်းစိန်လှူတဲ့ အလှူငွေလက်ခံမိတဲ့အတွက် ယာယီကောင်စီဟာ အကြီးအကျယ်ဝေဖန်ခံရပါတယ်။ သွားပါပြီ။ နဂိုကမှ လွတ်လပ်မှုရှိမှာ မဟုတ်ဘူးလို့ သံသယရှိနေတဲ့အထဲမှာ အခုတော့ ဦးသိန်းစိန် ဩဇာမကင်းတာ သေချာပြီဆိုတဲ့သဘော ပြောလာကြတယ်။

လူတွေ စဉ်းစားပုံဟာ အံ့ဩစရာပဲ။ သူ့ထောက်ပံ့ငွေလက်ခံသုံးစွဲရင် သူ့ဩဇာခံဖြစ်တာပေါ့တဲ့။ အတော်ရိုးရှင်းတဲ့အတွေးပဲ။ ကျောက်ခေတ်လူသားတောင် ဒီလိုရိုးရိုးလေး မတွေးပေဘူး။

ကဲ ဒီလိုဆိုရင် ဒီလိုလည်း စဉ်းစားကြပါဦးလို့ ခုမှပဲပြောပါရစေ။ ကျွန်တော်တို့နိုင်ငံမှာ ပြည်ပအကူအညီနဲ့ စခန်းသွားနေတဲ့ NGO တွေ အများကြီးရှိတယ်။ အားလုံး ပြည်ပဩဇာခံတွေချည်းပဲလား။ ပြည်ပအထောက်အပံ့နဲ့ လုပ်ကိုင်ခဲ့တဲ့ သို့မဟုတ် လုပ်ကိုင်နေဆဲ သတင်းမီဒီယာအဖွဲ့အစည်းတွေလည်းရှိတာပဲ။ အဲဒါတွေကကော ပြည်ပ လက်ကိုင်တုတ်တွေပဲလား။ ယာယီကောင်စီမှာရော အခု လက်ရှိကောင်စီမှာပါ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်တချို့ဟာ ပြည်ပသတင်းဌာနတွေအတွက် လုပ်ကိုင်နေသူတွေ ပါဝင်တယ်။ ဒါကသူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်။ သူ့အလုပ်အပေါ်မှာ သစ္စာရှိရမှာဖြစ်ပေမယ့် သူ့အလုပ်ရှင်ရဲ့ကိစ္စ၊ သဘောဆန္ဒကို သတင်းမီဒီယာကောင်စီထဲကို ယူလာခွင့်မရှိပါဘူး။ ယူလာတဲ့ သံသယရှိဖွယ်ကောင်စီဝင် ကျွန်တော် မတွေ့ခဲ့ရပါဘူး။

ယာယီကောင်စီမှာရော အခုကောင်စီမှာပါ ကောင်စီဝင်အတော်များများဟာ အယ်ဒီတာချုပ်ကြီးတွေ၊ သတင်းမီဒီယာပိုင်ရှင်တွေ ဖြစ်နေပါတယ်။ The Voice ဦးကျော်မင်းဆွေဟာ ယာယီကောင်စီအတွင်းရေးမှူးပါ။ သို့သော်လည်း ကောင်စီထဲမှာ The Voice ရဲ့ အကျိုးစီးပွားဘာမှပြောခွင့်မရှိ၊ ပြောလည်းမပြောခဲ့ပါဘူး။ Eleven မှာ တာဝန်ကြီးကြီးယူထားတဲ့ ဒေါက်တာသိန်းမြင့်၊ 7 Day CEO ဦးသောင်းစုငြိမ်းတို့လည်း ပါဝင်တာပဲ။ သူတို့လည်း ယာယီကောင်စီကိစ္စမှာ အများကြီးလုပ်ကိုင်ပေးပါတယ်။ ဒါပေမယ့် ယာယီကောင်စီအပေါ် သူတို့ ဩဇာမပေးပါဘူး။ (လုပ်ဖော်ကိုင်ဖက်အချို့ကို အမည်ထည့်ရေးတာက ပေါ်လွင်စေချင်လို့ပါ။ အားလုံးကို ထည့်မရေးတာက များလွန်းသွားမှာစိုးလို့ပါ။ နားလည်ပေးကြပါ။)

ဒီနေ့ခေတ်မှာ ဘီ(လ်)ဂိတ်ရဲ့ အထောက်အပံ့ယူတဲ့ သိပ္ပံသုတေသနဌာနကြီးတွေရှိတယ်။ ဘီ(လ်)ဂိတ်ခိုင်းတာလုပ်နေသူတွေမဟုတ်။ သူတို့ ကျွမ်းကျင်ရာ၊ အားသန်ရာ အလုပ်တွေလုပ်နေကြတာပါ။ သူတို့အလုပ်ဟာ ကမ္ဘာကို ကောင်းကျိုးပြုနိုင်လောက်တယ်လို့မြင်ပြီး စေတနာရှင် ဘီ(လ်)ဂိတ်က လှူတာပါ။ အလားတူပဲ လူမှုရေးအဖွဲ့အစည်းတွေကို ဘီ(လ်)ဂိတ်က လှူတယ်။ ငါ့မှာရှိတဲ့ ဥစ္စာတွေ ငါအကုန်မသုံးနိုင်ဘူး။ ကုသိုလ်ပြုမယ်။ ထိုက်ထိုက်တန်တန် အဖွဲ့အစည်းတွေကတစ်ဆင့် လှူမယ်ဆိုတဲ့ စေတနာနဲ့ လှူတာပါ။ မာ့(ခ်)ဇူကာဘတ်ကလည်း လှူနေတယ်၊ ဆက်ပြီးလှူဦးမယ်တဲ့။ ဒီလူတွေဟာ ကမ္ဘာကြီးကို ငါ့ဩဇာခံဖြစ်အောင် လုပ်လိုက်မယ်ဆိုတဲ့ စိတ်မရှိပါဘူး။

လှူဒါန်းရာမှာ သဘောမရိုးသူ မရှိဘူးလို့ ကျွန်တော်မပြောပါ။ စေတနာမသန့်တဲ့ အလှူရှင်တွေရှိတဲ့အကြောင်း အများသိပြီးပြီပဲ။

သမ္မတဦးသိန်းစိန်က သတင်းမီဒီယာကောင်စီ(ယာယီ)ကို လှူတဲ့ငွေ သိန်း ၅၀၀ ကိစ္စမှာတော့ ယာယီကောင်စီဝင်အားလုံးက စိတ်သန့်တယ်။ သမ္မတဦးသိန်းစိန်နဲ့ ဘာမှအပေးအယူမရှိခဲ့ဘူး။ အားလုံးရှင်းတယ်။

**ကောင်စီကလွတ်လပ်ရဲ့လား**

သတင်းမီဒီယာဥပဒေကို သေသေချာချာ ဖတ်စေချင်ပါတယ်။ သတင်းမီဒီယာဥပဒေပါ။ သတင်းမီဒီယာကောင်စီဥပဒေ မဟုတ်ပါဘူး။ ဥပဒေပုဒ်မ(၃) ပုဒ်မခွဲ(ဂ)မှာ **"သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့် အပြည့်အဝရရှိစေရန်"** ဥပဒေ၏ ရည်ရွယ်ချက်အတိအလင်း ဖော်ပြထားပါတယ်။

အခန်း(၃)မှာ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ သတ်မှတ်ပေးထားပါတယ်။ အခန်း(၄)ကတော့ **"သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ"** သတ်မှတ်ထားပါတယ်။ မူပိုင်ခွင့်နှင့် လွတ်လပ်ခွင့်အပြည့်အဝကိုသာလိုချင်ပြီး တာဝန်နှင့် ကျင့်ဝတ်ကို မလိုချင်လို့တော့ မဖြစ်နိုင်ဘူး။ လောကကိုစောင့်ရှောက်တဲ့ လောကပါလတရားတစ်ခုလို့ ပြောစရာက "အခွင့်အရေးနှင့် တာဝန်နှင့် ကျင့်ဝတ်ဒွန်တွဲမှု" ဖြစ်ပါတယ်။

သတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်းကို အခန်း(၆)မှာ ဖော်ပြထားပါတယ်။ ကောင်စီဖွဲ့စည်းခြင်းဟာ သတင်းမီဒီယာဥပဒေရဲ့ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေက ရည်ရွယ်တဲ့ "ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်"အတွက် လက်တွေ့ဖော်ဆောင်ပေးဖို့ ကောင်စီကိုဖွဲ့စည်းပြီး ဥပဒေက တာဝန်ပေးအပ်တာ ဖြစ်ပါတယ်။

**ဥပဒေအရ လွတ်လပ်တယ်**

"သတင်းမီဒီယာ ဥပဒေပုဒ်မ ၁၂။ ကောင်စီသည် စာနယ်ဇင်းသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်"လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဘယ်သူတစ်ဦးတစ်ယောက်မျှ ကောင်စီအပေါ် ဩဇာပေးခွင့်၊ လမ်းညွှန်ခွင့်မရှိပါဘူး။ ဒါက ဥပဒေအရ လွတ်လပ်ခွင့်ပါ။

**လက်တွေ့ကော လွတ်လပ်ရဲ့လား**

ပွင့်ပွင့်လင်းလင်းပြောရမယ့်နေရာ ရောက်လာပါပြီ။ မလွတ်လပ်ဘူးလို့ ပြောသူတွေ သတင်းမီဒီယာသမားများထဲမှ များပါတယ်။ ဒါပေမယ့် သာမန်ပြည်သူ ကျွန်တော့်ရဲ့ မိတ်ဆွေထဲမှာလည်း ပါဝင်နေပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေကတော့ အာဏာရှင်ခေတ်က မကျေနပ်စရာတွေ အစွဲကို ဆက်လက်စွဲကိုင်ပြီး ပြောင်းလဲနေပြီဖြစ်တဲ့ခေတ်အတွက် ကျွန်တော်ဝင်လုပ်နေတာကို မသိနိုင်၊ မမြင်နိုင်ဖြစ်သူပါ။ ထားပါတော့ သတင်းမီဒီယာကောင်စီ မလွတ်လပ်ဘူးပြောဆိုသူတွေထဲမှာ သတင်းမီဒီယာကောင်စီဝင်တချို့(တစ်ယောက်စ၊ နှစ်ယောက်စ)တောင် ပါဝင်နေတာ အံ့ဩစရာကောင်းပါတယ်။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောနေတာပါ။

မလွတ်လပ်ဘူးလို့ ပြောစရာ ထောက်ပြနေကြတာက သမ္မတခန့်တဲ့ ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများက ခန့်တဲ့(အဆိုပြုတဲ့) ကိုယ်စားလှယ်တွေပါဝင်တဲ့ အချက်ဖြစ်ပါတယ်။ သမ္မတလူပါတဲ့အတွက် ကောင်စီအပေါ် သမ္မတ ဩဇာလွှမ်းတယ်။ တွေးတောပုံက သိပ်ရိုးရှင်းသကိုး။

ယခုလက်ရှိကောင်စီမှာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးနေတဲ့ ဦးဟန်ညွန့်(ဥပဒေ)ဟာ သမ္မတဦးသိန်းစိန် အဆိုပြုလို့ ကောင်စီဝင်ဖြစ်နေသူပါ။ သူနဲ့ ကျွန်တော် မကြာခဏ ပြောမိပါတယ်။ ဦးသိန်းစိန်ခန့်လို့ ဦးဟန်ညွန့်ဟာ ဦးသိန်းစိန်ရဲ့ ဩဇာခံသူမဟုတ်ပါဘူး။ ယခုသမ္မတ ဦးထင်ကျော်ရဲ့ ဩဇာခံလည်း မဟုတ်ပါဘူး။ ဦးသိန်းစိန်ခန့်ခဲ့သူဆိုပြီး ဦးထင်ကျော်က ဖြုတ်လို့၊ လူသစ်လဲလို့လည်း မရပါဘူး။ ကောင်စီသက်တမ်းသုံးနှစ်စေ့မှပဲ ဦးဟန်ညွန့်ကောင်စီဝင်အဖြစ်မှ ရပ်စဲပါလိမ့်မယ်။ ဦးဟန်ညွန့်(ဥပဒေ)ဆိုတဲ့ ကလောင်နာမည်ခံယူထားသူဟာ ဥပဒေကို သစ္စာခံသူသာ ဖြစ်ပါတယ်။ ခန့်အပ်တာဝန်ပေးနိုင်တဲ့ အခွင့်အာဏာနဲ့ ဩဇာပေးအမိန့်ပေးနိုင်တဲ့ အခွင့်အာဏာ ဒွန်မတွဲဘူးဆိုတာကို ပညာတတ်သူများ သတိမပြုမိကြတာများပါတယ်။

စိတ်ပျက်စရာပါပဲ။ ဥပမာပေးပါမယ်။ မြန်မာနိုင်ငံမှာ မြို့နယ်၊ ခရိုင်စတဲ့ တရားသူကြီးတွေကို ခန့်အပ်ပိုင်ခွင့်ရှိသူက ခန့်ထားပါတယ်။ ဒါပေမယ့် အမှုတစ်မှုကို မင်းဘယ်လိုစီရင်လိုက်လို့ ခန့်အပ်သူ သို့မဟုတ် အထက်အရာရှိက အမိန့်ပေးပိုင်ခွင့်မရှိပါဘူး။ ဩဇာပေးလာလျှင် ရုံးတော်မထီမဲ့မြင်မှု၊ တာဝန်နှောင့်ယှက်မှုစတဲ့ ဥပဒေတွေနဲ့ ငြိစွန်းပြီး ထောင်ကျကိန်းရှိပါတယ်။ ဘယ်နိုင်ငံဖြစ်ဖြစ် ဒီအတိုင်းပါပဲ။ အမေရိကန်တရားရုံးချုပ်မှာ တရားသူကြီး လစ်လပ်လျှင် သမ္မတ (အိုဘားမား၊ ထရန့် စသည်)က ခန့်အပ်ပါတယ်။ ခန့်ပြီးလျှင် ဖြုတ်ပစ်ခွင့်မရှိ၊ ဩဇာပေးခွင့်မရှိ။ ဥပဒေအရ ဆိုင်ရာအဖွဲ့အစည်းက အပြစ်ရှိလို့ အရေးယူနိုင်တာတော့ရှိတယ်။

ဒီထက်ပြောချင်တာရှိပါတယ်။ လက်ရှိကောင်စီထဲမှာ ဟံသာဝတီဦးအုန်းကြိုင် ပါဝင်ပါတယ်။ သူ့အသက်(၉၀)ပြည့်ပြီးပြီ။ သူဟာ မဲပေးရွေးချယ်ခံရလို့ သူကိုယ်တိုင်က ယှဉ်ပြိုင်ရွေးကောက်ခံချင်ပါတယ် ဆန္ဒပြုလို့ မဲနဲ့ တက်လာသူဖြစ်ပါတယ်။ အဲဒီရွေးချယ်ပွဲကို ကျွန်တော် တက်ရောက်ခဲ့တယ်။ ရွေးချယ်တင်မြှောက်ရေးအဖွဲ့(ဥက္ကဋ္ဌ ဦးမော်သန်း၊ ယခု ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အဖွဲ့)ကလည်း ဥပဒေနှင့်အညီ မြင်သာထင်သာ ရွေးကောက်ပွဲလုပ်ပေးခဲ့တယ်။ ရွေးကောက်ပွဲဝင်စဉ်က ဦးအုန်းကြိုင်ဟာ အသက်(၈၈)နှစ်၊ မီဒီယာအကျိုး၊ တိုင်းကျိုးပြည်ကျိုး ဆောင်လိုက်ဦးမယ်ဆိုတဲ့ စေတနာဗရပွနှင့် အသက် ၄၀-၅၀ လူရွယ်တွေနဲ့ ယှဉ်ပြိုင်ခဲ့သူပါ။ ဒီလူကြီးဟာ ဘယ်သူ့ရဲ့ ဩဇာခံသူလဲ၊ ပြောရဲသူရှိပါသလား။ ကောင်စီဝင်ဖြစ်ခဲ့တဲ့ ယခုပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်(ဆရာဖေမြင့်)ဟာ အလွန်လွတ်လပ်သူဖြစ်ပါတယ်။ ယာယီကောင်စီမှာ လက်တွဲခဲ့ရလို့ သူ့ရဲ့ လွတ်လပ်သူအဖြစ်ကို ယုံကြည်ပါတယ်။

ဒီတော့ မလွတ်လပ်တဲ့ ကောင်စီဝင်ပါသလား။ လုံးဝမပါဘူး ကျွန်တော်မပြောရဲပါ။ အဖွဲ့အစည်းတွေ ကိုယ်စားပြုသူ အသီးသီးပါဝင်ပါတယ်။ သူတို့ဟာ မိမိကို ကောင်စီဝင်အဖြစ်တင်သွင်းတဲ့ ကိုယ့်ရဲ့နောက်ခံအဖွဲ့အစည်းကို ကိုယ်စားပြုသော်လည်း ကောင်စီဝင်ရဲ့ တာဝန်နဲ့ အဖွဲ့အစည်းရဲ့ ဩဇာကို စည်းခြားရပါလိမ့်မယ်။ စည်းမခြားတဲ့ ကောင်စီဝင် အလွန်၊ အလွန်(အလွန်)နည်းပါလိမ့်မယ်။ မိမိကိုတင်မြှောက်တဲ့ အဖွဲ့အစည်းရဲ့ ရပ်တည်ချက်နဲ့ ကောင်စီဝင်တာဝန်ကို စည်းခြားရကောင်းမှန်းမသိလျှင်တော့ ဒါအသိပညာ ကိစ္စသာဖြစ်ပါတယ်။ အဖွဲ့အစည်းများမှာ ဒီမိုကရေစီစနစ်မှာ အစဉ်အလာရှိပါတယ်။ အဖွဲ့အစည်းတစ်ခုရဲ့ ကိုယ်စားလှယ်အဖြစ် တခြားအဖွဲ့အစည်းတစ်ခုမှာ မိမိပါဝင်တယ်။ အဲဒီနှစ်ခု မူဝါဒမတူ၊ ရည်ရွယ်ချက်မတူ (အကျိုးစီးပွားဖီလာမှု- Clash of interests) ဖြစ်လာလျှင် နုတ်ထွက်ပေးတဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာကောင်စီဟာ မလွတ်လပ်ဘူးလို့ ထင်မြင်တဲ့ ကောင်စီဝင်ရှိလျှင် ထိုပုဂ္ဂိုလ်သည် မိမိ၏ သိက္ခာရှင်းစေဖို့ မလွတ်လပ်သောကောင်စီတွင် ကောင်စီဝင်အဖြစ် မနေအပ်၊ နုတ်ထွက်အပ်၏လို့ပဲ ပြောချင်ပါတယ်။

**ကတိသစ္စာကိစ္စ**

မသိနားလည်မှုကို အခြေခံတဲ့ ဝေဖန်ချက်တစ်ခုရှိပါသေးတယ်။ နည်းဥပဒေအရ ကောင်စီဝင်များအနေဖြင့် နိုင်ငံတော်သမ္မတရှေ့မှောက်မှာ ကတိသစ္စာဆိုရပါတယ်။ ကတိသစ္စာဆိုပြီးမှ ကောင်စီဝင်ဖြစ်ပါတယ်။ လက်ရှိကောင်စီဝင်များက ၁၃-၁၂-၂၀၁၅ ရက်နေ့မှာ သမ္မတဦးသိန်းစိန်၏ရှေ့မှောက်မှာ ကတိသစ္စာဆိုခဲ့ပါတယ်။

မသိနားမလည်သူ၊ မလိုတမာပြောလိုသူတွေ "ဟော သတင်းမီဒီယာကောင်စီဝင် ဝင်တဲ့၊ ဦးသိန်းစိန်ရဲ့ သစ္စာခံကြရပြီ"တဲ့။

တကယ်က သမ္မတဦးသိန်းစိန်ဟာ နိုင်ငံကိုယ်စားပြုတဲ့ အသိသက်သေမျှသာဖြစ်ပါတယ်။ သတင်းမီဒီယာကောင်စီဝင်ရဲ့ ကတိသစ္စာမှာ ဦးသိန်းစိန်အမည်မပါ။ သမ္မတစကားလုံးမပါ။ ဒါကြောင့် ဦးသိန်းစိန်ထံ သစ္စာခံတာမဟုတ်။ သမ္မတထံ သစ္စာခံတာမဟုတ်။ ကောင်စီဝင်များ ကတိသစ္စာဆိုဖို့ ကတိသစ္စာစာတမ်းကို ယာယီကောင်စီက ရေးသားတာပါ။ မူကြမ်းသုံးခုရေးပြီး တစ်ခုကို ရွေးခဲ့ပါတယ်။ အဲဒီကတိသစ္စာက-

**ကတိသစ္စာပြုချက်**

ကျွန်ုပ်---- သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေ၍ နိုင်ငံတော်၏ ဥပဒေများကိုလည်း လေးစားလိုက်နာပါမည်။ ကျွန်ုပ်---- သည် သတင်းမီဒီယာကောင်စီဝင်အဖြစ် ရွေးချယ်ခံရပြီးဖြစ်၍ နိုင်ငံတော်၌ သတင်းမီဒီယာ လွတ်လပ်ခွင့်ပြည့်ဝရေး၊ သတင်းမီဒီယာ အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ သတင်းမီဒီယာကျင့်ဝတ်ကို စောင့်ထိန်း၍ တာဝန်ယူမှုရှိသော စာနယ်ဇင်း ထွန်းကားရေးတို့အတွက် မမှိတ်မသုန် ကြိုးပမ်းအားထုတ်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါ၏။

အထက်ပါကတိသစ္စာကို သေသေချာချာ ဖတ်စေလိုပါသည်။ သေသေချာချာဖတ်မှ သတင်းမီဒီယာကောင်စီ ဘယ်သူ့အပေါ် သစ္စာခံသည် ပေါ်လွင်ပါမည်။

*(ဆက်ပါဦးမည်)*

**မလွတ်လပ်တဲ့ ကောင်စီဝင်ပါသလား။ လုံးဝမပါဘူး ကျွန်တော်မပြောရဲပါ။ အဖွဲ့အစည်းတွေ ကိုယ်စားပြုသူ အသီးသီးပါဝင်ပါတယ်။ သူတို့ဟာ မိမိကို ကောင်စီဝင်အဖြစ်တင်သွင်းတဲ့ ကိုယ့်ရဲ့နောက်ခံအဖွဲ့အစည်းကို ကိုယ်စားပြုသော်လည်း ကောင်စီဝင်ရဲ့ တာဝန်နဲ့ အဖွဲ့အစည်းရဲ့ ဩဇာကို စည်းခြားရပါလိမ့်မယ်။**

# နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ထိုင်းနိုင်ငံရှိ Hemaraj Eastern Seaboard Industrial Estateရှိ Waste Management Siam Ltd. (WMS) သို့ သွားရောက်လေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နှင့်အဖွဲ့သည် စက်ရုံများကို လေ့လာကြည့်ရှုရန်နှင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆိုင်ရာ ကိစ္စများဆွေးနွေးရန် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Uttama Savanayana Ph.D. ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ သွားရောက်လေ့လာတွေ့ဆုံမှုများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၉ ရက်တွင် လျှပ်စစ်ဝိုင်ယာအမျိုးမျိုးနှင့် Underground Cable အမျိုးမျိုး ထုတ်လုပ်လျက်ရှိသည့် Phelps Dodge International (Thailand) Ltd.၏ Cable စက်ရုံသို့လည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် SCG Cement Building Material စက်ရုံကုန်ကြမ်းများ ဖြစ်သည့် ထုံးကျောက်နှင့် ဂျစ်(ပ်)ဆင် ကျောက်များအား Semi-open Pit Mining စနစ်ဖြင့် ထုတ်လုပ်သည့် လုပ်ငန်းခွင်သို့လည်းကောင်း၊ စက်ရုံဧရိယာအတွင်းရှိ ၅၀ MW Solar Farm တို့ကိုလည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် Bang-Pa-In, Ayutthaya province ရှိ Sunny Bangchak Solar Farm သို့ ရောက်ရှိပြီး Inverter နှင့် Controller များအား ဗဟိုထိန်းချုပ်ခန်းမှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။ မွန်းလွဲပိုင်းတွင်Bangpoo Industrial Estate ရှိ Akkhie Prakarn Public Company Limited မှ စီမံဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်း စွန့်ပစ်သန့်စင်ဗဟိုဌာနသို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းသုံး အညစ်အကြေးများကို သယ်ယူစုစည်းမှုစနစ်၊ လက်ခံစုစည်းမှုစနစ်၊ မီးရှို့ဖျက်ဆီးမှုစနစ်၊ ထွက်ပေါ်လာသည့် အခိုးအငွေ့များအား ပြန်လည်သန့်စင်သည့် စနစ်များကို လည်းကောင်း၊ Thailand Automotive Institute တွင် Electric Vehicle (EV) များကို စံသတ်မှတ်နိုင်ရေး လေ့လာဆောင်ရွက်နေမှု၊ မော်တော်ဆိုင်ကယ်နှင့် ဓာတ်ဆီ/ဒီဇယ်ဆီသုံး(Light Duty) ကားများမှ ပတ်ဝန်းကျင်ထိခိုက်စေသည့် ဓာတ်ငွေ့ထွက်ရှိမှုကိုစစ်ဆေး၍ စံသတ်မှတ်ခြင်းနှင့် မော်တော်ယာဉ်တာယာများအား စစ်ဆေး၍ စံသတ်မှတ်ခြင်း စသည့်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ဩဂုတ် ၂၂ ရက်တွင်Hemaraj Eastern Seaboard Industrial Estate ရှိ Waste Management Siam Ltd. က ဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများအား စနစ်တကျထိန်းချုပ်စွန့်ပစ်မှု ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စက်မှုဇုန်အတွင်းရှိ ရေဆိုးသန့်စင်မှုစနစ်များကိုလည်းကောင်း၊ Samrongnua District ရှိ Recycle Engineering Co., Ltd. က စက်မှုလုပ်ငန်းသုံး ဓာတုအညစ်အကြေးများ၊ သက်တမ်းလွန်ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးစွန့်ပစ်ပစ္စည်းများ၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများစသည်တို့ကို ပြန်လည်သန့်စင်ပြီး အသုံးပြုနိုင်သည်အထိ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ AMATA Nakorn Industrial Estate ရှိ AMATA Water နှင့် TESCO AQUA တို့ပူးပေါင်း အကောင်အထည်ဖော်ထားသည့် Wastewater Reclamation Plant ၏ လုပ်ငန်းဆောင်ရွက်မှုစနစ်များကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ထို့နောက် Thai-Myanmar Business Council and Business Matching Unit တို့ဦးဆောင်၍ Gateway to Myanmar Investment and State Enterprise Partnership ခေါင်းစဉ်ဖြင့် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ စက်မှုကဏ္ဍနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် The Thai Industrial Standards Institute သို့ သွားရောက်လေ့လာသည်။

ထို့နောက် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး Dr. Uttama Savanayana နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စများကို လည်းကောင်း၊ SMEs ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ဖိုးနည်းအိမ်ရာများမှ အခန်းပေါင်း ၅၈၀ အား စက်တင်ဘာ ပထမပတ်တွင်မဲနှိုက်မည်

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ပြီးစီးသည့် ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်း အပိုင်း(၁)၊(၂)၊ ကနောင်နှင့် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းများရှိ တိုက်ခန်းများမှ အခန်းပေါင်း ၅၈၀ ကို စက်တင်ဘာ ၂ ရက်နှင့် ၄ ရက်တို့တွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ နံနက် ၉ နာရီခွဲမှ စတင်ကာ မဲနှိုက်ပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။



စက်တင်ဘာ ၂ ရက်တွင် ကနောင် တန်ဖိုးနည်းအိမ်ရာ လျှောက်ထားသူ ၅၉ ဦး၊ ပထမတစ်ကြိမ် ယုဇန တန်ဖိုးနည်းအိမ်ရာ လျှောက်ထားစဉ် ကျန်နေခဲ့သည့် ဦးစားပေး လျှောက်လွှာရှင် ၉၅ ဦးနှင့် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာလျှောက်ထားသူ ၁၂၅ ဦးတို့အား လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ဇူလိုင် ၃၁ ရက်အထိ ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်း (၁)၊(၂)ကို လျှောက်ထားသူများထဲမှ ၃၀၁ ဦးတို့အား လည်းကောင်း မဲနှိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘယ်အခန်းရလဲဆိုတာကို မဲနှိုက်တာပါ။ ဒါကိုနှိုက်ရမှာ။ တကယ် ရောင်းပေး နိုင်တဲ့အခန်းက ၉၉၁ ခန်းရှိတယ်။ ဒါပေမယ့် ဝယ်ချင် လို့ ဆန္ဒပြုတဲ့သူတွေ လျှောက်လွှာ မပြည့်မီတဲ့အတွက် ၅၈၀ ပဲ မဲနှိုက်မှာပါ။ ရွှေလင်ပန်းဆိုရင် အခန်းလွတ်က ၃၉၈ ခန်းရှိတယ်။ ဝယ်ချင်သူက ၁၂၅ ဦးပဲ အဆိုပြုတယ်။ ကနောင်မှာဆိုရင် ၂၉၂ ခန်းရှိတယ်။ ဆန္ဒပြုတဲ့သူက ၅၉ ဦးပဲရှိတယ်။ ရမှာ သေချာကြတယ်။ ယုဇနတစ်ခုပဲ ၆၃၈ ဦး အဆိုပြုတယ်။ ဌာနက ၃၀၁ ခန်းပဲ ရောင်းပေးနိုင်တယ်။ စီနီယာအရ ဘဏ်မှာ ၃၀ ရာခိုင်နှုန်းပြည့်တဲ့ ၃၀၁ ဦးကိုပဲ ပြန်အကြောင်းကြားပေးမယ်" ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်လှစ်ထားသူများအနက် ဇွန် ၃၀ ရက်တွင် ဘဏ်၌ စုဆောင်းငွေ သိန်း ၃၀ ပြည့်မီသူ ၃၀၃၉ ဦးရှိကာ လျှောက်လွှာတင်သွင်းသူ ၁၀၀၄ ဦးရှိသည့် အနက် အခန်းပေးနိုင်မှုအခြေအနေနှင့် ဘဏ်မှစီနီယာအလိုက် စိစစ်ရွေးချယ်မှုအပေါ်မူတည်ပြီး ယုဇန တန်ဖိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း (၁)နှင့် (၂)တွင် ၆၃၈ ဦး၊ ကနောင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် ၅၉ ဦး၊ရွှေလင်ပန်းအိမ်ရာ စီမံကိန်းတွင် ၁၂၅ ဦး စုစုပေါင်း ၈၂၂ ဦးတို့အား မဲနှိုက်ရန် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တိုက်ခန်းပေါင်း ၅၈၀ ကို မဲနှိုက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"တကယ်လို့ မဲပေါက်သွားတဲ့အခန်းကို မကြိုက်သေးဘူးဆိုရင် ဒုတိယအကြိမ် ပြန်ပြီးအခွင့်အရေး ပေးမယ်။ ပြန်လျှောက်ပါ။ နှစ်ကြိမ် မဲနှိုက်ခွင့်ပေးမယ်။ မဲနှိုက်ရမယ့် လူစာရင်းကို ဒီဌာနက ဝက်ဘ်ဆိုက်တွေမှာ တင်ထားမယ်။ သတင်းစာကလည်း ကြေညာသွားမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းငွေ ၃၀ ရာခိုင်နှုန်းပြည့်မီပြီး တန်ဖိုးနည်းအိမ်ရာများမှ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို အိမ်ရာဖွံ့ဖြိုးရေးဘဏ် နှစ်ရှည်အရစ်ကျဆပ်ချေးငွေဖြင့် ဝယ်ယူခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာများသည် အကျယ်အဝန်းအားဖြင့် တစ်ခန်းလျှင် စတုရန်းပေ ၄၆၈ ပေရှိ ခြောက်ခန်းတွဲ လေးထပ်၊ စတုရန်းပေ ၅၂၂ ပေရှိ ရှစ်ခန်းတွဲ လေးထပ် အဆောက်အအုံများဖြစ်ပြီး တိုက်ခန်းများမှာ တန်ဖိုးအားဖြင့် အနိမ့်ဆုံး ငွေကျပ် ၉၈ သိန်းမှ အမြင့်ဆုံး သိန်း ၁၂၀ ကျော်အထိရှိကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-မောင်မောင်**

# အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းနှင့် နှောင်းစာရင်း စစ်ဆေးခြင်းဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၆**

WTO Valuation Agreement အကောက်ခွန် တန်ဖိုးသတ်မှတ်ခြင်းနှင့် နှောင်းစာရင်း စစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရန်ကုန်၌ ကျင်းပခဲ့သည်။

အကောက်ခွန်ဦးစီးဌာနက စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် WTO Valuation Agreement နှင့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်ပစ္စည်းတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများ၊ စိတ်ပါဝင်စားသူများ သိရှိနားလည်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

"ဒီစနစ်ကို ကျင့်သုံးဖို့ WTO Valuation Agreement ကို အခြေခံရမှာဖြစ်ပါတယ်။ WTO Valuation Agreement ကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ဖို့ WTO အဖွဲ့ဝင်နိုင်ငံတွေဟာ ၁၉၈၆ ခုနှစ်ကနေ ၁၉၉၄ ခုနှစ်အထိ ဆွေးနွေးပွဲတွေ များစွာကျင်းပခဲ့ရပြီး ၁၉၉၄ ခုနှစ်မှာ အပြီးသတ် နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဲဒီသဘောတူညီချက်ကို ၁၉၉၅ ခုနှစ်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ WTO Valuation စနစ်ကိုကျင့်သုံးခြင်းဖြင့် တစ်သမတ်တည်းသော တန်ဖိုးသတ်မှတ်ရေးအခြေခံကို ရရှိမှာဖြစ်ပြီး စိတ်ကူးနဲ့တန်ဖိုးသတ်မှတ်တဲ့စနစ်ကိုလည်း ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ (၁၀၉) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ Revised Kyoto Convention ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်နေပြီး အကောက်ခွန်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အကောက်ခွန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ် ၁၄ ရပ်တွင် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်မှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ကိုယ်စားလှယ်များ၊ JICA Long Term Experts များ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီများ၊ အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဝ၁)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး Electronic Toll Collection (ETC) System ဖွင့်ပွဲနှင့် ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း ၁၆ မိုင်နှင့် ၇၆ မိုင် Mini Rest Camp ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး Electronic Toll Collection (ETC) System၊ ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း ၁၆ မိုင်နှင့် ၇၆ မိုင် Mini Rest Camp ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်း Electronic Toll Collection (ETC) System ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၂၀၁/၂) (စီလမ်းဆုံ)၌ နံနက် ၈ နာရီတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Lunch Ball ထိ၍ LED Board ဖြင့် Electronic Toll Collection (ETC) System ကို ဖွင့်လှစ်သည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်း ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း (၁၆)မိုင် ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်(၁၇၂/၆)၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များဖြင့် ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် တတိယပိုင်း ၇၆ မိုင် Mini Rest Camp ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၇၆)၌ ကျင်းပသည်။

၇၆ မိုင် Mini Rest Camp ဆိုင်းဘုတ်အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ နိုင်သက်လွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်-မန္တလေးအမြန်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီသည့် လမ်းမကြီးဖြစ်ရေး၊ ပြည်သူများလိုရာခရီးကို ချောချောမွေ့မွေ့ မြန်မြန်ဆန်ဆန်ရောက်ရှိအောင် အကျိုးရှိရှိအသုံးပြုနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးတို့အတွက် ယနေ့ Electronic Toll Collection (ETC) System၊ လမ်းအဆင့်မြှင့်တင်ခြင်း ပြီးစီးသည့် ၁၆ မိုင်နှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာနားနေနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၇၆ မိုင် Mini Rest Camp တို့ကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံမှ အစပြုပြီး ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့အား ဖြတ်သန်းကာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်း လမ်းဆုံအထိ စုစုပေါင်း ၃၆၆ မိုင် ၃ ဖာလုံရှည်လျားပြီး လမ်းအကျယ် တစ်ဖက် နှစ်လမ်းသွားနှင့် စုစုပေါင်း လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးဖြစ်ပါကြောင်း၊ အမြန်လမ်းမကြီးသည် စီးပွားရေးမြို့တော် ရန်ကုန်မြို့၊ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်နှင့် မြန်မာပြည်အထက်ပိုင်း ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့သို့ အချိန်တိုအတွင်း လျင်မြန်စွာသွားလာနိုင်သော လမ်းတစ်လမ်းလည်းဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ တိုးဂိတ်ကြီး ခြောက်ခုနှင့် မီနီဂိတ် ၁၁ ဂိတ်ကို ၂၀၀၉ ခုနှစ်မှစ၍ လမ်းအသုံးပြုခကောက်ခံရေးစခန်းအား Pre-paid ဝန်ဆောင်မှုနှင့် Cash Pay စနစ်သုံး ကွန်ပျူတာဆက်စပ်ပစ္စည်းများဖြင့် ကောက်ခံဆောင်ရွက်လျက်ရှိရာ Pre-paid ဝန်ဆောင်မှုစနစ် ချွတ်ယွင်းပျက်စီးမှုကြောင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစပြီး ဖျက်သိမ်းကာ လက်ရှိ Cash Pay စနစ်ဖြင့်သာ ကောက်ခံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည့်အတွက် Electronic Toll Collection System ကို အသုံးပြုရန် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုအသုံးပြုသည့် စနစ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကိုယ်ပိုင်စနစ်အဖြစ် M.ez Go ETC System ကို အသုံးပြုထားခြင်းဖြစ်ပါကြောင်း၊ ETC System အသုံးပြုခြင်းအားဖြင့် အမြန်လမ်းပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုနေကြသည့် မော်တော်ယာဉ်များသည် တိုးဂိတ်များတွင် လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ခြင်း၊ ကွန်ပျူတာနည်းပညာစနစ်အား ပြည့်ဝစွာ အသုံးချနိုင်ခြင်း၊ ဝန်ထမ်းအင်အား ချွေတာနိုင်ခြင်း၊ လုံခြုံရေးစနစ်နှင့် ယာဉ်ဖြတ်သန်းမှုမှတ်တမ်းတိကျမှုရှိခြင်း၊ ငွေသားအရေအတွက် များပြားစွာ ကိုင်တွယ်ထိန်းသိမ်းရန် မလိုအပ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါကြောင်း။

အမြန်လမ်းအဆင့်မြှင့်တင်ခြင်းအနေဖြင့် မိုင်တိုင် (၁၅/၀ မှ ၂၀/၀) ထိ ခြောက်မိုင်နှင့် မိုင်တိုင် (၁၆၃/၀ မှ ၁၇၃/၀)ထိ ၁၀ မိုင် စုစုပေါင်း ၁၆ မိုင်ကို ရက် ၁၀၀ စီမံချက်လုပ်ငန်းအဖြစ် လမ်းလယ်ကျွန်းကို Raised Media မှ Depressed Media သို့ ပြောင်းလဲခြင်း၊ ငါးပေအကျယ် Media Shoulder တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းလယ်ကျွန်း RC ရေမြောင်းတည်ဆောက်ခြင်း၊ Manhole နှင့် U Turn များ တည်ဆောက်ခြင်း၊ Road Line ရေးဆွဲခြင်း၊ Guard Rail တပ်ဆင်ခြင်းနှင့် သတ်မှတ် Road Sign များ တပ်ဆင်ခြင်း လုပ်ငန်းများကို ရာသီဥတုအခက်အခဲများကြားမှ အများပြည်သူအကျိုးကို ရှေးရှုကာ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း။

၇၆ မိုင် Mini Rest Camp ဆောင်ရွက်ရခြင်းမှာလည်း အဓိကအားဖြင့် Road Safety ကို ရည်ရွယ်ပြီး အမြန်လမ်းကို အသုံးပြုသွားလာသည့် ခရီးသွားပြည်သူများကို ကောင်းမွန်သည့် ဝန်ဆောင်မှုဌာနမှ ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် M.ez Go ETC System၊ ကတ္တရာကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း၊ ၁၆ မိုင်နှင့် ၇၆ မိုင် Rest Camp တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အခန်းကဏ္ဍအလိုက် ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၏ Vision တွင် နိုင်ငံ၏ GDP တိုးတက်မှုများကို အထောက်အကူဖြစ်စေရန် ပို့ဆောင်ရေးစရိတ်များနှင့် ခရီးသွားကြာမြင့်ချိန်များ လျှော့ချရေးအတွက် အတားအဆီးများ ဖယ်ရှားခြင်းနှင့် တစ်ပြိုင်နက်တည်း လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လမ်းကွန်ရက်များအား အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် မြို့ပြလူနေမှုပုံရိပ်နှင့် လိုက်လျောညီထွေအောင် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး Electronic Toll Collection (ETC) System၊ ကတ္တရာကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း ၁၆ မိုင်နှင့် ၇၆ မိုင် Mini Rest Camp ဖွင့်လှစ်ပေးသည့်အတွက် ပဲခူးတိုင်းဒေသကြီး ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

# ဩစတြေးလျနိုင်ငံ ပါ့သ်မြို့၌ ကျင်းပသည့် လူကုန်ကူးမှုဆိုင်ရာဘာလီလုပ်ငန်းစဉ် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၆**

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ဘာလီလုပ်ငန်းစဉ်ဆိုင်ရာ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ယင်းဖိုရမ်သည် ၂၀၁၆ ခုနှစ်က ပြုလုပ်ခဲ့သည့် (၆) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေး၏ ဘာလီကြေညာချက်နှင့်အညီ လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုနှင့် ဆက်စပ်နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ဘာလီလုပ်ငန်းစဉ်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများနှင့် အပြုသဘော ပထမဆုံးအကြိမ် ထိတွေ့ဆွေးနွေးခြင်းဖြစ်သည်။

ဖိုရမ်သို့ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Hon Julie Bishop MP၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Retno LP Marsudi တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံပေါင်း ၄၀ ကျော်မှ အစိုးရကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသတွင်းမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ခဲ့ကြသည်။



အဆိုပါ ဖိုရမ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် တားဆီးရေး၊ ကာကွယ်ရေးနှင့် တရားစွဲဆိုအရေးယူရေးတို့အပေါ် အလေးထားလျက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် ခေတ်သစ် ကျေးကျွန်ပြုမှု ပြန်လည်ရှင်သန်လာမှုအပေါ် မြန်မာနိုင်ငံအနေဖြင့်လည်း စိုးရိမ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့သည့် အစီအစဉ်ကို ထောက်ခံအားပေးကြောင်းနှင့် ဆိုးရွားလှသည့် လူကုန်ကူးရာဇဝတ်မှုများကို တိုက်ဖျက်ရန် အခြားမိတ်ဖက်နိုင်ငံများနှင့် အတူတကွပူးပေါင်း၍ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုများပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်နှင့်အတူ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Hon Julie Bishop MP က ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် တည်ခင်းဧည့်ခံသည့် New Colombo Plan Alumni Ambassadors Program မိတ်ဆက် နံနက်စာစားပွဲသို့လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ရွှာလယ်လမ်းမပေါ် အရောက်၌ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက ရှေ့နောက် လက်လုပ်ရှော့တိုက် မိုင်းနင်းမိပေါက်ကွဲခဲ့ကြောင်း၊ ကားများ မိုင်းထိမှန်ပြီးနောက် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက လုပ်သေနတ်ဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်မှုများဖြစ်ပွားအပြီး အနီးဝန်းကျင်နေရာများသို့ လိုက်လံရှင်းလင်းရာ ပြောင်းဝကျယ် လုပ်သေနတ် တစ်လက်၊ အနီ၊ အနက် ဝါယာကြိုးနှင့် ဘက်ထရီအိုးသေး တစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း၊ မိုင်းထိမှန်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များစီးလာသည့် Foton ယာဉ်နှစ်စီးမှာ အဲယားကွန်းလေပန်ကာ၊ ဆီတိုင်ကီနှင့် ကလပ်ပိုက်တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက် နံနက် ၆ နာရီတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက မြို့သူကြီးရွာဟောင်းအနီး မောင်တော-ဘူးသီးတောင် ကားလမ်းပေါ်၌ နေအိမ်အတွင်းမှ ကြိုးသွယ်တန်းထားပြီး မိုင်းနှစ်လုံး ထောင်ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းရွာအနီး၌ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက စတင်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ရကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ လက်လုပ်မိုင်းဖြင့် တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ ထိခိုက်ပျက်စီးမှုအား တွေ့ရစဉ်။**

# အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်နေမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ရှင်းလင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာအုပ်စု ဆင်အိုးကျေးရွာ အတွင်းသို့ ဩဂုတ် ၂၅ ရက် ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား အင်အား ၅၀၀ ခန့် ဝင်ရောက်ရန် ပြုလုပ်သဖြင့် ကျေးရွာသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် တပ်မတော်စစ်ကြောင်းတစ်ခုနှင့် ပူးပေါင်းမိပြီး လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်၏ပစ်ခတ်မှုကြောင့် မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်သည်ဟု ဝါဒဖြန့်ခဲ့သည့် မောင်တောမြို့နယ် မြင်းလွတ်မြို့ ဘင်္ဂါလီကျေးရွာသည် နံနက် ၅ နာရီခန့်က ၎င်းကျေးရွာနေ ဘင်္ဂါလီများ ကိုယ်တိုင်မီးရှို့ခဲ့၍ နေအိမ်များ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ မိုင်းခွဲတိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် ဖိုတွန်ယာဉ်အား တွေ့ရစဉ်။**

မီးလောင်မှုကြောင့် မောင်တောမြို့နယ် မြင်းလွတ်မြို့ရှိ အရှေ့ပိုင်းရပ်ကွက်ရှိ အိမ် ရှစ်လုံး၊ ဈေးဆိုင် ၁၃ ဆိုင်၊ ကား လေးစီး၊ အလယ်ပိုင်းရပ်ကွက်ရှိ အိမ် ၂၄ လုံး၊ ဆိုင်ခန်း ၅၁ ခန်း၊ ဗလီတစ်ခု၊ အာရဗီကျောင်း ခြောက်ခု၊ အနောက်ပိုင်းရပ်ကွက်ရှိ အိမ် ၄၅ လုံး၊ အာရဗီကျောင်း တစ်ခု၊ ရှီဒါရပ်ကွက်ရှိ အိမ် ၁၁ လုံး၊ ဈေးဆိုင် ၄၁ ဆိုင်၊ ကား ငါးစီး၊ ဗလီ တစ်ခု၊ အာရဗီကျောင်း တစ်ခု၊ ဆိုင်ကယ် လေးစီး စုစုပေါင်း အိမ် ၈၈ လုံး၊ ဈေးဆိုင် ၅၄ ဆိုင်၊ ဆိုင်ခန်း ၅၁ ခန်း၊ ဗလီ နှစ်ခု၊ အာရဗီကျောင်း ရှစ်ကျောင်း၊ ကား ကိုးစီးနှင့် ဆိုင်ကယ် လေးစီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာစဉ် မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာအနီးအရောက်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၁၅၀ ခန့်က ဓားရှည်များကိုင်ဆောင်ပြီး ကား၏ ဘေးဘယ်ညာ ဝိုင်းဝန်းတားဆီးပိတ်ဆို့ အကြမ်းဖက်သဖြင့် ပစ်ခတ်ရှင်းလင်းဖယ်ရှားခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခန့်တွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအတွင်း နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာလာစဉ် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်ခြင်း၊ ဆွဲမိုင်းများဖြင့် အဝေးမှ မိုင်းထောင်ဖောက်ခွဲ အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့၍ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အလောင်းတစ်လောင်း ရရှိခဲ့သည်။

မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုချောင်းဝ ရဲကင်းစခန်းအား နံနက် ၁၁ နာရီခွဲတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမား ၃၀၀ ခန့်က လာရောက်ဝိုင်းဝန်းခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးဆောင်ရွက်ခဲ့ရပြီး မြို့သူကြီးကျေးရွာ၌ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဆွဲ၍ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျီးကန်းပြင်နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်သို့ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မောင်တောမြို့နယ် သီဟိုဠ်ခြံအလွန် နွားရုံတောင်ကျေးရွာ အဝင်ကားလမ်းသို့ ရောက်ရှိချိန်တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက လက်လုပ်ဆွဲမိုင်းဖြင့် အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သော်လည်း ယာဉ်နှင့် တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အလားတူ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့မတောင်ရပ်ကွက် ဆယ်အိမ်မှူး အဗူခေါ် ဘီဘီ (၆၂) နှစ်အား နေအိမ်အတွင်းသို့ ဝင်ရောက်သတ်ဖြတ်သွားကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်ခဲ့မှုကြောင့် မောင်တောမြို့နယ် ဇင်ပိုင်ညာလမ်းဆုံ၌ မွန်းလွဲ ၂ နာရီတွင် မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် နောက်ထပ် မိုင်းနှစ်လုံး ထပ်မံပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ အထိတ်တလန့် ဖြစ်ခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

ထို့ပြင် မွန်းလွဲ ၂ နာရီတွင် မောင်တောဆေးရုံရှေ့ ဇောတိကာရုံဘုန်းတော်ကြီးကျောင်းအနီးရှိ ဟိန္ဒူဘာသာဝင်များနေထိုင်သည့် နေအိမ်အတွင်းသို့ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် လေးချက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့အရပ်သား ဟိန္ဒူကလေးငယ် (ကျား) တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ အသုံးပြုသည့် လက်နက်ကြီးအား တွေ့ရစဉ်။**

မောင်တောမြို့နယ် ဇင်ပိုင်ညာလမ်းဆုံအနီး၌ မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းနှစ်လုံး၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မိုင်းနှစ်လုံး၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မိုင်းတစ်လုံး၊ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မိုင်းတစ်လုံး၊ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မိုင်းတစ်လုံး၊ ညနေ ၄ နာရီ ၅ မိနစ်တွင် မိုင်းတစ်လုံးနှင့် ညနေ ၄ နာရီ ၁၀ မိနစ်တွင် မိုင်းနှစ်လုံး၊ ညနေ ၄ နာရီခွဲတွင် မိုင်းသုံးလုံးနှင့် ညနေ ၄ နာရီ ၃၂ မိနစ်တွင် နောက်ထပ် မိုင်း တစ်လုံး စုစုပေါင်း မိုင်း ၁၄ လုံး ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် လက်လုပ်မိုင်းများတွင်ကျယ်စွာအသုံးပြုပြီး အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာ တုတ်၊ ဓား၊ သေနတ် လက်နက်များကိုင်ဆောင်ထားသော လူအုပ်စုဖြင့် ဒေသခံတိုင်းရင်းသားများ အနည်းစုနေထိုင်ရာနေရာများကို ဝိုင်းပတ်ပိတ်ဆို့ခြင်းများ ပြုလုပ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှုပ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ယူထားသူ အစ္စလာမ်ဘာသာတူများကိုလည်း သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဘက်ထရီဖြင့် ရှော့တိုက်ပစ်ခတ်သည့် ဗုံးပစ်လောင်ချာကဲ့သို့သော လက်နက်များ အသုံးပြုကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း သိရှိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အပြီးသတ်အစီရင်ခံစာ ထွက်ရှိချိန်၊ ကုလသမဂ္ဂအစည်းအဝေးများ ကျင်းပတော့မည့်အချိန်တို့နှင့် အချိန်ကိုက်ဆောင်ရွက်ရာတွင် သောကြာနေ့ကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုအခါ အကြမ်းဖက်တိုက်ဖျက်မှုဗဟိုအဖွဲ့က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားပြီးဖြစ်ရာ အကြမ်းဖက် အားပေးထောက်ခံမှုများ၊ ပံ့ပိုးကူညီသူများသည်လည်း အကြမ်းဖက်အားပေးအဖြစ် အကျုံးဝင်မည်ဖြစ်သည်။

လက်ရှိ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ လှုပ်ရှားရာနေရာများသို့ တပ်မတော်နှင့် ရဲတပ်ဖွဲ့အင်အား ဖြည့်တင်းထားကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ညနေ ၅ နာရီ ၅၃ မိနစ် ထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

## လက်နက်မျိုးစုံကိုင်စွဲ၍ သောင်းကျန်းသောနည်းလမ်းဖြင့် ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို

**အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြစ်တင်ရှုတ်ချကြောင်းထုတ်ပြန်**

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် အစွန်းရောက် အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သားတစ်ဦး စုစုပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း တစ်ဦးတို့ကျဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးနှင့် အပြစ်မဲ့ပြည်သူအများအပြား ဒဏ်ရာရရှိကာ လက်နက် ခြောက်လက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရကြောင်း။

ယင်းကဲ့သို့ အကြမ်းဖက်သမားများ၏ လက်နက်မျိုးစုံကိုင်စွဲ၍ သောင်းကျန်းသော နည်းလမ်းဖြင့် ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း။

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတ ဖြစ်မှုတို့အတွက် ဆောင်ရွက်နေချိန်တွင် ယခုဖြစ်ရပ်သည် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို များစွာထိခိုက်စေသည်ဟု ခံယူပါကြောင်း ဖော်ပြအပ်ပါသည်ဟု ပါရှိသည်။

**(သတင်းစဉ်)**



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ ဝိုင်းဝန်းမီးငြိမ်းသတ်နေစဉ်။**

# အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုမူဝါဒကန့်သတ်မှုကြောင့် လက်ကျန်ပဲများ ဈေးကွက်တည်ငြိမ်ရေး နည်းလမ်းရှာဖွေဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၂၆**

အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်သည့်မူဝါဒကြောင့် လက်ကျန် ကျန်ရှိနေသည့်ပဲများ ဈေးကွက်တည်ငြိမ်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကုန်သည်အသင်းအဖွဲ့များ နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မကြာမီထွက်ရှိမည့် ပဲများအတွက် စိုက်ပျိုးထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများမရှိစေရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။



အိန္ဒိယနိုင်ငံ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ပြုလုပ်ရာတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ယခုလ ၅ ရက်က ပဲစင်းငုံတန်ချိန် နှစ်သိန်းနှင့် ယခုလ ၂၁ ရက်က မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် သုံးသိန်း တင်သွင်းရန် အရေအတွက်ကန့်သတ်သည့် အမိန့်ကြော်ငြာစာများဖြင့် သွင်းကုန်မူဝါဒပြောင်းလဲ ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုအပေါ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား နေပြည်တော်တွင်တွေ့ဆုံ၍လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ထံသို့ သံတမန်နည်းလမ်းအရလည်းကောင်း အကြောင်းကြားပြီးဖြစ်ကြောင်း၊ မကြာမီလာရောက်မည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ခရီးစဉ်တွင် အိန္ဒိယနိုင်ငံသို့ ပဲများ တင်ပို့နိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးရေးအတွက် ဆွေးနွေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအခြေအနေတွင် ခန့်မှန်း ပဲစင်းငုံတန်ချိန် တစ်သိန်းခန့်နှင့် မတ်ပဲ တန်ချိန် သုံးသိန်းခန့်ကျန်ရှိနေသည်ဟု သိရပါကြောင်း၊ ထို့အပြင် လာမည့် နိုဝင်ဘာလ လယ်နှင့် ဒီဇင်ဘာလတွင်ထွက်ရှိမည့် ပဲစင်းငုံများအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအခက်အခဲဖြစ်ပေါ်နေသည့် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု အရေအတွက်ကန့်သတ်သည့်မူဝါဒကို ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရန် အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သော ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့အနေဖြင့် မြန်မာနိုင်ငံမှ ပဲများ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ပဲရောင်းဝယ်မှုဆိုင်ရာ MoU ကို Government to Government လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် မကြာမီစိုက်ပျိုးမည့် မတ်ပဲသီးနှံနေရာတွင် အခြားနိုင်ငံတကာဈေးကွက်ရှိသည့် ပဲများ၊ သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစားထိုးပြောင်းလဲစိုက်ပျိုးရာတွင် မျိုး၊ နည်းပညာကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲတင်ပို့မှုကို ကန့်သတ်လိုက်သည့်အတွက် အထိုက်အလျောက်ဖြေလျှော့ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာမီ မြန်မာနိုင်ငံသို့ လာရောက်မည့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ဆောင်ရွက်ပေးမည်ဟု သိရှိရကြောင်း၊ လက်ရှိဖြစ်နေသည့် ပြဿနာမှာ ဈေးကွက်တစ်ခုတည်းကို မှီခိုခဲ့သည့်အတွက်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များကို ထုတ်လုပ်သည့်အခါ ဈေးကွက်ရရှိရန် လိုအပ်ကြောင်း၊ ဈေးကွက်ရရှိရန် မိမိတို့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ UMFCCI နှင့် စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ကာ အိန္ဒိယနိုင်ငံ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစည်းအဝေးဖော်ထုတ်ချက် (၁၀) ချက်ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောင်းသားကျောင်းသူများ စိတ်ကူးစိတ်သန်းကောင်းစေရေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများနှင့် တီထွင်ဆန်းသစ်သော စိတ်ကူးရှိသူများအား ပါဝါတိုးတက်စေရန်နှင့် မြှင့်တင်နိုင်ရန် ရည်ရွယ်၍ Falling Walls Lab Myanmar 2017 ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်ရှိ The Yangon Gallery ၌ ကျင်းပသည်။



"မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေဟာ ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းတွေရှိတယ်။ ထုတ်ဖော်ခွင့်မရကြဘူး။ ဒါကြောင့် ထုတ်ဖော်ခွင့်ရအောင် အကောင်အထည်ဖော်လို့ရအောင် ဒီပြိုင်ပွဲကို ကျင်းပတာပါ။ သူတို့ရဲ့ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုတွေ၊ လေ့လာတွေ့ရှိချက်တွေကို ဒီပြိုင်ပွဲမှာ တင်ပြကြတာပါ။ အဓိကရည်ရွယ်ချက်က သူတို့တွေ့ရှိထားတဲ့ စိတ်ကူးစိတ်သန်း၊ လက်ရှိဖြစ်နေတဲ့ ပြဿနာတွေကို ပြေလည်စေမယ့် စိတ်ကူးတွေကို မြေတောင်မြှောက်ပေးတာပါ။ ဥပမာ YBS ကားစီးတာကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ စိတ်ကူးတွေလဲပါပါတယ်"ဟု Program Manager မင်းမောင်မောင်မျိုးက ပြောသည်။

အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သူ ၁၁ ဦးရှိပြီး ပထမဆုကို မခင်စန္ဒာဝင်းက ရရှိကြောင်း သိရသည်။ "သူက သမိုင်းဝင်အမွေအနှစ်တွေကို ဘယ်လိုထိန်းသိမ်းမလဲဆိုတဲ့ ခေါင်းစဉ်နဲ့ ယှဉ်ပြိုင်ပြီး ပထမရသွားတာပါ။ မြန်မာ သို့မဟုတ် ကမ္ဘာမှာလက်ရှိဖြစ်နေတဲ့ ပြဿနာတွေနဲ့ ကိုက်ညီမှုရှိ/မရှိ၊ ယေဘုယျကျ/မကျ ဒေတာခိုင်မာမှုရှိ / မရှိအပြင် သူရဲ့ အင်္ဂလိပ်လိုပြောပြီး တင်ဆက်ပုံတွေကို အမှတ်ပေးပြီး ဆုံးဖြတ်တာပါ"ဟု ကိုမင်းမောင်မောင်မျိုးက ပြောသည်။

အဆိုပါပြိုင်ပွဲ၌ ပထမဆုရရှိသူသည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် Falling Walls Lab Final ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၀၀ မှ ပထမရရှိသူများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် Falling Walls Conference ကို တက်ရောက်ခွင့်လက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားကို ကမ္ဘာ့အထင်ရှားဆုံးသိပ္ပံပညာရှင်များမှ ၎င်းတို့၏ တွေ့ရှိချက်များကို တင်ပြထားသော ၁၅ မိနစ်စာတင်ပြမှုများကို လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

# ရင်းနှီးမြှုပ်နှံသူများသို့ အသိပေးကြေညာခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်က ပြဋ္ဌာန်းပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းသစ်များနှင့်အညီ အဆိုပြုလွှာများ၊ အတည်ပြုလျှောက်ထားလွှာများ တင်ပြကြရာတွင် အခက်အခဲမရှိစေရေးအတွက် ကော်မရှင်သို့ အဆိုပြုလွှာနှင့် အတည်ပြုလျှောက်ထားလွှာတင်ပြရန် ပြင်ဆင်လျက်ရှိကြသော လုပ်ငန်းရှင်များအား ကော်မရှင်ရုံးအဖွဲ့မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း လက်ခံတွေ့ဆုံကာ လိုအပ်သည်များ ရှင်းလင်းဖြေကြား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက်/အချိန် | အကြောင်းအရာ |
|---|---|---|
| (က) | လစဉ်ပထမပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားသောက်ကုန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ခ) | လစဉ်ဒုတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | CMP လုပ်ငန်းများနှင့် စက်မှုကဏ္ဍ (စားသောက်ကုန်နှင့် သစ်လုပ်ငန်းမှအပ) ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဂ) | လစဉ်တတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | အိမ်ရာအဆောက်အအုံ၊ စက်မှုဇုန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဟိုတယ်ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဃ) | လစဉ်စတုတ္ထပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | လျှပ်စစ်၊ စွမ်းအင်၊ အခြားဝန်ဆောင်မှုနှင့် သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |

အဆိုပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေပါ အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာများ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးခြင်း အစီအစဉ်ကို တက်ရောက်လိုပါက ရင်းနှီးမြှုပ်နှံသူ(သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးကိုယ်တိုင် တက်ရောက်မည့်ပုဂ္ဂိုလ်အမည်၊ ကုမ္ပဏီ၊ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ကို ဖော်ပြလျက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁) သစ္စာလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ (ဖုန်း-၀၁- ၆၅၈၁၀၃၊ ဖက်စ်-၀၁-၆၅၈၁၄၃၊ အီးမေးလ်- dica.ip.mm@gmail.com) သို့ ကြိုတင်စာရင်းပေးဆက်သွယ်၍ တက်ရောက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာအဆင့်ကော်မတီရွေးချယ်

**ညောင်လေးပင် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုလုပ်သော "မြစိမ်းရောင်ကျေးရွာစီမံကိန်း" စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကျေးရွာအဆင့်ကော်မတီ ရွေးချယ်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ကြိုးကြာကွင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေ့ဦးစွာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်စီမံကိန်းအား မိတ်ဆက်ရှင်းလင်းသည်။ ထို့နောက် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များအား စနစ်တကျ ရွေးချယ်ဖွဲ့စည်းပေးကြသည်။ အလားတူ ဩဂုတ် ၂၃ ရက်က ငွေးကုန်းကျေးရွာအုပ်စု(ချုံအင်း+ကောက်မယ်သူ)ရွာတွင်လည်းကောင်း၊ ဩဂုတ် ၂၁ ရက်က ဂျို့ပင်ကျေးရွာအုပ်စု သိင်္ဂကျေးရွာတွင်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုဆောင်ရွက်ခြင်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန်ရွေးချယ်ထားသည့် ကျေးရွာငါးရွာအနက် ပါဝင်သောရွာများဖြစ်သည်။ ကျန်ကျေးရွာများတွင်လည်း မြစိမ်းရောင်ကော်မတီဝင်များ ရွေးချယ်ဆောင်ရွက်ပြီးစီးပါက ကော်မတီဝင်များအား မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ သင်တန်းပို့ချခြင်း၊ ရန်ပုံငွေအား ကျေးရွာကော်မတီများသို့ လွှဲပြောင်းပေးအပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင်
ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်းပေး

# မောင်တောဒေသရှိ လုံခြုံရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲ ကျင်းပ



**စစ်တွေ ဩဂုတ် ၂၆**

စစ်တွေမြို့၌ ရောက်ရှိနေသော ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင် အလှူရှင်များက မောင်တောဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် စစ်တွေမြို့ Strand Hotel ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ငြိမ်းချမ်းရေးဂီတပွဲတော် အဖွဲ့သားများနှင့် စေတနာရှင် အလှူရှင်များတက်ရောက်ခဲ့ကြပြီး စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ရာ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယနေ့ ထောက်ပံ့ပေးအပ်ခဲ့သည့် ပစ္စည်းများမှာ စားသောက်ကုန်များဖြစ်သည့် ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ပရိဘောဂထုတ်ကုန်များ၊ သောက်ရေသန့်များဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွှေး**

# ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကံမမြို့နယ်တွင် စာသင်ကျောင်းတချို့ ယာယီပိတ်ထားရ



**ကံမ ဩဂုတ် ၂၅**

ဧရာဝတီမြစ်ရေသည် ပထမအကြိမ် မြင့်တက်ခဲ့ပြီးနောက် ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာရာ သရက်ခရိုင် ကံမမြို့နယ်အတွင်း မြစ်ကမ်းတစ်လျှောက် အနိမ့်ပိုင်းကျရောက်သော စာသင်ကျောင်း ၁၃ ကျောင်းမှာ ရေဝင်နစ်မြုပ်သဖြင့် ဩဂုတ် ၂၄ ရက်မှစ၍ ယာယီပိတ်ထားရသည်။

အဆိုပါ ယာယီပိတ်ထားရသော ကျောင်းများမှာ အခြေခံပညာ မူလတန်းကျောင်း ၁၁ ကျောင်း၊ မူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့်အထက်တန်းကျောင်းခွဲ တစ်ကျောင်းတို့ ပါဝင်ပြီး ယင်းကျောင်းများ၌ တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၁၁၂၄ ဦးတို့၏ စာသင်ကြားမှု အခက်အခဲများ၊ ကျန်းမာရေး အခက်အခဲနှင့် ဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် မြစ်ရေကျဆင်းသွားမည့်အချိန်အထိ ကျောင်းများကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ကျောင်းသားများ၏ သင်ကြားရေးနှင့်ပတ်သက်၍ အခက်အခဲမရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ဆည်တော်ကြီးဆည်ရေမြင့်တက်လာ၍ ရေထုတ်လွှတ်ရာမှ ကျေးရွာတချို့ ရေများဝင်ရောက်

**မတ္တရာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဆည်အတွင်းသို့ မိုးရေဝင်ရောက်မှုများပြားပြီးကန်ရေပြည့်အမှတ် ၄၁၉ ဒသမ ၅ ပေရှိရာမှ ဩဂုတ် ၂၅ ရက်တွင် စိုးရိမ်ရေအမှတ်သို့ ကျော်လွန်ရောက်ရှိလာသဖြင့် ရေပိုလွှဲတံခါးပေါက် ခုနစ်ပေါက်မှ တစ်ပေါက်လျှင် နှစ်ပေစီ ရေများစတင်ထုတ်လွှတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ရေများထုတ်လွှတ်နေစဉ်အတွင်း ဆည်အတွင်းသို့ ရေဝင်ရောက်မှုများပြားသဖြင့် ရေတံခါးများကို အဆင့်ဆင့်တိုးချဲ့၍ ထုတ်လွှတ်ခဲ့ပြီး ဆည်တော်ကြီးရေလှောင်တမံ၏ မြောင်းမကြီးဖြစ်သည့် တံငါချောင်းမကြီးအတွင်းရေများ မြင့်တက်လာနိုင်သဖြင့် ချောင်းတစ်လျှောက်ရှိကျေးရွာများဖြစ်သည့် ငွေးပင်၊ မြစ်ကမ်း၊ သပြေသာ၊ အထက်တောင်ကိုင်း၊ ဆိပ်သာ၊ ကျောင်းကုန်း၊ ဇီးဖြူကုန်း၊ ကျောက်စရစ်(တောင်)၊ ဝန်စု၊ ပန်းယျ၊ သရက်တော၊ ဟလင်း၊ ကွေ့တော၊ လက္ကောင်းကြီး၊ ရွှေးစုကျေးရွာအုပ်စုများသို့ ဆည်တော်ကြီးဆည်ရေလွှတ်ကြောင်းကို ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ရှိသူများက လိုက်လံအသိပေးအကြောင်းကြားခဲ့ကြောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များက ရေကင်းလုံခြုံရေးချထားဆောင်ရွက်ခဲ့ပြီး အရေးပေါ် ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်အတွက် စက်လှေများလည်း အသင့် ဆောင်ရွက်ထားခဲ့ပြီး မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီက ရေလွှမ်းမိုးနိုင်သောနေရာများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဧရာဝတီမြစ်ရေ အတက်ကြမ်းမှုကြောင့် ရုံးများနှင့်ကျောင်းများအတွင်း ရေများဝင်ရောက်



**ပန်းတောင်း ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ လေးရက်ဆက်တိုက် ဧရာဝတီမြစ်ရေ အတက်ကြမ်းမှုကြောင့် အစိုးရရုံးများနှင့် အခြေခံပညာအထက်တန်းကျောင်းများအတွင်းပါ ရေများဝင်ရောက်လျက်ရှိသည်။

ဧရာဝတီမြစ်ရေသည် ပထမအကြိမ် ရေထက်ပိုမိုမြင့်တက်လျက်ရှိပြီး တစ်ရက်လျှင် တစ်ပေကျော်ခန့် မြင့်တက်လျက်ရှိသည်။ ဩဂုတ် ၂၆ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့မရဲစခန်း၊ မြို့နယ်သစ်တောဦးစီးရုံး၊ အခြေခံပညာ အထက်တန်းကျောင်းများအထိပါ ရေများဝင်လျက်ရှိပြီး နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ စင်တီမီတာ ၂၇၆၀ အထိ ရောက်ရှိနေပြီး မြို့နယ်၏ စိုးရိမ်ရေမှတ်မှာ ၂၈၂၅ စင်တီမီတာဖြစ်သဖြင့် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်ကျော်လွန်နိုင်ကြောင်း သိရသည်။

မြို့နယ်အတွင်းမှာရှိသည့် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၀ ကျောင်း စုစုပေါင်း ၁၃ ကျောင်း ပိတ်ထားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ရေနစ်မြုပ်ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝဆောင်ရွက်ပေးထားကြောင်းနှင့် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများကျဆင်းကာ စာသင်ကျောင်းများနှင့် ကျေးရွာတချို့ ရေလွှမ်း

**စဥ့်ကူး ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်၌ ယခုရက်ပိုင်းတွင် ဧရာဝတီမြစ်ရေ ဝင်ရောက်မှု ကျဆင်းသွားပြီဖြစ်သော်လည်း နေ့ရောညပါ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စဥ့်ကူး-မန္တလေးသွား ကားလမ်းပေါ်တွင် သုံးပေခန့် ရေများကျော်ကာ လမ်းနှင့် တံတားများ၊ စာသင်ကျောင်းများနှင့် ကျေးရွာတချို့ ရေဝင်ရောက်၍ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ကျရေများ ကျဆင်းမှုကြောင့် မိုးကုတ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၉/၆)နှင့် (၄၀/၆)၊ (၄၀/၆)နှင့် (၄၁/၀)အကြား စဥ့်ကူးမြို့နယ် ညောင်ဝန်း-ရွှေပြည်ကျေးရွာတို့၌ ကားလမ်းပေါ် ရေကျော်မှုကြောင့် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကွန်ကရစ်သံဆန်ခါတပ်ဝင်းခြံ ၄၅ ခန်း၊ အခြေခံပညာမူလတန်းကျောင်း အုတ်တံတိုင်း ၁၇ ခန်းနှင့် ကွန်ကရစ်သံဆန်ခါတပ် အခန်း ၃၀၊ ကျွန်းစည်ကျေးရွာ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း အခန်း ၂၀ နှင့် မြကန်သာသချိုင်းဇရပ်တို့ ပျက်စီးပြိုကျမှုများဖြစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဝင်းခြံတံတိုင်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အခြားလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး( မြို့နယ်ပြန်/ဆက်)**

■

## တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တို့၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးကင်းရှင်းသဖြင့် ကန့်သတ်မှုများ ပြန်လည်ရုပ်သိမ်းကြောင်း သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၂၆**

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မွေးမြူရေးကြက်များနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေသကြက်တို့တွင် ကျရောက်ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)ကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှု၊ ဆက်စပ်ဌာနများနှင့် **"ကြက်ငှက်တုပ်ကွေးရောဂါ အရေးပေါ်ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်"**ပါ လုပ်ငန်းစဉ်များအတိုင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုတို့ဖြင့် စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ မရမ်းကုန်းမြို့နယ်၌ ၂၉-၇-၂၀၁၇ ရက်မှစ၍လည်းကောင်း၊ ထားဝယ်မြို့နယ်၌ ၄-၈-၂၀၁၇ ရက်မှစ၍လည်းကောင်း သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုမရှိတော့ပါသဖြင့် ၁၈-၈-၂၀၁၇ ရက်နှင့် ၂၄-၈-၂၀၁၇ ရက်တို့တွင် သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုမရှိသည်မှာ ၂၁ ရက် အသီးသီး ပြည့်ပြီဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါသတ်မှတ်ကာလပြည့်သည့်နေ့များမှစ၍ ရောဂါကူးစက်ဧရိယာအသီးသီးတွင် ကြက်နှင့် ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်မှု ကန့်သတ်ထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**



တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၄၆ စီး၊ သွင်းကုန် ၃၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၈၅ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉ ဒသမ ၃၁၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၅၅၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၉ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉ ဒသမ ၈၇၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၂၄ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်နှစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ပိဿာ ၃၂၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂ ဒသမ ၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရားမဝင်ပျဉ်းကတိုးသစ်တင်လာသော လိုက်ထရပ်ယာဉ်နှင့် မီးသွေးအိတ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်အားဖမ်းမိ

**ကျောက်တံခါး ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ယနေ့နံနက်ပိုင်းက တရားမဝင် ပျဉ်းကတိုးသစ်များ တင်ဆောင်လာသော လိုက်ထရပ်ယာဉ်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သတင်းအရ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၁၅ /၀)အနီးရှိ မြို့နယ်အားကစားကွင်း အဝင်လမ်းသွယ်တွင် လိုက်ထရပ် အဖြူရောင်ယာဉ် အမှတ် BGO 7M/---- ခြောက်ဘီးယာဉ်သည် မိုးကာစအုပ်လျက် ရပ်ထားသည်ကို တွေ့ရှိသဖြင့် တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသော ပျဉ်ကတိုးသစ်ခွဲသားဆိုဒ်စုံ ၉၅၆ ချောင်း(၁ ဒသမ ၂၄၇၆ တန်)တွေ့ရှိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။



အလားတူ ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းကလည်း ကျောက်တံခါးမြို့အနီးတွင် ကလောမြို့မှ မျောစာမဲ့ မီးသွေးအိတ်များတင်ဆောင်လာသော ၁၂ ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ရန်ကုန်မြို့သို့ တင်ပို့မည့် မျောစာမဲ့ မီးသွေးအိတ် ၉၀၀ ကျော် တွေ့ရှိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ဖမ်းဆီးထားကြောင်း သိရသည်။

"ခုမိတဲ့ ပျဉ်းကတိုးသစ်တွေကိုတော့ ပိုင်ရှင်ဖော်ထုတ်စစ်ဆေးပြီး သစ်တောဥပဒေပုဒ်မ ၄၂(ခ)နဲ့ တရားစွဲဆိုသွားမှာပါ။ ယာဉ်မောင်းကထွက်ပြေးသွားတယ်။ ရပ်ထားတုန်းဖမ်းမိတာဆိုတော့ မီးသွေးကားကိုတော့ ခရိုင်ကို တင်ပြထားပြီး ကျွန်တော်တို့ သစ်တောဦးစီးဌာနက ဒဏ်ငွေ ၅၀၀၀ ရိုက်ပြီး မျောစာထုတ်ပေးသွားမှာပါ"ဟု ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင်ဖြတ်သန်းမောင်းနှင်နေသော ကုန်တင်ယာဉ်များ၊ တွဲယာဉ်များအချို့ပေါ်တွင် မြေပဲအိတ်များ၊ ကြက်သွန်နီအိတ်များကို အပေါ်မှ ဟန်ပြဖုံးအုပ်ကာ ယာဉ်အတွင်း၌ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းဘက်မှ တင်ဆောင်လာသော တရားမဝင်သစ်မျိုးစုံကို ပဲခူးမြို့၊ ရန်ကုန်မြို့၊ မော်ဘီမြို့များသို့ မှောင်ခိုတင်သွင်း ဖြန်ဖြူးရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းဌေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးကို ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ငွေကြေးတောင်းခံရယူခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာနေ နစ်နာသူများက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် စာရေး ဦးတင်ဝင်းတို့အပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းကို အမျိုးသားလွှတ်တော်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးသည် ၎င်းဆောင်ရွက်ပိုင်ခွင့်မရှိသည့် မြေလွတ်၊ မြေရိုင်း အရောင်းအဝယ်ပြုမှုကိစ္စတွင် မြေအရောင်းအဝယ်စာချုပ်ပေါ်၌ ထောက်ခံချက်လက်မှတ်ရေးထိုးခဲ့ပြီး မြေရောင်းသူ ရှစ်ဦးနှင့် မြေပွဲစားထံမှ ငွေကြေးများ ရယူခဲ့ခြင်းသည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တွင် တရားစွဲဆို အရေးယူခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မော်လမြိုင်ကျွန်းမြို့မရဲစခန်းမှ အချုပ်သား ၁၀ ဦး အချုပ်ခန်းဖောက်ပြေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မြို့မရဲစခန်းမှ အချုပ်သား ၁၀ ဦး ဩဂုတ် ၂၄ ရက်က အချုပ်ခန်းဖောက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ "မနက် ၃ နာရီလောက်က မော်လမြိုင်ကျွန်းမြို့မရဲစခန်းကနေ အချုပ်သား ၁၀ ဦး အချုပ်ခန်းဖောက်ပြေးမှု ဖြစ်ပွားတယ်လို့ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးကနေ သိရပါတယ်။ မော်လမြိုင်ကျွန်း မြို့မရဲစခန်းဟာ ၁၈၈၀ ခုနှစ်ကတည်းက တည်ဆောက်ထားတဲ့အချုပ်ခန်းဖြစ်ပြီး ဆွေးနေတဲ့ ကြမ်းခင်းကနေ အချုပ်သားတွေကဖောက်ထွက်သွားတာဖြစ်တယ်"ဟု ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးခင်မောင်လတ်က ပြောသည်။

အချုပ်ဆောင်မှာ အချုပ်သား ၄၁ ဦးရှိသည့်အနက် အချုပ်သား ၁၀ ဦး ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသည့် အချုပ်သားများတွင် ခိုးမှုနှင့်အမှုရင်ဆိုင်နေရသူ လေးဦးပါဝင်ပြီး အခြားအမှုများနှင့် ရင်ဆိုင်နေရသူများလည်းပါဝင်ကြောင်း၊ ယခုဖြစ်ရပ်သည် ကင်းသမားများ၏ ပေါ့လျော့ခြင်းကြောင့်ဖြစ်ပြီး အချုပ်သားများ ပြန်လည်ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးဦးဆောင်ကာ ပိတ်ဆို့ရှာဖွေနေကြောင်း၊ ပြည်သူလူထုအတွက် စိုးရိမ်စရာမရှိကြောင်း၊ အချုပ်သားများ လွတ်မြောက်သွားသည့်အတွက် မော်လမြိုင်ကျွန်းမြို့မရဲစခန်းမှ တာဝန်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ရဲတပ်ဖွဲ့၏ ဥပဒေစည်းမျဉ်းစည်းကမ်းများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယရဲမှူးကြီး ခင်မောင်လတ်က ပြောကြားသည်။

**မြတ်ဟိန်းကျော်(ကော့မှူး)**

## တောင်ယာစပါးခင်းများအတွင်း ကြွက်များဝင်ရောက်ဖျက်ဆီး

**ဖယ်ခုံ ဩဂုတ် ၂၆**

ဖယ်ခုံမြို့နယ် သိကျတ်ကျေးရွာအုပ်စု ငှက်ကြီးတောင်ကျေးရွာတွင် ဒေသခံတောင်သူများစိုက်ပျိုးထားသည့် တောင်ယာစပါးခင်းများအတွင်း ကြွက်များဝင်ရောက်ဖျက်ဆီးမှုကို ယမန်နေ့က မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး)ဦးတင့်ဇော် ဦးဆောင်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းထက်က သီးနှံဖျက်ပိုးအန္တရာယ် ကာကွယ်နှိမ်နင်းရေး၊ ကြွက်ဆေးသုံးစွဲနည်း၊ ကြိုတင်ကာကွယ်နည်းများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မန္တလာ-၂ အသင့်သုံးကြွက်သတ်ဆေးအပြား ၅၀၀၀ ပါ နှစ်ဖာကို အဆိုပါကျေးရွာအတွက်ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဌာနမှ ကျေးရွာအုပ်စု တာဝန်ခံနှင့် သီးနှံပိုးမွှားကာကွယ်ရေး တာဝန်ခံနှစ်ဦးတို့သည် တောင်သူများအား ကြွက်သတ်ဆေးသုံးစွဲခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့ကို လက်တွေ့ကျကျဦးဆောင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာတွင် လူဦးရေ ၁၄၄ ဦးရှိပြီး တောင်သူ ၃၁ ဦးမှ စိုက်ပျိုးထားသော တောင်ယာစပါး ၆၆ ဧကခန့်တွင် ကြွက်များဝင်ရောက်ဖျက်ဆီးရာ ခုနစ်ဧကခန့် ပျက်စီးခဲ့ကြောင်း သိရသည်။ မြို့နယ်ချုပ်အနေဖြင့် တောင်ယာစပါးစိုက်ဧက ၁၀၂၁၆ ဧကရှိပြီး အဆိုပါငှက်ကြီးတောင်ကျေးရွာတွင် ၆၆ ဧက စိုက်ပျိုးကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# အနာဂတ် ဘာလွန်းဒီအောဆုရှင်လောင်း စာရင်းတွင် ရက်ရှ်ဖို့ဒ်ကိုပါ စီရီနယ်လ်ဒို ထည့်သွင်း



ကမ္ဘာ့ဘောလုံးစူပါစတား စီရိုနယ်လ်ဒိုက လက်ရှိကစားသမားများထဲတွင် အနာဂတ်ဘာလွန်းဒီအောဆုရှင်လောင်း ၁၀ ဦးထက် မနည်းရှိနေပြီး ထိုစာရင်းတွင် မန်ယူတိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ကိုပါ ထည့်သွင်းရွေးချယ်ခဲ့ကြောင်း သိရသည်။ စီရိုနယ်လ်ဒိုက နေမာ၊ ဟာဇက်၊ အဆန်စီယို၊ မက်ပီ၊ မားကပ်စ် ရက်ရှ်ဖို့ဒ်၊ ဒမ်ဘီလီတို့ကို အနာဂတ်ဘာလွန်းဒီအောဆုရှင်များဖြစ်ကြောင်း ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဆယ်စုနှစ်အတွင်း မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့သာ ဘာလွန်းဒီအောဆုကို အလှည့်ကျရယူနေပြီး မက်ဆီက ငါးကြိမ်နှင့် စီရိုနယ်လ်ဒိုက လေးကြိမ်ရယူခဲ့ခြင်းဖြစ်သည်။ ယင်းကာလအတွင်း ဘာလွန်းဒီအောဆုကို မည်သည့်ကစားသမား တစ်ဦးတလေမျှ ကြားဖြတ်ရယူနိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ အဆိုပါ ကစားသမားနှစ်ဦးစလုံးမှာ အသက်(၃၀) ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။


စီရိုနယ်လ်ဒိုက ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို လက်ခံရယူအပြီးတွင် အနာဂတ်ဘာလွန်းဒီအောဆုကို မည်သူရယူနိုင်မလဲဆိုတဲ့ မေးခွန်းကို မေးမြန်းခံရချိန် အလွန်ကောင်းသော မေးခွန်း ဖြစ်ကြောင်း တုံ့ပြန်ခဲ့ပြီး အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်း ဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ်ဖလားကိုလည်း ရီးယဲလ် မက်ဒရစ်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်နှင့် ဘိုင်ယန်မြူး နစ်အသင်းများထဲမှ တစ်သင်းကပင် ရယူသွားဦးမည်ဖြစ်ပြီး အဆိုပါ အသင်းငါးသင်းထဲမှ လေးသင်းကပင် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ဦးမည်ဖြစ်ကြောင်းလည်း တစ်ဆက်တည်း ဟောကိန်းထုတ် ခဲ့သည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

✪ ရီးယဲလ်မက်ဒရစ်အသင်း တွစ်တာစာမျက်နှာ Hack ခံခဲ့ရပြီးနောက် လီယွန်နယ်မက်ဆီကိုခေါ်ယူနိုင်ခဲ့ပြီး ဘင်ဇီမာကို ရောင်းချခဲ့သည်ဟူသော သတင်းကို တင်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်ရက်ပိုင်းကပင် ဘာစီလိုနာအသင်း၏ တွစ်တာစာမျက်နှာလည်း Hack ခံခဲ့ရပြီးနောက် ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး ဒီမာရီယာကို ခေါ်ယူနိုင်ခဲ့သည်ဟူသော သတင်းကို တင်ခဲ့သေးသည်။

✪ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် ဘယ်လ်ဂျီယံအသင်း လူစာရင်းတွင် ဟာဇက်ကို ထည့်သွင်းခဲ့သည့်အတွက် မိမိအလွန်အံ့အားသင့်မိကြောင်း ချယ်လ်ဆီးနည်းပြကွန်တီက ထုတ်ဖော်ပြောကြားခဲ့သည်။ ဟာဇက်သည် ပြီးခဲ့သည့် ဇွန်လအတွင်းက ဘယ်လ်ဂျီယံအသင်းလေ့ကျင့်ရေး အစီအစဉ်များပြုလုပ်နေစဉ်အတွင်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးနောက် အနားယူနေရသူဖြစ်သည်။

# ဒရက်ဇ်လာ ပီအက်စ်ဂျီတွင်သာ ဆက်ရှိနေမည်



ပီအက်စ်ဂျီတိုက်စစ်မှူး ဒရက်ဇ်လာကို ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးနှင့် အာဆင်နယ်တို့ ချိတ်ဆက်နေသော်လည်း ပီအက်စ်ဂျီတွင်သာ ဒရက်ဇ်လာ ဆက်ရှိနေမယ်လို့ ကစားသမားကိုယ်စားလှယ်ဖြစ်သူက အခိုင်အမာဆိုလိုက်ပြီဖြစ်သည်။ ပီအက်စ်ဂျီအသင်းသို့ တိုက်စစ်မှူး နေမာ ကမ္ဘာ့စံချိန်တင်ကြေးဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ဒရက်ဇ်လာ၏ ပီအက်စ်ဂျီ အနာဂတ် လှုပ်ခတ်လာခြင်းဖြစ်သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ဆန်းချက်ဇ်နှင့် ချိန်ဘာလိန်တို့ အနာဂတ် မတည်မငြိမ်ဖြစ်လာခြင်းကြောင့် တောင်ပံတိုက်စစ်ပိုင်း အားဖြည့်ရန် ဒရက်ဇ်လာကို ပေါင်သန်း ၃၀ အထက်အသုံးပြုခေါ်ယူရန် ပြင်ဆင်နေချိန် လီဗာပူးအသင်းကလည်း ကော်တင်ဟိုကို လက်လွှတ်ရပါက အသင့်အစားထိုးရန် ဒရက်ဇ်ကို ချိတ်ဆက်လာခြင်းဖြစ်သည်။ သို့သော် ဒရက်ဇ်လာ၏ ကိုယ်စားလှယ်က ပီအက်စ်ဂျီမှ ထွက်ခွာရန် အသင့်မဖြစ်သေးကြောင်းဆိုခဲ့ရာ အာဆင်နယ်နှင့် လီဗာပူးတို့အတွက် ကြီးမားသည့်ထိုးနှက်ချက်ပင်ဖြစ်သည်။

# အာဆင်နယ်ထက် မန်ယူသို့သာ လီမာ ပြောင်းရွှေ့လို



မိုနာကို တောင်ပံတိုက်စစ်မှူး လီမာမှာ အာဆင်နယ်ထက် မန်ယူအသင်းနှင့်သာ ပူးပေါင်းချင်စိတ်ထက်သန်ကြောင်း ဝါရင့်သတင်းစာဆရာ ဒန်ကန် ကက်စတယ်က သူ၏ တွစ်တာစာမျက်နှာထက်တင်ခဲ့ရာ အာဆင်နယ်အတွက် သတင်းဆိုးပင်ဖြစ်သည်။ နည်းပြ ဝင်းဂါးက ပြီးခဲ့သည့်ရက်ကပင် မိုနာကို အသင်းက လီမာကို ထုတ်ရောင်းချင်စိတ်မရှိသဖြင့် လီမာအတွက် ကြိုးပမ်းမှု ရပ်တန့်ခဲ့ပြီဖြစ်ကြောင်း သတင်းထောက်များကို ဖြေကြားခဲ့ပြီးဖြစ်သည်။ ယင်းသတင်းကို တင်ခဲ့သူ ဒန်ကန်ကက်စတယ်မှာ ဆန်းဒေးတိုင်းမ်၊ ဒေးလီရီကော့သတင်းဌာနတို့၏ အားကစားဝါရင့်သတင်းစာဆရာဖြစ်သည်။

မေလှဲ့သင်း-စုစည်းသည်

## အပြောင်းအရွှေ့နောက်ဆုံးအချိန်မှဆန်းချက်ဇ် မန်စီးတီးသို့ရောက်လာနိုင်ဟု ဂွါဒီယိုလာ အရိပ်အမြွက်ပြ

အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်မှာ ဈေးကွက်ပိတ်သိမ်းခါနီး နောက်ဆုံးအချိန်ရောက်မှ မန်စီးတီး အသင်းဆီ ရောက်ရှိလာနိုင်သည့် အခြေအနေရှိနေဆဲဟု မန်စီးတီး နည်းပြ ဂွါဒီယိုလာက အရိပ်အမြွက် ဆိုခဲ့သည်။ ဂွါဒီယိုလာက မန်စီးတီး တိုက်စစ်ပိုင်းအတွက် ဘာကာတိုက် စစ်မှူး မက်ဆီ၊ မိုနာကို တိုက်စစ်မှူး မက်ပီနှင့် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်တို့ သုံးဦးကို ချိတ်ဆက်ခဲ့ သော်လည်း မက်ဆီနှင့် မက်ပီတို့ကို ရရှိရန် မဖြစ်နိုင်တော့ဘဲ ဆန်းချက်ဇ်ကို သာ ခေါ်ယူနိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။

နည်းပြ ဂွါဒီယိုလာက ဆန်းချက်ဇ် ကိုခေါ်ယူဖို့ ငွေဈေးကွက် တစ်လျှောက်လုံး ကြိုးပမ်းနေသော် လည်း အပြောင်းအရွှေ့ပိတ်သိမ်းရန် ရက်သတ္တတစ်ပတ်ပင် မလိုတော့သည့် အချိန်အထိ ဖြစ်မြောက်လာခြင်းမရှိ သေးဘဲရှိနေသည်။ သို့သော် ဂွါဒီယိုလာ က "အလက်ဆစ်လား။ သူက အာဆင်နယ်ကစားသမားပါ။ ဒီလိုပဲ အီဗန်စ်ကလည်း ဝက်စ်ဘရွန်း ကစား သမားပါပဲ။ သာမန်အားဖြင့် ကျွန်တော် ဟာ အခြားအသင်းက ကစားသမား တွေအကြောင်း ပြောလေ့မရှိပါဘူး။ ကျွန်တော့် လက်ရှိလူစာရင်းအပေါ် ကျေနပ်ပေမယ့် အပြောင်းအရွှေ့ဈေး ကွက်က ငါးရက်လောက် လိုပါသေး တယ်။ ဒီကြားကာလမှာ အချို့ကစား သမားတွေ အသင်းကနေထွက်ခွာဖို့ ရှိနေတာကို ကျွန်တော်တို့ မြင်တွေ့ ရဖို့ရှိနေပါတယ်။ နောက်ဆုံးမိနစ်အထိ အသက်သာဆုံးဈေးနှုန်းနဲ့ ကစား သမားအချို့ကို ခေါ်ယူဖို့ ကျွန်တော်တို့ စောင့်မှာပါ"ဟု ဆိုခဲ့ခြင်းဖြစ်သည်။

မန်စီးတီးတိုက်စစ်မှူး ဒီဘရိုင်း ကလည်း သက်ကြီးကစားသမား အများစုရှိနေတဲ့ မန်စီးတီးအသင်းကို ပြောင်းလဲရန် ပေါင်သန်း ၂၁၀ သုံးစွဲ ရန်လိုအပ်ကြောင်း မန်စီးတီး၏ ယခုနှစ်ငွေဈေးကွက် ငွေသုံးကြမ်းမှု အပေါ် ရှင်းချက်ထုတ်ခဲ့သည်။



○ မြန်မာယူ-၂၂ မှ

သန်းပိုင်ကိုတွဲပေးခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို အပြန်အလှန် ကစားနိုင်သော်လည်း တိုက်စစ်ကစားပုံမှာ သာမန်သာရှိသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ၁၅ မိနစ်တွင် အောင်သူကန်သွင်းသည့် တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာမူ တောင်ပံနှစ်ဖက်မှ ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၁၂ မိနစ်တွင် ချိုင်ရာဝပ်အပိုင်ကန်သွင်းရခဲ့သော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်းက တိုက်စစ်မြှင့်သည့်အနေဖြင့် နံပါတ်(၂) ဆာဆာလက်ခ်ကို ထည့်ကစားခဲ့ပြီး ၎င်းဝင်လာပြီးနောက်ပိုင်းတွင် တိုက်စစ်ပိုကောင်းလာပြီး နန်းဝေမင်း၏ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့သည်။ မြန်မာအသင်းမှာလည်း မောင်မောင်လွင်နေရာတွင် အောင်ကောင်းမာန်၊ စည်သူအောင်နေရာတွင် ရှိုင်းသူရတို့ကိုထည့်ကာ အပြောင်းအလဲလုပ်ခဲ့သည်။ ၆၁ မိနစ်တွင် အောင်သူ ဖန်တီးပေးသောဘောလုံးကို သန်းပိုင်ကန်သွင်းခဲ့သော်လည်း လွဲချော်ခဲ့၍နစ်နာခဲ့ရသည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ထိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဆာဆာလက်ခ်၏ ဘယ်ခြမ်းမှ အဓိကထိုးဖောက်ခဲ့သည်။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ထိုင်းအသင်း အနိုင်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် ဆွမ်ဖိုဒီက ခေါင်းတိုက်သွင်းယူခဲ့သည်။ **(ရှိုင်းထက်ဇော်)**

## ဒမ်ဘီလီကို ပေါင်သန်း ၁၃၀ ကျော်ဖြင့် ခေါ်ယူရန် ဘာစီလိုနာ သဘောတူညီချက်ရရှိ

ဘာစီလိုနာအသင်းသည် ဒေါ့မွန်တိုက်စစ်မှူး အော်စမာနီ ဒမ်ဘီလီကို ပေါင် ၁၃၅ ဒသမ ၅ သန်း(ယူရို ၁၄၇ သန်း)ဖြင့် အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ရာ ဒမ်ဘီလီ၏ ယခုအပြောင်းအရွှေ့တန်ဖိုးမှာ ကမ္ဘာ့ဒုတိယ အမြင့်ဆုံးနှုန်းထားဖြစ်လာခဲ့သည်။ ဘာကာအနေဖြင့် ဒမ်ဘီလီအတွက် ကနဦး ပေါင် ၈၉ သန်းကို ပေးချေရမည်ဖြစ်ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုရန် လာမည့်တနင်္လာနေ့တွင် ဆေးစစ်မှုခံယူမည်ဖြစ်သည်။

ဘာစီလိုနာက ဒမ်ဘီလီ၏စာချုပ်တွင် ထွက်ခွာခွင့် လျော်ကြေးကို ပေါင်သန်း ၄၀၀ အထိ ထည့်သွင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဒမ်ဘီလီသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မှုဖြစ်စေရန် တွန်းအားပေးသည့်အနေဖြင့် ဒေါ့မွန်အသင်း လေ့ကျင့်ရေး အစီအစဉ်ကို လာရောက်ခြင်းမရှိခဲ့ရာ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ ဩဂုတ်တစ်လလုံး ဒမ်ဘီလီအတွက် ဘာစီလိုနာအသင်း၏ အကြိမ်ကြိမ်ကမ်းလှမ်းမှုကို ဒေါ့မွန်ဘက်မှ တောက်လျှောက်ပယ်ချခဲ့သော်လည်း ယခု တစ်ကြိမ်တွင် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် နေမာကို ပီအက်စ်ဂျီ အသင်းသို့ ပေါင်သန်း ၂၀၀ ဖြင့် ရောင်းချခဲ့ပြီးနောက် ကော်တင်ဟို၊ ဒမ်ဘီလီတို့ကို တစ်ပြိုင်နက်တည်း ချိတ်ဆက်နေခဲ့ခြင်းဖြစ်သည်။ သို့သော် ကော်တင်ဟိုအတွက် သုံးကြိမ်တိုင်ကမ်းလှမ်းမှုကို ပယ်ချခံခဲ့ရသော်လည်း ဒမ်ဘီလီအတွက် ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်ကွင်းလယ်လူဟောင်း အိုဝင်ဟားဂရေ့ဗ်က ဒမ်ဘီလီမှာ နေမာနှင့် အဆင့်တူကစားသမားဖြစ်ပြီး ဘာစီလိုနာအသင်းအနေဖြင့် အကောင်းဆုံးအစားထိုးမှု ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။

ဟားဂရေ့ဗ်က "သူဟာ အသက်(၂၀)အရွယ်ထဲမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားပါ။ ရပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကောင်းသလို ခြေနှစ်ဖက်စလုံးကလည်း အရည်အသွေးတူ ဘောလုံးထိန်းနိုင်သူဖြစ်ပါတယ်။ ဘယ်ခြေညာခြေ မရွေးဘဲ အလွတ်တည်ကန်ဘောတွေကို အကောင်းဆုံး ကန်သွင်းနိုင်စွမ်းရှိပါတယ်"ဟု ဘီဘီစီသတင်းဌာနနှင့် ပြုလုပ်သော အင်တာဗျူးတွင် ထည့်သွင်းကြေညာခဲ့သည်။

ဘာစီလိုနာအသင်း၏ ဒမ်ဘီလီအတွက် ယခု အသုံးပြုခဲ့သော ပြောင်းရွှေ့ကြေးတန်ဖိုးမှာ ၂၀၁၄ ခုနှစ်တွင် ဆွာရက်ဇ်အတွက် အသုံးပြုခဲ့သည့် ကလပ်အသင်းစံချိန်တင်ကြေး ပေါင် ၇၅ သန်း၏ နှစ်ဆနီးပါးပင်ဖြစ်သည်။ ဘာစီလိုနာသည် ၂၀၁၃ ခုနှစ်က နေမာကို ပြောင်းရွှေ့ကြေး ပေါင် ၈၂ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း တရားဝင်ကြေညာချက်တွင် ပေါင် ၄၈ ဒသမ ၆ သန်းဟုပင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာ နောက်ခံလူ ပီကေးက ဘာစီလိုနာအသင်းမှာ ယခုထိ ကစားသမားများ လာရောက်ပူးပေါင်းချင်စိတ်ရှိအောင် အကောင်းဆုံးဆွဲဆောင်နိုင်ဆဲဖြစ်သည်ကို ကော်တင်ဟိုနှင့် ဒမ်ဘီလီတို့ကိုကြည့်၍ အဖြေထုတ်နိုင်ကြောင်းဆိုခဲ့သည်။ ထို့ပြင် ကော်တင်ဟိုမှာလည်း ဘာကာနှင့် ပူးပေါင်းခွင့်ရရေး အစွမ်းကုန်ကြိုးပမ်းနေသည်ဟု ယုံကြည်ကြောင်း ဆိုခဲ့သည်။

## ဩဂုတ် ၂၆ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၃**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၂ | မန်စီးတီး |
| ပဲလေ့စ် | ၀ | - | ၂ | ဆွမ်ဆီး |
| ဟက်ဒါလ်ဖီး | ၀ | - | ၁ | ဆောက်သမ်တန် |
| နယူးကာဆယ် | ၃ | - | ၀ | ဝက်စ်ဟမ်း |
| ဝက်ဖို့ဒ် | ၀ | - | ၀ | ဘရိုက်တန် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၁ | - | ၃ | ဟမ်းဘတ် |
| ဝါဒါဘရီမင် | ၀ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ဖရန့်ဖတ် | ၀ | - | ၁ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၂ | - | ၂ | ဟော့ဖန်ဟိမ်း |
| အော့စ်ဘတ် | ၂ | - | ၂ | မိုချန်ဂလာဘတ် |
| စတုဂတ် | ၁ | - | ၀ | မိန့်ဇ် |

(ခိုင်ဝင်း)

# ၂၀၁၇ ခုနှစ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကျင်းပ စံပြမိခင်နှင့်မိခင်နို့စနစ်တကျတိုက်ကျွေးသောဆုများချီးမြှင့်

**မန္တလေး ဩဂုတ် ၂၆**

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုသံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အိုင်အိုဒင်းဆားအရည်အသွေး စစ်ဆေးနေမှုနှင့် အာဟာရဖွံ့ဖြိုးရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်၊ မန္တလေးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

၂၀၁၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်ပထမပတ်တွင် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊ ဒုတိယပတ်တွင် အသက်(၅)နှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင်အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်စေရေး ရက်သတ္တပတ်များဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းမြို့နယ်များတွင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# အစိုးရနှင့်ပြည်သူလက်တွဲဆောင်ရွက်မှသာ ရပ်ကွက်၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်မည်

**လွိုင်ကော် ဩဂုတ် ၂၆**

ပြည်သူများအနေဖြင့် အစိုးရနှင့်လက်တွဲဆောင်ရွက်မှသာ မိမိတို့ကျေးရွာ၊ ရပ်ကွက်၊ ဒေသများဖွံ့ဖြိုးတိုးတက်မှုများလုပ်ဆောင်ရာတွင် ပိုမိုထိရောက်အောင်မြင်လာမှာဖြစ်ကြောင်း၊ နန်းမယ်ခုံကျေးရွာအုပ်စုအတွင်းရှိ ဆင်တောင်၊ အိုကော၊ ဘုရားဖြူ ကျေးရွာများမှ ဒေသခံပြည်သူများက မိမိတို့ကျေးရွာ၌ လိုအပ်သော ဒေသဖွံ့ဖြိုးရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြစေလိုကြောင်း၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်ရာမှာ ပြည်သူများအတူတကွပူးပေါင်းပါဝင်လက်တွဲဖို့လိုအပ်ပါကြောင်း၊ ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးအရသာကို ရရှိခံစားနေကြရပြီး ငြိမ်းချမ်းရေးကဏ္ဍတွင် ပြည်သူများပူးပေါင်းပါဝင်တိုက်တွန်းပေးကြဖို့ လိုအပ်ပါကြောင်းဖြင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက နန်းမယ်ခုံ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြည်သူများနှင့်တွေ့ဆုံပွဲတွင်ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကျေးရွာ ပြည်သူများ၏ တင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှတာဝန်ရှိသူတို့က အချို့လုပ်ငန်းများကို ယခုနှစ်အတွင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်များအလိုက် ဘတ်ဂျက်များတောင်းခံပြီးပြုလုပ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က နန်းမယ်ခုံတိုက်နယ်ဆေးရုံသို့သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေကြသည့်လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ၎င်းနောက် ဆေးရုံဝင်းအတွင်း၌ ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဒီးမော့ဆိုမြို့နယ်ခန်းမ၌ မွန်းလွဲ ၁ နာရီခွဲက ဒီးမော့ဆိုမြို့ပေါ်နေ ပြည်သူ ၃၇ ဦးထံသို့ မြို့မြေငှားဂရန်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ် နှစ်ခြင်းခရစ်ယာန်ခန်းမဆောင်၌ ပြုလုပ်သည့် ကယန်းစာပေသင်ကြားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၇)သင်ကြားနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ နန်းမယ်ခုံကျေးရွာအုပ်စုအတွင်းရှိ မိဘပြည်သူများ တက်ရောက်ကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကြားပေါင်းလိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ

**အုတ်တွင်း ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု အင်ဒိုင်းကျေးရွာ စနစ်ကျလယ်မြေဧက ၁၀၀ ဖော်ထုတ်ထားသည့် ကွင်းအမှတ် ၃၁၀ တောင်သူဦးအောင်မင်းစိုက်ပျိုးထားသည့် ဆင်းသုခလယ်ကွက်များတွင် ကြားပေါင်းလိုက်စက်ဖြင့် လက်တွေ့သရုပ်ပြပွဲကို ဩဂုတ် ၂၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်နှင့် စက်မှုလယ်ယာဝန်ထမ်းများ၊ ဒေသခံတောင်သူများလေ့လာကြည့်ရှုခဲ့ကြသည်။ နှစ်တန်းသွားကြားပေါင်းလိုက် ကိရိယာတစ်လက်လျှင် ငွေကျပ် ၃၈၀၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တရားဥပဒေနှင့်အညီတရားစီရင်ရေး၊ အဂတိလိုက်စားမှုမရှိစေရေး ရှင်းလင်းမှာကြား

**မြစ်ကြီးနား ဩဂုတ် ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ်၂၆ ရက် နံနက် ၉ နာရီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ (၁၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးထွန်းထွန်းဦး၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် တရားရေးဝန်ထမ်းများက တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်၍ အဂတိလိုက်စားမှုမရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိရေး တရားရုံးများ၏စွမ်းဆောင်ရေးမြင့်မားစေရေး လိုအပ်ကြောင်း၊တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်များအတိုင်း အလေးထားလိုက်နာလုပ်ဆောင်သွားရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများဖြစ်သည့် ဦးဇော်ဝင်းနှင့် ဒေါ်ပြုံးပြုံးအေးတို့က ပြည်နယ်အတွင်းရှိ မြို့နယ်တရားရေးဦးစီးဌာနတို့မှ တရားရေးအရာရှိများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး မွန်းလွဲပိုင်းတွင် ပြည်နယ်တရားရေးဦးစီးမှူး ဦးဖြိုးဖြိုးကထပ်ဆင့် ရှင်းလင်းပွဲ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လမ်းညွှန်မှာကြားသည့် မှာကြားချက်များအားအကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်အတွင်း ခရိုင်နှင့်မြို့နယ်များမှတရားသူကြီးများက တရားရုံးများအလိုက် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကာ အခမ်းအနားသို့ တရားရေးအရာရှိ ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# Royal Mail က လျှပ်စစ်ကားများဖြင့် ဝန်ဆောင်မှုစနစ်သစ်ကို အင်္ဂလန်တွင်စတင်


လျှပ်စစ်ကားထုတ်လုပ်မှုများ ကမ္ဘာတစ်ဝန်း အပြိုင်အဆိုင် ဖန်တီးထုတ်လုပ်နေကြသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင်များအတွက်လောင်စာစွမ်းအင်တတ်နိုင်သမျှ လျှော့ချနိုင်ရန် နည်းပညာများပူးပေါင်းကာ လျှပ်စစ်စွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်အစရှိသည့် သဘာဝမှရရှိသော စွမ်းအင်များကို လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်တွင်ကျယ်စွာအသုံးပြုလာနိုင်ရန် ပညာရှင်များက ကြိုးစားဖန်တီးနေကြပြီဖြစ်သည်။

အင်္ဂလန်နိုင်ငံရှိ Royal Mail ဝန်ဆောင်မှု လုပ်ငန်းသည်လည်း အဆိုပါစနစ်ကိုစတင်အကောင်အထည်ဖော်ပြီဖြစ်သည်။ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကို စတင်စမ်းသပ်ဆောင်ရွက်မှုပြုလုပ်လိုက်ပြီဖြစ်သည်ဟုသိရသည်။ အဆိုပါဝန်ဆောင်မှုလုပ်ငန်းကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ရှိသော Royal Mail လုပ်ငန်းရုံးအနီးတွင် ၎င်းလျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များကို စတင်မိတ်ဆက်ပေးကာ ဝန်ဆောင်မှုစနစ်များ ပြုလုပ်ပေးတော့မည်ဖြစ်သည်။

၎င်းလျှပ်စစ်စွမ်းအင်သုံး Electric Van များကိုအသုံးပြုပြီး အားပြန်လည်သွင်းယူနိုင်ရန် ဆုံရပ်တစ်ခုထားရှိသွားမည်ဖြစ်ကာ နောက်ပိုင်းကာလများတွင် ယခင်အသုံးပြုခဲ့သော လောင်စာစွမ်းအင်သုံးမော်တော်ယာဉ်များနေရာတွင် အစားထိုးအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို တစ်စိတ်တစ်ပိုင်းလျှော့ချနိုင်တော့မည်ဖြစ်ပြီး ယခုစမ်းသပ်ကာလအတွက် ကားအစီး ၁၀၀ ဝန်းကျင်ခန့် အဆင်သင့်ရှိနေပြီဟုသိရသည်။ ယခုစမ်းသပ်မှုအောင်မြင်ပါက လာမည့်ဒီဇင်ဘာလတွင် ၎င်းလျှပ်စစ်စွမ်းအင်သုံး Electric Van များ အစီးရေ ၅၀၀၀၀ ခန့် ထပ်မံ အသုံးပြုဝန်ဆောင်မှုပေးသွားမည်ဟုသိရသည်။

ALEX



# သဘာဝကျစွာမြင်တွေ့နိုင်မည့် မျက်မှန်တစ်မျိုး Facebook က ဖန်တီးနေ

ယနေ့ကာလတွင် နည်းပညာသစ်များတစ်ရက်ထက်တစ်ရက် တိုးတက်လာနေပြီး မထင်မှတ်ထားသောရသများနှင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်း နာမည်ကျော်နည်းပညာလုပ်ငန်းများက မိတ်ဆက်ထုတ်လုပ်နေကြပြီဖြစ်သည်။ နေ့စဉ်သုံးစွဲသူဦးရေတိုးလာသော Facebook သည် လက်တွေ့ကမ္ဘာနှင့် စိတ်ကူးယဉ်လောကကို ပေါင်းစပ်ခံစားမှုပေးနိုင်မည့် မျက်မှန်တစ်မျိုးထုတ်လုပ်နေသည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

Augmented Reality Glasses ဟုအမည်ပေးထားပြီဟု သိရသော မျက်မှန်တစ်မျိုးကို Facebook ၏ တရားဝင်လုပ်ငန်းတစ်ခုတွင်ပါဝင်သော Oculus VR မှ ဖန်တီးနေခြင်းဖြစ်သည်။ အဆိုပါမျက်မှန်တွင် ကွန်ပျူတာလုပ်ဆောင်ချက်များနှင့် သဘာဝလုပ်ဆောင်ချက်များကို ပေါင်းစပ်ကာမြင်တွေ့နိုင်မည်ဖြစ်သည်ဟုဆိုသည်။


၎င်းမျက်မှန်သည် ဓာတ်ပုံနှင့်ဗီဒီယိုများကို နည်းပညာသစ်များနှင့်ပေါင်းစပ်ကာ ပြသပေးသွားမည်ဖြစ်ပြီး အနာဂတ်တွင် လေဆာစနစ်နှင့် နည်းပညာသစ်များပေါင်းစပ်ကာ ပိုမိုကောင်းမွန်သည့် မြင်ကွင်းများကို ပုံဖော်ပေးသွားနိုင်မည်ဟုသိရသည်။ အဆိုပါ မျက်မှန်စမ်းသပ်နေမှုများအတွက် Facebook CEO Mark Zuckerberg ၏ ထူးခြားသည့်ပြောဆိုမိတ်ဆက်မှုများကိုမူ မတွေ့ရချေ။ ကမ္ဘာ့လူသုံးအများဆုံး ဆိုရှယ်မီဒီယာတစ်ခုဖြစ်သည့် Facebook သည် လွန်ခဲ့သောရက်များအတွင်းကလည်း အသုံးပြုသူတို့အတွက် ဆန်းသစ်သည့်လုပ်ဆောင်ချက်အချို့ကို ထပ်မံထည့်သွင်းမိတ်ဆက်ပေးခဲ့သည်။ ALEX















# ရွှေတံခါးကြီး ဖွင့်ပါဦး

ukHdif

ဓာတ်ပုံ– abiports.com

အိန္ဒိယနိုင်ငံအတွက် 'ရွှေတံခါးကြီး' ဟူ၍ တင်စားခေါ်ဝေါ်နိုင်သည့် ပင်လယ်ဆိပ်ကမ်းတစ်ခုမှာ အီရန်နိုင်ငံရှိ ချားဘဟာအမည်ရှိ ဆိပ်ကမ်းဖြစ်ပြီး အာဖဂန်နစ္စတန်၊ အရှေ့အလယ်ပိုင်းဒေသနှင့် ယူရေးရှား (ဥရောပ-အာရှ ပေါင်းစပ်ကုန်းမြေဒေသ) တို့နှင့် ကုန်သွယ်ရေးအရ ရွှေလမ်းငွေလမ်းဖောက်ရန် ဂိတ်တံခါးကြီးအဖြစ် ရှုမြင်ကြရလေသည်။

မဟာဗျူဟာအရ အရေးကြီးလှသည့် ချားဘဟာပင်လယ်ဆိပ်ကမ်းစီမံကိန်းကြီး အကောင်အထည်ဖော်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံနှင့် မကြာမီက သဘောတူညီချက်တစ်ရပ် ရရှိခဲ့ခြင်းမှာ ဒေသဆိုင်ရာကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် တားဆီးပိတ်ပင်နေသည့် အတားအဆီးတစ်ရပ်ကို ရှင်းလင်းဖယ်ရှားနိုင်ခြင်းပင်ဖြစ်လေသည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်း စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ အကြံပြုချက်များ တင်သွင်းနိုင်ရန် အိန္ဒိယနှင့် အီရန်အကြား အထူးလုပ်ငန်းအဖွဲ့တစ်ရပ်ကို ထူထောင်ရန် သဘောတူညီချက်ရရှိထားပြီဖြစ်သည်။

ဒေသတွင်း၌ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများအကောင်အထည်ဖော်ရေးတွင် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့လင့်ကစား ယခုအခါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း အိန္ဒိယ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့် အဝေးပြေးလမ်းများဆိုင်ရာ ဝန်ကြီး နီတင်ဂတ်ကရီက ပြောကြားသည်။

ပင်လယ်ဆိပ်ကမ်းများနှင့် ရထားလမ်းများ ကွန်ရက်ချိတ်ဆက်ရေးကိစ္စနှင့် ပတ်သက်၍ နှစ်ဖက်ညှိနှိုင်းကြရန် အိန္ဒိယနှင့် အီရန်တို့ သဘောတူညီခဲ့ကြသည်။




ဓာတ်ပုံ– myblog.com

ချားဘဟာ ပင်လယ်ဆိပ်ကမ်းသည် အစောဆုံးအနေဖြင့် ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု နှစ်နိုင်ငံစလုံးက ကတိကဝတ်ပြုထားကြောင်း ဝန်ကြီး ဂတ်ကရီက ပီတီအိုင် သတင်းဌာနသို့ ပြောကြားခဲ့သည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်းလုပ်ငန်းလည်ပတ်စေခြင်းဖြင့် ကုန်းတွင်း အာဖဂန်နစ္စတန်နှင့် အာရှအလယ်ပိုင်းဒေသရှိနိုင်ငံများ၊ ရုရှားနိုင်ငံ အပါအဝင် ဥရောပ-အာရှ ပေါင်းစပ်ကုန်းမြေဒေသ (ယူရေးရှား) နိုင်ငံများနှင့် ကုန်သွယ်ရေး ဆက်ဆံနိုင်ရန် အိန္ဒိယနိုင်ငံမှာ လမ်းပွင့်သွားပေလိမ့်မည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံအတွက် မည်မျှအရေးပါသနည်းဆိုသော အချက်နှင့် ပတ်သက်၍ စေ့ငုလေ့လာသော် အောက်ပါအချက်များကို တွေ့မြင်ရလေသည်။

**စီးပွားရေးအရ အရေးပါမှု**

အိန္ဒိယနိုင်ငံသည် ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ပါကစ္စတန်နိုင်ငံကို ကွင်းရှောင်ကာ ဝင်ထွက်နိုင်မည့် ချဉ်းကပ်လမ်းတစ်ခုကို ရရှိပေမည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်းကို အသုံးပြု၍ နိုင်ငံတကာ မြောက်ပိုင်း-တောင်ပိုင်း သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်း (အိုင်အင်န်အက်စ်တီစီ) စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖွယ်ရှိသည်။ အဆိုပါ စီမံကိန်းကို ရုရှား၊ အီရန်နှင့် အိန္ဒိယနိုင်ငံတို့က ၂၀၀၂ ခုနှစ် မေလ ၁၆ ရက်တွင် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ချားဘဟာ ပင်လယ်ဆိပ်ကမ်းအနီးတစ်ဝိုက်ရှိ လွတ်လပ်သော ကုန်သွယ်ရေးဇုန်သည် အာရှအနောက်ပိုင်းဒေသနှင့် ကုန်သွယ်ရေးဆက်ဆံမှု ပြုလုပ်ရာတွင် အရေးပါသော ကဏ္ဍမှ ရပ်တည်လာနိုင်ပေသည်။

အီရန်နိုင်ငံ၏ ထိပ်တန်းသွင်းကုန်ပစ္စည်းများဖြစ်ကြသော သံရိုင်း၊ သကြားနှင့် ဆန်တင်ပို့ရေးလုပ်ငန်းများ ဖွံ့ဖြိုးစည်ပင်လာနိုင်သည်။ မျက်မှောက်ကာလတွင် ယင်းကုန်ပစ္စည်းများကို အီရန် တင်သွင်းနိုင်မှု အားနည်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံအတွက် သယ်ယူပို့ဆောင်ရေး စရိတ်စကများ လျော့နည်းသက်သာလာခြင်းဖြင့် ရေနံစိမ်း၊ ယူရီးယားဓာတ်မြေဩဇာနှင့် သစ်သီးဝလံခြောက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူတင်သွင်းနိုင်ပေသည်။

အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံ၌ ဓာတ်မြေဩဇာစက်ရုံ စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံလျက်ရှိရာ အစိုးရအနေဖြင့် ရေရှည်တွင် ဓာတ်မြေဩဇာရရှိရေးအတွက် ကျခံသုံးစွဲရသည့် စရိတ်များ သက်သာခွင့်ရှိလာပေမည်။

ပြည်ပမှ ရေနံတင်သွင်းရခြင်းအတွက် စရိတ်ထောင်းနေခဲ့ရသော အိန္ဒိယနိုင်ငံမှာ ကာလရှည်တွင် ကုန်ကျစရိတ်များကို အဆပေါင်းများစွာ သက်သာခွင့်ရရှိနိုင်သည်။

အာရှအလယ်ပိုင်းဒေသသို့ လွယ်လင့်တကူ ချဉ်းကပ်လာနိုင်ခြင်းကြောင့် စားနပ်ရိက္ခာ လုံခြုံရေးအတွက် ကြီးစွာအထောက်အကူရနိုင်မည်ဟု ခန့်မှန်းရလေသည်။

**နိုင်ငံရေးအရ အရေးပါမှု**

ဂါဂတ် နယ်ခြားဒေသမှတစ်ဆင့် အာဖဂန်နစ္စတန်နှင့် ကုန်သွယ်ရေးပြုလုပ်လိုသော်လည်း ပါကစ္စတန်၏ ငြင်းပယ်မှုကြောင့် အိန္ဒိယမှာ အာဖဂန်နှင့် ကုန်သွယ်မှုပြုလုပ်ရန် အခွင့်သာခြင်း မရှိခဲ့သည့် အနေအထားမှ ကျော်လွှားလွန်မြောက်လာနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ကုန်းတွင်းပိတ် အာဖဂန်နစ္စတန်အနေဖြင့် ပါကစ္စတန်နိုင်ငံအပေါ် မှီခိုအားထားနေရမှုကို လျှော့ချလာနိုင်စေရန် အကြောင်းတစ်ရပ် ဖြစ်စေလိမ့်မည်။

ဂဝါဒါ ပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် ပါကစ္စတန်နိုင်ငံအား အထောက်အကူပြုပေးခြင်းဖြင့် အာရေဗျပင်လယ်အတွင်း တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ချေဖျက်လာနိုင်မည်ဟု ခန့်မှန်းရသည်။

အာဖရိက ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်တွင် ကုန်သွယ်ရေကြောင်းသင်္ဘောများအတွက် လုံခြုံရေးစောင့်ကြပ်ပေးမည့် ရေယာဉ်များက ချားဘဟာပင်လယ်ဆိပ်ကမ်းကို အသုံးပြုလာနိုင်မည်။

ကုန်သွယ်ရေးနှင့် အခြားသော ဆက်ဆံမှုများ မြှင့်တင်နိုင်ရေးအတွက် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အထူးအားဖြင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နှင့် ထိတွေ့ဆက်ဆံရန် ချဉ်းကပ်လမ်းရလာမည်။

၎င်းအပြင် အိန္ဒိယအနေဖြင့် အာရေဗျပင်လယ်အနောက်ပိုင်း၌ ခြေကုပ်တစ်ခုရရှိရေးအတွက် အထောက်အကူရရှိပေမည်။ အာရေဗျ ပင်လယ်အနောက်ပိုင်းဒေသသည် အိန္ဒိယနိုင်ငံအတွက် ရေနံတွင်းကုန်များ ဝင်ရောက်ရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည်။

**သံတမန်ရေးအရ အရေးပါမှု**

ချားဘဟာ ပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးလာခြင်းအတွက် အိန္ဒိယနှင့် အီရန်အကြား ယဉ်ကျေးမှုအရ ပေါင်းကူးယှက်နွယ်မှု တိုးတက်ဖြစ်ပေါ်ရေးအတွက် ချိတ်ဆက်မှု ဖြစ်စေနိုင်ပေသည်။

အိန္ဒိယနိုင်ငံသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထူးလုပ်ငန်းများအတွက် ညှိနှိုင်းလုပ်ဆောင်နိုင်မှု တိုးလာနိုင်သည်။

၎င်းအပြင် နိုင်ငံတကာ ကုန်သွယ်ရေကြောင်းလုပ်ငန်းများ လုံခြုံရေးအတွက် အရေးပါလှသည့် ရေတပ်မတော် ထူထောင်ရေးရည်မှန်းချက်အတွက် အိန္ဒိယက ဦးတည်ဆောင်ရွက်ရာတွင် သံတမန်ရေးအရ အားသာချက်ရရှိလာနိုင်ပေသည်။

အီရန်နိုင်ငံနှင့် ရေနံကုန်သွယ်ရေး မြှင့်တင်နိုင်စေမည့် အစီအစဉ်နှင့်အတူ အိန္ဒိယနိုင်ငံရှိ အကြီးဆုံးသော ရေနံချက်စက်ရုံအတွက် လိုအပ်သော ရေနံစိမ်းတင်သွင်းရာတွင် ချားဘဟာပင်လယ်ဆိပ်ကမ်းက အထောက်အကူပေးပေမည်။

ပါကစ္စတန်နိုင်ငံရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်းကို တရုတ်နိုင်ငံက ချဉ်းကပ်ခွင့် ရရှိထားပြီး ကက်ရှ်ဂါး-ဂဝါဒါစင်္ကြံလမ်း၏ စိုးမိုးမှုကို အိန္ဒိယနိုင်ငံက တန်ပြန်နိုင်ပေမည်။

**လှုပ်ရှားသက်ဝင်လာချိန်**

ပါရှန်ပင်လယ်ကွေ့ရှိ အီရန်နိုင်ငံ၏ မဟာဗျူဟာမြောက် ချားဘဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေရရှိရန် လိုအပ်ပြီး အိန္ဒိယနိုင်ငံရှိ EXIM Bank အမည်ရှိ ပို့ကုန်-သွင်းကုန် ဘဏ်က ချေးငွေထုတ်ပေးရန်အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုချက်များ ပေါ်ထွက်ခဲ့လေသည်။

ချားဘဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် အီရန်၌ ကုမ္ပဏီတစ်ခုထူထောင်ရန် အိန္ဒိယ ဝန်ကြီးအဖွဲ့က သင်္ဘောလုပ်ငန်းဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။

အီရန်နှင့် အပြီးသတ် ကန်ထရိုက်သဘောတူညီချက်ရရှိရေးအတွက် အိန္ဒိယဘဏ္ဍာရေး၊ နိုင်ငံခြားရေးနှင့် သင်္ဘောလုပ်ငန်းဝန်ကြီးဌာနတို့က ဆက်လက်ဆောင်ရွက်လျက်ရှိနေချိန် ဖြစ်လေသည်။

ချားဘဟာပင်လယ်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်နေလင့် ကစား အခြားသော အရေးပါသည့် အကြောင်းခြင်းရာများရှိနေသေးသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် စီးပွားရေးခိုင်မာအားကောင်းလှခြင်းမရှိသည့်အပြင် သောင်းကျန်းမှုကဲ့သို့သော ပြည်တွင်းရေးရာ ရှုပ်ထွေးမှုများကို ရင်ဆိုင်တွေ့ကြုံနေရဆဲဖြစ်သည်။

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့အများစု ရုပ်သိမ်းပေးခဲ့ပြီးနောက် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် စွမ်းဆောင်ကြိုးပမ်းရာတွင် ယင်းနိုင်ငံအနေဖြင့် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

**ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများ**

ချားဘဟာမြို့၌ အိန္ဒိယ လုံခြုံရေးတပ်ဖွဲ့များ စခန်းချရေးကို အီရန်နိုင်ငံက သဘောတူနိုင်ဖွယ်မရှိချေ။

ကုန်သွယ်ရေကြောင်းလမ်း လုံခြုံရေးအတွက် ဆောင်ရွက်ပေးရမည့် အိန္ဒိယရေတပ်အနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ကာလရှည် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ရေတပ်ခေတ်မီတိုးတက်ရေးကို အစိုးရအဖွဲ့က အကောင်အထည်ဖော်နိုင်ရန်လည်း ကြိုးပမ်းရမည်ဟု ချင့်တွက်ရပေသည်။

အိန္ဒိယနိုင်ငံက ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်ရာတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်လေ့ရှိသည့် တင်းမာမှုများက တောင်အာရှဒေသသို့ ကူးစက်ပျံ့နှံ့မှု မရှိစေရန်လည်း လိုအပ်လှသည်။ ၎င်းအပြင် ဒေသဆိုင်ရာနိုင်ငံများအကြား ဆက်ဆံမှုအနေအထား၊ ဒေသဆိုင်ရာ နိုင်ငံများ၏ အခြေခံအဆောက်အအုံအနေအထား၊ အမေရိကန်အပါအဝင် အနောက်အုပ်စုနှင့် အီရန် ဆက်ဆံရေးအနေအထားတို့က ဖွံ့ဖြိုးရေးလုပ်ငန်းကို ရိုက်ခတ်မှုရှိတတ်သေးသည်။

ဝန်ကြီးချုပ် မိုဒီသည် လွန်ခဲ့သည့်နှစ် မေလအတွင်းက အီရန်သို့ သွားရောက်ခဲ့ပြီးနောက် အီရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် သမိုင်းဝင် အခွင့်အခါ သင့်လာခြင်းဖြစ်ပြီး စီးပွားရေးပိတ်ဆို့ခံခဲ့ရသည့် အီရန်နိုင်ငံ၌ ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေပုံကို တွေးတောမိရင်း "ရွှေတံခါးကြီး ဖွင့်ပါဦး" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*Ref ;*

*India, Iran Agree to Set Aside Differences for Chabahar Port Project (Sputniknews)*

BFI EDUCATION SERVICES

www.bfi-edu.com
/bfieducation

SKT COLLEGE | MISA ACADEMY | BISA ACADEMY

# Congratulations!

## ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာခြင်း

၂၀၁၇ ခုနှစ် ဇွန် လတွင် စစ်ဆေးခဲ့သော **IGCSE** စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျွန်ုပ်တို့၏ကျောင်းသူ ကျောင်းသားများကို **BFI Education Services** မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာအပ်ပါသည်။

We congratulate our IGCSE students who completed their IGCSE examinations in June 2017 series.Our students achieved outstanding results and proudly announce some of our students' great achievements.



| PAING PHYO THIHA | THUKHA SOE | SU SU SAN | WIN HTET MOE ZAW HEIN |
|---|---|---|---|
| 8 A* & 2A | 8 A* & 1A | 8 A* & 1A | 7A* & 1A |

| | |
|---|---|
| THIHA KAUNG SETT | 6A* & 2A |
| HNIN NADI | 6A* & 2A |
| WAI WAI MYINT | 6A* & 1A |
| SI THU NAING | 5A* & 3A |
| SOE WINT WINT AUNG | 5A* & 2A |
| MOE HTUT ZAW | 5A* & 2A |
| SAW PYAE HSU ZAW | 5A* & 1A |
| KYAW ZIN LINN | 5A* |
| ZWE MIN SOE | 4A* & 2A |
| AUNG HEIN HTET | 3A* & 3A |
| PAING HEIN AUNG | 3A* & 2A |
| EI EI KYAW | 2A* & 3A |
| OAK SOE KHANT | 2A* & 2A |
| CHIT SU SU THWAY | 2A* |
| 1A* - 10 Students | |
| (Atleast 1A - 9 students) | |

**IGCSE စာမေးပွဲတွင် 4A* နှင့်အထက်ရရှိသောကျောင်းသူကျောင်းသားများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၄ဘာသာဂုဏ်ထူးနှင့် အထက်ရရှိသောကျောင်းသူ၊ကျောင်းသားများ Shu Khinn Thar International College တွင် Cambridge A level programme ကို Scholarship (ပညာသင်ဆု) လျှောက်ထားနိုင်ပါသည်။**

235, Shu Khinn Thar Myo Pat Rd, Thaketa Tsp, Yangon.Ph: (01) 450396-7, (01) 9410010-20



HYUNDAI

# Monsoon Special Promotion

မြန်မာနိုင်ငံနှင့် အထူးသင့်လျော်သော အကောင်းဆုံး ဟွန်ဒိုင်း Light Truck

**H-100**
Your dependable business partner

**3.5** Lakh/month
for **5** years (no interest)

ခ ကနဦး ပေးသွင်းငွေ (20%) : $ 3,680

FREE GIFT
DVD player, Roof & seats





• 2.6 L Diesel (Natural Aspiration) • 5-Speed M / T

အရေအတွက်ကန့်သတ်ထားပါသည်။

HYUNDAI INTERNATIONAL KLM Co.,Ltd.

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 ,09 2500 100 10 Service Center : (01) 522 724
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 4539 58560
www.hyundaimotor.com.mm | info@hyundaimotor.com.mm | www.facebook.com/hyundaimm

3 YEARS WARRANTY 100,000 KM

All information and illustrations are based on data avilable at the time of publication and subject to change without notice.


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING AMBER V.16 သင်္ဘောသည် ၂၉-၈-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။ သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


SYP ဆေးရိုးပင် SYP

ကိုဆန်းနိုင် + မမိုးမိုးအေး

Ph: 01645757, 095145162, 09965145162, 0973021997, 09455081166, 095408777



AA

09-43158300, 09-254051326
09-782793551



(၁၁) နှစ်အတွေ့အကြုံရှိ
အကောင်းဆုံးသင်ရှင်းစာ
GESC 09 428296989



ရွှေယုန်မင်း

**သီတဂူစွမ်းရွှေပြည့်ဟိတ်နဲ့၊ စေတ္တဒါနဆေးရုံ ဇော်တင်ဘာလ ၁၆၊ ၁၇ (၈၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပဒေသာလှူဒါန်းနိုင်**

Account No. 007-50100701690301

## အထက(၁)ကမာရွတ်

## စံပြအမျိုးသမီးအထက်တန်းကျောင်း – မရမ်းခြံ

## (၂၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောင်းသူဟောင်းများ(၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ(၅)ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁း၀၀ နာရီတွင် ကျောင်းကြီး၏ မရမ်းမြိုင်ခန်းမ (အားကစားရုံ)ခန်းမတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူဟောင်းကြီးများ၊ မျိုးဆက်သစ်ကျောင်းသူဟောင်း/ သစ်များတက်ရောက်ပါဝင်ဆင်နွှဲရင်း အောက်ပါကျောင်းသူဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်စန်းဖြူဖြူ | -၀၉ ၇၃၂၀၈၅၆၈ | ဒေါ်လှလှထွေး | -၀၉ ၅၀၂၄၈၉၆ |
| ဒေါ်ညွန့်ညွန့်ရီ | -၀၉ ၄၂၀၇၅၈၈၀၆ | ဒေါ်သက်သက်နွယ် | -၀၉ ၅၀၈၃၇၁၈ |
| ဒေါ်အေးလှိုင် | -၀၉ ၇၃၀၆၉၀၀၉ | ဒေါက်တာစီစီဦး | -၀၉ ၅၀၀၃၂၂၇ |
| ဒေါ်တင်တင်ရွှေ | -၀၉ ၃၂၀၇၅၆၄၅ | ဒေါ်သီတာ | -၀၉ ၅၁၂၅၃၅၈ |
| ဒေါ်လှလှ | -၀၉ ၄၂၀၀၉၈၆၁၁ | ဒေါက်တာအိအိဖူးငုံ | -၀၉ ၇၃၀၃၁၆၅၃ |
| ဒေါ်မီမီထွန်း | -၀၉ ၂၅၀၂၆၉၉၃၇ | ဒေါက်တာမွန်မွန်ပိုက် | -၀၉ ၇၃၁၀၀၀၈၃ |
| ဒေါ်ချိုချိုမြင့် | -၀၉ ၇၃၁၄၅၁၀၄ | ဒေါ်ခင်ပြုံး | -၀၉ ၄၄၈၀၅၀၁၀၂ |
| ဒေါ်ဥမ္မာကြည် | -၀၉ ၅၂၅၂၈၈၂ | ဒေါ်ခင်သီတာတိုး | -၀၉ ၅၀၁၅၈၃၂ |
| ဒေါ်မြမြအေး | -၀၉ ၅၀၅၀၅၆၈ | ဒေါ်မြတ်သူဇာအေး | -၀၉ ၄၃၀၂၁၁၈၉ |

### အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၇) ဒသမတန်း(C)မှ ဦးလားလောဆန်းငါ [၅/ကလထ(နိုင်)၁၂၃၇၇၅]၏ သမီး အမည်မှန်မှာ မရီဗက္ကလားဒုံးလုံနီး [၅/ကလတ(နိုင်)၂၂၇၃၈၀] ဖြစ်ပါကြောင်း။

GOLDEN STAR
အဘဘထွက်ပွဲ-မှုံ-မုပ္ပါ (5-9-17) 09-200 8080
မှုံ-ညောင်ဦး-မုပ္ပါ (သောကြာ) 09-201 8080
မြဝတီ-မဲဆောက် (သောကြာ) 09-202 8080






✓ Certificate ရ
✓ (USA-2012) နှင့် Certificate ရ
✓ Certificate ရ
✓ Certificate ရ
ဖျံ-ရွှေ-ကောင်
Ph.D (Alternative Medicines)







### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၈၁၀/ခ၊ မြေကွက်တည်နေရာ အမှတ် (၈၁၀/ခ)၊ အသဃ(၂၆) လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်ခင်ကြည် [၁၂/ဥကတ(နိုင်) ၀၁၇၀၄၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ကြည်ကွယ်လွန်သဖြင့် ဦးမြင့်ဆွေ [၁၂/ဥကတ(နိုင်)၀၁၆၉၇၆] မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်သူအရာရှိ ဦးနန္ဒမျိုးရွှေ့မှောက်တွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ဒေါ်ခင်ကြည် အမည်ပေါက်နှစ်(၆၀)ဂရန် မူရင်းတို့တင်ပြ၍ ဦးမြင့်ဆွေထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၅၇၁၆/၁၇ (၁၅-၆-၂၀၁၇) ဖြင့်ရရှိသူ GP ဦးဟာမိတ်ဟုစိန် (SRM-111036) မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၇/၁၉၃၃/၁၇(၂၆-၇-၁၇)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေသည် မြေကွက်လပ်ဖြစ်ပြီး ခြံစောင့်နေထိုင်မှုအပေါ် တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြသောကြောင့် GP ဦးဟာမိတ်ဟုစိန် (SRM-111036)၏အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ


"ဈေးနှုန်းသင့်တင့်မျှတ အရည်အသွေးကထာဝရ ဝန်ဆောင်မှုကအဓိက"
Edunburgh Elevator GmbH (Myanmar)
Vertrieb und Entwicklung von Aüfzugen und Steuerelementen
"မြန်မာပြည်တွင် Edunburgh Elevator အစီးရေ ရာပြည့် တပ်ဆင်ပြီးစီးခြင်း အထိမ်းအမှတ်"
Celebrating our 100th successfully sales in Myanmar
MOONSOON PROMOTION
UNTIL 30.9.2017
DON'T MISS THE CHANCES
Any Purchase
1
Get Any 1
- G-Shock
A|X ARMANI EXCHANGE
Gift Voucher
200,000 Ks Purchase
- Alexandre Christie
- Romanson Watch
2
Lucky Draw
I Pad Air
I Phone 7
Refrigerator
Washing Machine
LED 60" TV
Discount
up to 15%
3
Complains & After Sale Services = 18 Months Free
3 Years Warranty
Elevator
Observation Lift
Escalator
Mechanized Parking Equipment
Car Decoration
Moving Walk
- ပြောင်းလဲလာသော စီးပွားရေးစနစ်ပေါ်တွင် အခြေခံကာ CCM မှ အဆင့်မြင့် မွမ်းမံဖွဲ့စည်းလိုက်သော Naing Empire မှတင်သွင်းရောင်းချသည့် EDUNBURGH ELEVATOR အား နည်းစနစ် အသစ်များဖြင့် ပြုပြင်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။
- အစဉ်တစိုက် အားပေးခဲ့ကြသော မူလ Customer ကြီးများမှ Edunburgh Elevator ၏ အားနည်းချက်များအပေါ် မေတ္တာဖြင့် နားလည် ခွင့်လွှတ်ပေးမှုအား အထူးပင် တန်ဖိုးထား မှတ်တမ်းတင်ပါကြောင်းနှင့် ကျွန်တော် ကျွန်မတို့မှလည်း စိတ်သစ်၊ လူသစ်၊ မူအသစ်များနှင့် လူကြီးမင်းတို့စိတ်တိုင်းကျ ထူးခြားဆန်းသစ်သော ဝန်ဆောင်မှုကောင်းများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား ခင်မင်လေးစားစွာ မင်္ဂလာ သတင်းကောင်းပါးအပ်ပါသည်။
- လူကြီးမင်းတို့၏ Elevator များအတွက်လိုအပ်သော Installation လုပ်ငန်းများ Test Run လုပ်ငန်းများနှင့် After Sale Service လုပ်ငန်းများကိုလည်း အထူးဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။"
Made in Germany
Edunburgh Elevator GmbH (Myanmar)
No.90 | Upper Pansodan Rd | Mingalar Taung Nyunt Tsp| Yangon | Myanmar. Ph : 09-421002834 | 09-450026996 | 09-43094876 nkedunburghelevator@gmail.com
Block-5(11) | Mingalar Mandalay | Chanmya Tharsi Tsp | Mandalay | Myanmar. Ph : 09-793111669 | 09-797377539 edunburghmdy@gmail.com Hotline : 09-776102980


မြန်မာ့ရှေ့ဆောင်ဘဏ် ®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
INTEREST DAILY
နေ့စဉ်အတိုးတွက်
INTEREST %
အတိုးနှုန်း ၈.၅%
INTEREST QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date | Code | Withdrawal | Deposit | Balance
01.05.2017 | CHD | | 500,000.00 | 500,000.00
05.05.2017 | CHD | | 500,000.00 | 1,000,000.00
15.05.2017 | CHW | 700,000.00 | | 300,000.00
30.05.2017 | CHD | | 1,000,000.00 | 1,300,000.00
ယခင်အတိုးတွက်ပုံစံ
အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး / ၁၀၀ x ၁၂ = ရရှိမည့်အတိုး
Mayလ အတွက် စံစားရမည့်အတိုး
၂,၁၂၅ ကျပ်
ယခုအတိုးတွက်ပုံစံ
နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး / ၃၆၅ x စုစုပေါင်း ရက် = ရရှိမည့်အတိုး
Mayလ အတွက် စံစားရမည့်အတိုး
၄,၄၄၇.၉၅ ကျပ်
MAB Savings
ငွေစုဘဏ်စာရင်း
Callcenter: +95(1)8610612
www.mabbank.com
Scan QR Code with your Smart Phone to Find MAB Branches








## ဖခင်အမည်မှန်

မော်ဘီမြို့နယ်၊ အထက(ခွဲ)၊သန္တေပင် စတုတ္ထတန်းမှ မောင်ခန့်ထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးမောင်ဘု[၈/နမန(နိုင်)၂၀၇၉၀၀]ဖြစ်ပါကြောင်း။

ဦးမောင်ဘု

## ပျောက်ဆုံးကြောင်း

မြို့ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသပိုင် ယာဉ်အမှတ် RLG-4666, Toyota Hilux Vigoယာဉ်၏ ယာဉ်လိုင်စင်နှင့် အခွန်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၅၀၃၂၉

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၇)၊ သတ္တမတန်းမှ မောင်လင်းကိုကိုထွေး၏ ဖခင်အမည်မှန်မှာ ဦးချိုကြီး (TBN-၀၂၃၉၂၅) ဖြစ်ပါကြောင်း။

ဦးချိုကြီး


**NANYENG INTERNATIONAL COLLEGE**

International Qualifications Network
IQN (UK) မှ အသိအမှတ်ပြုချီးမြှင့်သည့်
Single Subject Diploma သင်တန်းများ

ထူးချွန်ကျောင်းသား/သူများအတွက် Exam Fees ကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေး

**Diploma in Human Resource Management**
(9:00 AM to 12:00 PM)
Dr. Nay Min Aye
(M.Act.,PhD)

**Diploma in Marketing**
(1:00 PM to 4:00PM)
Ast.Prof. Win Min Thein (Sayar Kevin)
(M.Sc (B' mouth, UK)., PhD (Thesis)

Oct 1st စမည်
Sunday Only
(4 Months)

Ph : 09-420118100, 09-250640429



ရေသန့်စက်ရောင်းမည်

စတီးအိုး၊ အချင်း (၂ ပေ)

Ph : 01 522031, 09 5010272

**Y.E.S.** Since 1994
**International English Language Centre**
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

| Basic Spoken English | |
|---|---|
| Mon to Thurs-7:30-9:30am | 14,28 Aug |
| Mon to Thurs-10:30-12:30am | 14 Aug |
| Mon to Thurs-1:00-3:00pm | 14,28 Aug |
| Mon to Thurs-3:00-5:00pm | 14 Aug |
| Mon to Thurs-5:30-7:00pm | 14 Aug |
| Sat & Sun-9:00-12:00am | 26 Aug |
| Sat & Sun-3:45-6:45pm | 26 Aug |
| **Pre-Intermediate English** | |
| Mon to Thurs-10:30-12:30pm | 14 Aug |
| Mon to Thurs-5:30-7:00pm | 14 Aug |

| Grammar Foundation Course | |
|---|---|
| Sat & Sun- 9:00-12:00am | 12 Aug |
| Mon to Thurs-10:00-12:00am | 14 Aug |
| Mon to Thurs-1:00-2:30pm | 14 Aug |
| **Structure & Written Expression** | |
| Sat & Sun - 12:30-3:30pm | 5 Aug |
| Mon to Thurs-1:00-3:00pm | 14 Aug |
| Sat & Sun - 9:00-12:00am | 19 Aug |
| Sat & Sun - 3:30-6:30pm | 19 Aug |

TOEFL,SAT,IELTS,API,AWC,VEC

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

United = 150 - 200
Orient = 200-250-300
Premier = 250-300-350
09-420118663, 09-799119740

Ph : 09 424027674
09 763584856




FEROFORT®
Iron, B-Complex, Vitamins, Zinc, Lysine
သွေးအားနည်းခြင်းအတွက် အကောင်းဆုံး
သံဓာတ်အားဖြည့်ဆေး ဖယ်ရိုဖော့
စုပ်ယူမှု အားကောင်းသော သန့်စင်သည့်
သံဓာတ် ဖယ်ရိုနိုင်း (Ferronyl)
၉၈% ပါဝင်သည်။
စတော်ဘယ်ရီရနံ့
NEW
FEROFORT®
Iron, B-complex vitamins, Zinc, Lysine
တစ်နေ့ (၁)လုံး သောက်သုံးရန်။
Lady Power by Ferofort
KALBE


MPT
ရွှေသို့လှမ်းဆဲ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## Star Zone Travels & Tours

သီတင်းကျွတ်ရုံးပိတ်ရက် ပြည်ပခရီးစဉ်များ

| | |
|---|---|
| ခရီးစဉ် ၈ည/၈ရက် | 4-11 OCT |
| ခရီးစဉ် ၆ည/၇ရက် | 4-10 OCT |
| ခရီးစဉ် ၆ည/၇ရက် | 4-10 OCT |
| ခရီးစဉ် ၅ည/၆ရက် | 4-9 OCT |
| ခရီးစဉ် ၃ည/၄ရက် | 4-7 OCT |
| ခရီးစဉ် ၄ည/၅ရက် | 4-8 OCT |
| ဘာလီ ခရီးစဉ် ၄ည/၅ရက် | 4-8 OCT |
| ခရီးစဉ် ၃ည/၄ရက် | 4-7 OCT |
| ခရီးစဉ် ၄ည/၅ရက် | 4-8 OCT |

STAR ZONE နှင့် အတူခရီးသွားကြစို့

ဆက်သွယ်ရန်- 09 795 258910, 09 970 506707, 09 963 596572, 01 230 15 11, 230 15 22

ASIA DRAGON
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-30030030, 09-30030090

ရွှေပင့်ကူ
အဘာလျှက်ပွဲ
09-450224339, 09-423720047

ဓမ္မပီတိ ဗုဒ္ဓဂယာနှင့် သိရိလင်္ကာ အထူးဘုရားဖူးအဖွဲ့
ထွက်ခွာမည့်နေ့ရက်များ
အထူးအခွင့်အရေး
၁၁ဦး – ၁၀ဦး + ၁ဦး (အခမဲ့)
(USD 800 $ + + +)

ဟန်းဂုခ် (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းခကြေး (၁) သိန်းကျပ် (အမြဲတမ်း)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးသော
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်
ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည်။
09-73077733 ☎01-682844
09-73077744 ☎01-682944

DADDY
ပုဂံ-ရွှေစက်တော်လေးရေ
ဝမ်းစုနှင့် 45000/-
5-9-2017
09-448001903, 09-440334848

ဒေါ်မြမြမာလာဆေးသုတ်အဖွဲ့
| | |
|---|---|
| Unitex | 1'x1' = 200 |
| Orient | 1'x1' = 230 |
| Premier | 1'x1' = 330 |
| Dulux, Jotun | 1'x1' = 430 |
| Nippon | 1'x1' = 430 |

Ph: 09 796211925, 09 786590818

Red dot ဆိုင်မှာ
ဘယ်ဖုန်းလိုင်းကိုမဆို
ခဲခြစ်စရာမလို အလွယ်တကူ
ဖုန်းငွေဖြည့်နိုင်ပါပြီ
dot
MPT Telenor ooredoo MECTEL

Home
Healthy Floor ကျန်းမာရေးကြမ်းခင်း
မိုးရာသီ အထူး Promotion
BUY 1 GET 1
* Selected items only
Wall Covering
Beauty Mirror
Side Table



https://www.facebook.com/HomeDistributionGroup/
HOTLINE 09-79 700 70 70
09-79 700 70 80

သာလွန်ကျော်
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
အုပ်ကြီးလမ်းဝင်ထောက်
မြောက်ဗိုင်း၊ တောင်ဗိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
Ph: 09-420780797
09-254285314

နိုင်ငံခြားသားနေထိုင်ရန် Junction Square အနီး Crystal Condo, အလုံ Hill Top Vista Condo နှင့် ဗဟန်း ရန်ကင်းမြို့နယ်များရှိ အဆင့်မြင့်ကွန်ဒိုများ ငှားရမ်း/ဝယ်ယူလိုပါသဖြင့်ပိုင်ရှင်များတိုက်ရိုက် ဆက်သွယ်အပ်နှံပေးရန် ဖိတ်ခေါ်ပါသည်။
Ph: 09-420139326, 09-402726983

Nestlé LACTOGEN 3 Growing-up Milk (ပွံ့ဖြိုးစကလေးနို့မှုန့်)

World #1 in Toddler Nutrition

၁၅၀ဂရမ်ဘူးသေး ကို
နီးစပ်ရာဆိုင်များတွင်
ဝယ်ယူရရှိနိုင်ပါပြီ။




/lactogen3myanmar
call center 09 73232462

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုလဝကမှူး ဇာမောင်း
### အသက် (၅၀)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (လဝက-၁၃၁၅၇) ဒုလဝကမှူး ဇာမောင်းသည် ၂၅-၈-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားပါသဖြင့် ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဝန်ထမ်းအားလုံးက ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကျေးဇူးအထူးတင်ရှိပါကြောင်း
## ဒေါ်လီလီကြာညွန့်
### အသက် (၉၀)

၂၆-၈-၂၀၁၇ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်လီလီကြာညွန့် မမာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံးနှင့် ကွယ်လွန်ချိန်အထိ မေတ္တာစေတနာအပြည့်ဖြင့် သွေးသားရင်းချာသဖွယ်ပြုစုစောင့်ရှောက်ကုသပေးခဲ့သော ပါမောက္ခ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ SSC ဆေးရုံကြီးမှ ဒါရိုက်တာနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူနာဆောင်ခြောက်လွှာမှ တာဝန်ကျ ဆရာဝန်များနှင့်သူနာပြုများ၊ နာမကျန်းစဉ်ကာလအတွင်း လာရောက်ကြည့်ရှုမေးမြန်း အားပေးနှစ်သိမ့်ကြသော ဆရာသမားအကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများအားလုံးတို့ကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမန်းအုံးမောင်(မြောင်းမြ)
### အသက်(၈၉)နှစ်

ဦးသိန်းရွှေ (Managing Director, Geocomp Myanmar Ltd)၏အစ်ကိုကြီး၊ ဒေါ်နှင်းသူဇာ (General Manager, Geocomp Myanmar Ltd)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် ၈လမ်း၊ တိုက်(၁၂)၊ အခန်း(၂၀၁)နေ ဦးမန်းအုံးမောင်သည် ၂၅-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀း၄၇နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Geocomp Myanmar Ltd မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## Lucy ဖုန်းကြည်ရွှေ(ခ)ဒေါ်ဝင်းကြည်
### အသက်(၇၂)နှစ်

မြန်မာနိုင်ငံဗိသုကာကောင်စီ ဘဏ္ဍာရေးမှူး ဦးဇော်မိုးရွှေ၏ မွေးသမိခင်ကျေးဇူးရှင် Lucy ဖုန်းကြည်ရွှေ(ခ) ဒေါ်ဝင်းကြည်သည် ၂၂-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဗိသုကာကောင်စီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးဝမ်စိန် (၆၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အလယ်ဘလောက်၊ အမှတ်(၁၀၆)နေ (ဦးရှောင်-ဒေါ်သန်း)တို့၏သား၊ (ဦးတင်မြင့်-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်စိန်စိန်၏ချစ်လှစွာသောခင်ပွန်း၊ မယုဇနလွင်၊ ဒေါက်တာမြတ်မိုး၊ ဒေါက်တာအောင်ကိုကိုတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်သည် ၂၆-၈-၂၀၁၇(စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၇(တနလ်ာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်ပါပို့ဆောင်ပေးကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းမောင်(ထရော်ဝ)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၁၀)နေ (ဦးကျော်ဟန်-ဒေါ်ကျင်)တို့၏သား၊ (ဦးသန်းအောင်)-ဒေါ်ခင်ကြွေတို့၏ညီ၊ ဒေါ်မြင့် (လဝက-ငြိမ်း)၊ ဦးအုန်းမြင့်-ဒေါ်စန်း၊ ဦးမြင့်ထွေး - ဒေါ်တင်တင်ခိုင်တို့၏ အစ်ကိုသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းကြည်
### ကျားမင်း ဆီစက်နှင့် ဆီပွဲရုံ(မိတ္ထီလာမြို့)
### အသက် (၈၆)နှစ်

မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်နေ (ဦးစိန်ထွန်း-ဒေါ်သင်း)တို့၏ သမီးကြီး၊ (ဦးလှမောင်-ဒေါ်ဖွားသစ်)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်စန်း)၏ ဇနီး၊ ဒေါ်ခင်စန်းရီ (ကျားမင်း ဆီစက်နှင့်ဆီပွဲရုံ)၊ [ဦးမောင်မောင်စန်း(စက်မှု-၁)-ဒေါ်ခင်ထားကြည်]တို့၏အစ်မ၊ ဒေါ်စန်းစန်းသင်း၏မိခင်၊ မောင်ဇော်လင်းနိုင်၏ အဘွားသည် ၂၆-၈-၂၀၁၇ (စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၇ (တနလ်ာနေ့) ညနေ ၃နာရီတွင် မိတ္ထီလာမြို့ တောမသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နှင်းဥ(သန်လျင်)
### အသက်(၈၇)နှစ်

သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၆)နေ ဦးတင်လှိုင်၏ဇနီး၊ ဒေါ်အေးအေးသင်း၊ ဦးဉာဏ်မင်း (JSM Shipping Line)၊ ကိုဝင်းသန့်-မခိုင်ခိုင်ဝါတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မယုမြတ်ကေရီ၊ မဆုမြတ်ကေရီ (X-A၊ လသာ-၂)တို့၏ အဘွားသည် ၂၆-၈-၂၀၁၇ (စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် သန်လျင် အမိုးနီသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးမြသောင်း (ငြိမ်း) ကကနက်
### ကြည်း-၆၅၈၁
### ဗိုလ်သင်တန်းအမှတ်စဉ် (၉)
### အသက် (၈၅)နှစ်

ပခုက္ကူမြို့နေ (ဦးညီကလေး-ဒေါ်ကံမြင့်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၉/၄၁)၊ မြေညီထပ်၊ ဗိုလ်တထောင်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်စောနန်းမြင့် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းစောဦး-ဒေါ်အမာလေး၊ ဒုတိယဗိုလ်မှူးကြီးသောင်းဇော်(ငြိမ်း)-ဒေါ်လွင်လွင်ညွန့်၊ (ဦးအောင်ကြီး)-ဒေါ်ဒေါ်လီမြသောင်း၊ ဦးတေဇာမျိုးဝင်း-ဒေါ်မော်လီမြသောင်း၊ ဦးတံခွန်၊ ဦးကျော်ရွှေ-ဒေါ်မမသူဇာမြသောင်း၊ ဦးလှိုင်မင်းသိန်း-နော်သဲစုမြသောင်း၊ ကိုအောင်ကျော်မင်း-နော်ဟန်နီမြသောင်း(MNA)တို့၏ မွေးသဖခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက် တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၇ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီစီခွမ်
### အသက် (၈၄)နှစ်
### (စာရင်းစစ်မှူး-ငြိမ်း၊ ဒဂုံမြို့နယ်စာရင်းစစ်ရုံး)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ်(၁၂)၊ ရတနာလမ်းနေ (ဦးခွမ်-ဒေါ်တန်ဂေကျို့(ခ)ဒေါ်လှတင်)၊ (ဦးထွန်းအောင်-ဒေါ်ညွန့်ညွန့်) တို့၏သမီး၊ ဦးမြင့်ခိုင် (အငြိမ်းစားဗိုလ်မှူး၊ တပ်မတော်-ရေ)-(ဒေါ်ခင်လေးမြင့်)၊ ဒေါ်ခင်မမ၊ (ဦးတင်မြင့်)-ဒေါ်သန်းသန်းစိန်၊ ဦးအောင်ကျော် (MD T.SS. Co.Ltd.)-ဒေါ်အေးကြည်၊ (ဒေါက်တာဘတင်-မ-န-န-လ ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါက်တာစမ်းစမ်းလှိုင် (ဆေးရုံအုပ်ကြီး-ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၊ (ဦးဆန်းလွင်)-ဒေါ်နှင်းနှင်းဝေ၊ (ဒေါ်နှင်းနှင်းရီ၊ မနယ်လီ)၊ ဒေါ်ရီရီခင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံး)တို့၏ အစ်မ၊ တူ/တူမ ၁၆ယောက်တို့၏ ဒေါ်ကြီးသည် ၂၅-၈-၂၀၁၇ ရက်၊ နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေးမြင့် (၇၆)နှစ်
### (Shally Ohn Maung) Saint Francis ကျောင်းသူဟောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နေ [ဦးအုန်းမောင်-ဒေါ်သန်း (ဆန်စက်ပိုင်ရှင်)]တို့၏သမီး၊ သဲကုန်းမြို့နေ (ဦးရွှေဝင်း-ဒေါ်သန့်)တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ (ဦးသန်းဆွေ-ဒေါ်ခင်ကြွယ်ကြွယ်)တို့၏ ညီမ၊ အမှတ် (၁၂၇-B)၊ သံလွင်လမ်း၊ ဝင်ဒါမီယာနေ ဦးအောင်ကြီး (အငြိမ်းစားသံအမတ်ကြီး)၏ချစ်လှစွာသောဇနီး၊ (Capt:ကြည်ရှိန်)-ဒေါ်စိုးစန္ဒာအောင် (Managing Director, OMIC Myanmar Co., Ltd)၊ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ L.Aနေ ဦးစိုင်းအောင်မြင့်-ဒေါ်စောစန္ဒာအောင်၊ ဝါရှင်တန်ပြည်နယ် Seattle မြို့နေ ဦးကျော်စိုးအောင်-ဒေါ်မြသန္တာတို့၏ ချစ်လှစွာသောမိခင်၊ မဖွေးဖြူဖြူရှိန်စိုး၊ Sweety၊ Moller၊ Mathew၊ Angelar တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်အေးမြင့်သည် ၂၄-၈-၂၀၁၇ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ မြဘုရားပရဝဏ်အတွင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၆၀၈၊ ၆လွှာ၊ MGW Center မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [၃၀-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်နွဲ့(မော်လမြိုင်) (၆၉)နှစ်
### ဒုအထွေထွေမန်နေဂျာ၊ ဟိုတယ်/ခရီး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၁၈)၊ (၇/၈)လွှာနေ (ဦးကျန်စွ-ဒေါ်အေးသင်)တို့၏ သမီးကြီး၊ ဦးမျိုးဝင်း-ဒေါ်ကျင်ရီ၊ ဒေါ်ကျင်သိန်း၊ [ဦးမောင်မောင်ဟိန်း(ခ)ဦးဖိုးထောင်]၊ ဒေါ်အေးအေးညွန့်၊ ဦးအောင်ကျော်ထူး(SGS Myanmar)-ဒေါ်ခင်ပပမြိုင်၊ ဦးဇော်ဝင်းလွင်တို့၏အစ်မကြီး၊ ဦးအောင်ကျော်မင်း-ဒေါ်မြတ်နိုးကိုကို၊ မခင်ငြိမ်းချမ်း(မြန်မာပုလဲနဂါးခရီးသွားလုပ်ငန်း)၊ မောင်မြတ်ဝင်းသူ(YTU)၊ မောင်ဟိန်းထက်အောင်(TTC)၊ မောင်ညီထက်အောင်(TTC, Grade-10-A)တို့၏ကြီးကြီး၊ မအောင်အမရာကိုကို၊ မောင်ဘုန်းမြတ်တေဇာမင်း(ခ)ရွှေတုံးတို့၏ဘွားဘွားကြီး ဒေါ်ကျင်နွဲ့သည် ၂၅-၈-၂၀၁၇(သောကြာနေ့) ည ၉း၂၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၇(ကြာသပအတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မအေးမြတ်မွန်(ခ)ဖူးဖူး (၃၃)နှစ်
### သားဖွားဆရာမ၊ ရန်ကုန်သူနာပြုသင်တန်းကျောင်း
### (ဒုတိယနှစ်သူနာပြုကျောင်းသူ)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)၊ အမှတ် (၂၅၁/၂၅၃)၊ စတုတ္ထထပ်နေ ဦးဘဝိန်-(ဒေါ်ထား ထား)တို့၏တူမကြီး၊ မမြတ်မွန်ဆွေ၊ မောင်ကျော်လွင်ဌေးတို့၏ အစ်မကြီးသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ခင်မြ (ဟသ်ာတ)
### အသက် (၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၇)၊ ခြောက်လွှာ(A)နေ (ဦးဘသီ-ဒေါ်သိန်း)တို့၏သမီး၊ (ဦးထွန်းရီ) [ဒေါင်းစက်မှုလက်မှု]၏ဇနီး၊ (ဦးဇော်ထွန်း)-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးကျော်သူ-ဒေါ်မေဇင်ထွန်း၊ (ဦးကြည်ထွန်း)တို့၏မွေးသမိခင်၊ မအေးယုခိုင်၊ မသက်စုနိုင်၊ မအိမွန်ကျော်၊ မောင်ဟိန်းထက်ကျော်-မခိုင်ရည်မွန်၊ မောင်ဇော်မင်းထွန်း၊ မောင်နေနိုင်ထွန်း-မသိမ့်သိမ့်အိကျော်တို့၏အဘွား၊ မောင်ရှင်းဝေခန့်၏ဘွားဘွားသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာဦးဂျေဆွင်းမာန်(ဦးဂျေ)
### အထက်တန်းပြ(ငြိမ်း)
### အသက်(၇၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ လိမ်ခိုင်ရွာနေ (U Pau Khaw Thang-Daw Ngin Thang)တို့၏ သားကြီး၊ (U Ngul Za Thawng-Daw Nem Khaw Ciin) တို့၏ သားသမက်၊ Daw Zel Khan Vung (USA)၏ ချစ်လှစွာသော ခင်ပွန်း၊ (Daw Niang Khaw Man)၊ Daw Lian Khaw Cing တို့၏မောင်၊ (Daw Dim Mang), Daw Cing Khaw Uap, Dr.A Lian Za Nang, (Daw Ciang Dim), (U Suak Za Dal), UThang Khaw Thawng (USA) တို့၏အစ်ကိုကြီး၊ U Thang Pum Dal-Daw Neam Khan Huai (USA), (U Thawng Za Cin), (U Hungh Khan Pau), Daw Hung Khan Ciang (USA), Rev. Cin Do Thawng-Daw Cing Khat Lun (USA), U Ngo Thian Tun (USA) တို့၏ ချစ်လှစွာသောဖခင်၊ En Sian Nuam, Mangsuanh Khual Thawng (USA), Esther Vung Thian Ciang တို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် ည ၈း၁၅နာရီတွင် အမေရိကန်နိုင်ငံ၊ မေရီလင်းပြည်နယ် Frederick County ရှိနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၈-၂၀၁၈(စနေနေ့) ဒေသစံတော်ချိန် ၁နာရီတွင် အမေရိကန်နိုင်ငံ၊ မေရီလင်းပြည်နယ်၊ International Community Church ၌ ဝတ်ပြုဆုတောင်းပြီး Resthaven Momorial Garden အရပ်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## မန်းသိန်းကြိုင်
### သက်စမ်းရေ-စက်မှုလက်မှု၊ သက်စမ်းရေ ပိုးကရင်အဆိုတော်
### အသက်(၅၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ စာရေးကုန်းတိုးချဲ့ရပ်ကွက်နေ (မန်းထွန်းတင်)-ဂျူးမေတို့၏ စတုတ္ထမြောက်သား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ မီးသတ်လမ်း၊ အမှတ်(၁၈)၊ ရပ်ကွက်(၃)နေ ဦးထွန်းထွန်း-ဒေါ်အေးအေးမြင့်တို့၏သားသမက်၊ မန်းစောလမွန်-နန့်ယဉ်သိန်း၊ ဦးမြစိန်-နန့်အုန်းကြိုင်၊ (ဦးစံမြအေး)-နန့်စန်းကြိုင်တို့၏ညီ/မောင်၊ ကိုမင်းလွင်-နန့်လှကြိုင်၊ ကိုဆန်းထူး-နန့်ခင်ဆွေဦး၊ ကိုထွဋ်ထွဋ်-နန့်မြင့်မြင့်ခိုင်၊ (စသောင်းထွေး)တို့၏အစ်ကို၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဟုမ်းလမ်း၊ ရွှေဂုဏ်သူအိမ်ရာ၊ အမှတ်(၃၀၆) A-1 နေ နန့်မေဇော်ထွန်း(ခ)နန့်ဂျူဂျူး၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) ည ၁၁း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လီလီကြာညွန့်
### အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ်(၂၅/၅)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်းနေ (ဦးဘိုးကြည်-ဒေါ်ဖွားမြဲ)တို့၏ သမီးချွေးမ၊ (ဦးကြာညွန့်-ဒေါ်စောညွန့်)တို့၏သမီး၊ ဦးအောင်ကျော်(ဘဝသစ်)၏ဇနီး၊ ဦးမင်းခေါင်ကျော်-ဒေါ်နန့်သင်းသင်းမြင့်၊ ဒေါက်တာဇေယျအေး-ဒေါက်တာရတနာကျော်၊ ဦးသောင်းညွန့်-ဒေါ်အာသာဝတီကျော်၊ ဦးသတိုးကျော်-ဒေါ်မိမိနိုင်၊ ဦးညိုထွန်းအောင်-ဒေါ်ပုဏ္ဏမီကျော်တို့၏မိခင်ကြီး၊ မောင်နေမင်းကျော်၊ မသစ်ဖူးဝေ၊ မောင်အာကာကျော်၊ မောင်ရိုးမြတ်၊ မောင်ဆန်းထွဋ်အောင်၊ မညိုလဲ့ရွှန်း၊ မနှင်းရည်ဥတို့၏ ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၇ (စနေနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁-၉-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် တင်မြ(ငြိမ်း)
### (ဒိုက်ဦးအသင်း)
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း၊ စဥ့်ငူရပ်ကွက်၊ စူဠာမဏိလမ်း၊ အမှတ်(၆)နေ (ဦးဘိုးသောင်း-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်မြကျင်)၏ခင်ပွန်း၊ ဦးစိုးနိုင်ဝင်း-ဒေါ်သန္တာအောင်၊ ဦးကျော်သူရထူး-ဒေါ်နီလာအောင်၊ ဦးဟန်ဝင်းစိုး-ဒေါ်လှိုင်းအိဖြူ၊ ဦးပြည့်စုံဝင်း၊ ဦးလပြည့်ဝင်း၊ ဦးစိုးဇာနည်ထက်-ဒေါ်ထိုက်ထိုက်အောင်၊ ဦးစိုးထက်ခိုင်-ဒေါ်ရွှန်းလဲ့ဝင်း၊ ဦးဇင်လင်းထက်-ဒေါ်ဇင်ဧပရယ်ထူး၊ ကိုထက်အာကာဝင်း၊ မရှုမဝနိုင်၊ မောင်အေးချမ်းပြည့်စုံဦး၊ မဆုမြတ်ပြည့်စုံဦး၊ မရှုမငြီးနိုင်အောင်တို့၏ ချစ်လှစွာသောအဘိုး၊ မယွန်းရတီဝင်း၊ မဇွန်ဝဿန်ဝင်း၊ မောင်သုတအောင်၊ မချိုးချိုးမျက်ခြယ်၊ မတုန်တုန်၊ မောင်သက်ဘုန်းပြည့်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် တင်မြ(ငြိမ်း)
### (ဒိုက်ဦးအသင်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း၊ စဥ့်ငူရပ်ကွက်၊ စူဠာမဏိလမ်း၊ အမှတ်(၆)နေ (ဦးဘိုးသောင်း-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်မြကျင်)၏ခင်ပွန်း၊ ဦးမြဦး-ဒေါ်တင်တင်ဝင်း၊ ဦးခင်မောင်မြင့်(ခ)ဦးမြထူး-ဒေါ်ခင်စန်းဝင်း၊ ဦးစိုးဝင်း-ဒေါ်ခင်မာနီ၊ ဦးဝင်းစိုး-ဒေါ်ခင်မာရီ၊ ဦးမြင့်နိုင်-ဒေါ်သီသီမာ၊ ဦးခင်မောင်ထွန်း (မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြောက်ဥက္ကလာပမြို့နယ် YESC)-ဒေါ်ခင်မေထွေး (မန်နေဂျာ-ရိုးမဘဏ်ခွဲ၊ ဘုရင့်နောင်)၊ ဦးနိုင်အောင်ဝင်း-ဒေါ်သင်းသင်းမြတ်၊ ဦးကျော်ကျော်ဦး-ဒေါ်ဆွေဆွေမြတ်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၈-၂၀၁၇ (သောကြာနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်စိန် (ကန်တော်ကလေး) (၇၆)နှစ်
### ကန်တော်လေးစတိတ်ကျောင်းနှင့် မရမ်းခြံကျောင်းသူဟောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၁၇)နေ (ဦးချွန်ဝှက်-ဒေါ်လှတင်)တို့၏သမီး၊ (ဒေါ်အေးကြည်)၏တူမ၊ (ဒေါ်တင်တင်ရွှေ)၊ (ဦးသောင်းစိန်)၊ ဒေါ်လှလှ၊ (ဒေါ်ခင်ထားနွဲ့)-ဦးစောရှာလ်မိန်းလှတို့၏ ညီမ၊ (ဦးသောင်းညွန့်-ဒေါ်ငွေမြိုင်)၊ ဒေါ်ခင်ဖြူဝင်း၊ (ယာဉ်၊ စက်-ငြိမ်း)-(ဦးဉာဏ်ထွန်း)၊ ဒေါ်သန္တာလွင် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန-ငြိမ်း)-ဦးခင်လတ်၊ ဒေါ်ခင်ဖြူနှင်း၊ ဒေါ်ခင်ဟန်စိန်-ဦးယဉ်သိန်း (ရွှေတောင်ရောင်စုံဓာတ်ပုံတိုက်)တို့၏ အစ်မ၊ ဦးတင်အောင်စိုး-ဒေါ်မြတ်မျိုးစံ၊ ဒေါ်မြစန္ဒာ-ဦးကျော်သက်ဝင်း၊ ဦးမျိုးသန့်စိုး-ဒေါ်နီလာဝင်း၊ ဦးမင်းဝင်းထွန်း၊ ဦးရဲဝင်းထွန်း-ဒေါ်ငြိမ်းအိနိုင်၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်မြသီတာ၊ ကိုသိန်းသန်းကျော်၊ မဆုပြည့်ဖြူ-ကိုကောင်းမြတ်သူ၊ ဦးဇော်နိုင်ဦး၊ ဒေါ်နွယ်နီလှိုင်-ဦးမျိုးအောင်ဝင်း၊ ဒေါ်သဥ္ဇာလှိုင်-ဦးထွေး၊ ကိုပြည့်ဖြိုးအောင်၊ ကိုစိုးအောင်ထက်တို့၏အဒေါ်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၅-၈-၂၀၁၇(သောကြာနေ့) ညနေ ၃း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(ကျောက်တံခါး) (၇၄)နှစ်
### B.A, B.Ed, H.G.P
### ထက်/အုပ်(ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးထွန်းပွင့်-ဒေါ်အေးတင်)တို့၏သား၊ မဒေါက်မြို့နေ (ဦးဖိုးကွန်း-ဒေါ်ရင်မြ)တို့၏ သားသမက်၊ ကိုဇင်မော်ဦး၊ မလှိုင်းဇာခြည်၊ မမြတ်ကေခိုင်၊ မမြတ်ဆုရည်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ကြင်ကြူ၏ခင်ပွန်း ဦးတင်အောင်သည် ၂၅-၈-၂၀၁၇ (သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁း၅၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။


ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးနေဝင်းသန်း (၅၉)နှစ်

ပေါင်းတည်မြို့နယ်၊ သဖန်းကုန်းမင်းကွက်နေ (ဦးသန်းမောင်-ဒေါ်မှီ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးတင်မြ-ဒေါ်မြင့်မြတ်ငြိမ်း၊ ဦးသောင်းစိန်-(ဒေါ်ခင်လှ)တို့၏သားသမက်၊ ရဲမှူးအောင်သန်း(ငြိမ်း)-(ဒေါ်ခင်သန်းဝင်း)၊ (ဦးစန်း)-ဒေါ်ကြည်ကြည်သန်း၊ ဦးကျော်မြင့်-ဒေါ်အေးအေးသန်း၊ ဦးစိုးမင်းထွန်း-ဒေါ်ငွေငွေသန်းတို့၏ညီ/မောင်၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မနေသဥ္ဇာ (UTCC International College)၊ မောင်နေဇာလင်းတို့၏ချစ်လှစွာသောဖခင် ဦးနေဝင်းသန်းသည် ၂၆-၈-၂၀၁၇(စနေနေ့) ညနေ ၅း၂၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၇ (တနလ်ာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားလာလှုပ်ရှားမှုအား မိုင်းထောင်ခြင်း၊ ကျေးရွာများမှ သံသယရှိသူတို့အား သတ်ဖြတ်ခြင်းများကို အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက လုပ်ဆောင်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၆**

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားလာလှုပ်ရှားမှုကို အဟန့်အတားဖြစ်စေရန် မိုင်းများ ထောင်ထားကြောင်း၊ ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးအကူနှင့် သတင်းပေးသူဟု သံသယရှိသူများအား သတ်ဖြတ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးလာသည့် မော်တော်ယာဉ်များအား လက်လုပ်ရှော့တိုက်မိုင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ မွန်းလွဲ ၂ နာရီ ၂၄ မိနစ် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်၌ မောင်တောမြို့နယ် ရပ်ကွက်(၅)ရှိ ဘင်္ဂါလီသီးသန့် အတွင်းကားလမ်းကြောင်းတစ်လျှောက် မောင်တော-မြို့ဦး(အီတလျာ)-သီဟိုဠ်ခြံသွား ကားလမ်းတစ်လျှောက် နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားလာလှုပ်ရှားမှုအား အဟန့်အတားဖြစ်စေရန် မိုင်းများထောင်ထားကြောင်း၊ ၎င်းလမ်းတစ်လျှောက်အား မိုင်းများထောင်ထား၍ မသွားကြရန် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ရွာသားများအား မှာကြားထားကြောင်း။

ထို့ပြင် မောင်တောမြို့နယ်မြောက်ပိုင်းရှိ လိပ်ရကျေးရွာတွင် ဩဂုတ် ၂၅ ရက် ညပိုင်းက ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအကူနှင့် အစိုးရသတင်းပေးဟုသံသယရှိသူတို့အား အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက သတ်သွားကြောင်း။

သတ်ဖြတ်ခံရသူများမှာ လိပ်ရကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဆွေတာလောင်၊ ရာအိမ်မှူး ဆိုက်ကူလာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအကူ ဖော်တာတူလာနှင့် အလယ်သံကျော်ကျေးရွာနေ ဇာဟိတ်တူဆောင်း(ဘ)ဆာလေ(၃၇)နှစ်တို့ ဖြစ်ကြောင်း။

နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးလာသည့် မော်တော်ယာဉ် သုံးစီးသည် မောင်တောမြို့နယ် မောင်နုမကြီးကျေးရွာ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✽**

**မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာရှိ အစိုးရသတင်းပေးဟု သံသယရှိသူတစ်ဦးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ သတ်ဖြတ်ခဲ့သည့် နေရာပြမြေပုံ။**

# မြန်မာယူ-၂၂ အသင်း နာကျင်အချိန်ပို ဂိုးဖြင့် ရှုံးနိမ့်

**ကွာလာလမ်ပူ ဩဂုတ် ၂၆**

မလေးရှားနိုင်ငံ၌ ကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမပွဲအဖြစ် ထိုင်းနှင့် မြန်မာအသင်းသည် ယနေ့ ညနေပိုင်းက ဆီလာယန်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ထိုင်း ယူ-၂၂ - တစ်ဂိုး။**
**မြန်မာ ယူ-၂၂ - ဂိုးမရှိ။**

မြန်မာယူ-၂၂ အသင်းသည် ယနေ့ပွဲကစားသွားသည့်အနေအထားနှင့် ထိုင်းအသင်း၏ခြေစွမ်းကြောင့် ဗိုလ်လုပွဲတက်ရောက်နိုင်သည့်အနေအထားမျိုးရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ မြန်မာယူ-၂၂ အသင်းသည် ယခုပွဲအရှုံးကြောင့် နှစ်ကြိမ်ဆက် ဗိုလ်လုပွဲတက်နိုင်မည့် အခွင့်အရေးနှင့် လက်လွှတ်ခဲ့ရသည်။

မြန်မာအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရှေ့တန်းတွင် အောင်သူနှင့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ○**



**မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။**
*ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)*



**ဆီလာယန်ကွင်း၌ မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေမှုအား မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ လာရောက်အားပေးမှုကို တွေ့ရစဉ်။** *(ဓာတ်ပုံ-MFF)*



## မိုးထဲရေထဲ လာရောက်အားပေး

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ် အမျိုးသားဘောလုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ LED ဘုတ်ဖြင့် ပြသရာ ဘောလုံးချစ်ပရိသတ်များ မိုးထဲရေထဲ၌ လာရောက်အားပေးနေကြမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၈၃ | ၅၈ | ၅၄ | ၁၉၅ |
| ၂ | ဗီယက်နမ် | ၅၀ | ၃၄ | ၄၃ | ၁၂၇ |
| ၃ | စင်ကာပူ | ၄၆ | ၃၆ | ၅၂ | ၁၃၄ |
| ၄ | ထိုင်း | ၄၄ | ၆၅ | ၆၄ | ၁၇၃ |
| ၅ | အင်ဒိုနီးရှား | ၃၁ | ၄၄ | ၅၄ | ၁၂၉ |
| ၆ | ဖိလစ်ပိုင် | ၁၈ | ၂၅ | ၄၇ | ၉၀ |
| ၇ | မြန်မာ | ၆ | ၈ | ၁၅ | ၂၉ |
| ၈ | လာအို | ၁ | ၃ | ၇ | ၁၁ |
| ၉ | ကမ္ဘောဒီးယား | ၁ | ၀ | ၉ | ၁၀ |
| ၁၀ | ဘရူနိုင်း | ၀ | ၃ | ၇ | ၁၀ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |







မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဩဂုတ် ၂၇၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# ဖူးငုံပန်းတိုင်းလန်းစေချင်

■ မိုးယံဝင့်ထည်

ဘုရားပန်းလဲရန်အတွက် ရေစည်နားကို ဒေါ်မေသူလျှောက်လာခဲ့တယ်။ ညက ရေစည်ထဲမှာစိမ်ထားတဲ့ နှင်းဆီဖူးတွေက အခုတော့ ပွင့်အာနေကြပြီ။ နှင်းဆီပန်းတွေကို ဒေါ်မေသူ ယူလိုက်တယ်။

"အို"

နှင်းဆီပန်းတွေထဲမှာမှ ပိုးကိုက်ခံထားရသည့် ပန်းလေးတစ်ပွင့်။ ပိုးကိုက်ခံထားရလို့ ပွင့်ဖတ်မစုံတော့ပေမယ့် ရှိသမျှပွင့်ဖတ်တွေက အခြားအပွင့်များနဲ့အပြိုင် ဝေဆာပွင့်လန်းလို့နေတယ်။ ပင်စင်စားဆရာမကြီး ဒေါ်မေသူ အတွေးထဲကို မူလတန်းကျောင်းဆရာမဘဝက ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုက ချက်ချင်းဆိုသလို ဝင်ရောက်လို့လာတယ်။ ပိုးကိုက်သည့် ပန်းလေးကြောင့် ထင်ပါရဲ့လေ။

စာသင်နှစ်ရဲ့နှစ်ဝက်ကျော်မှ ဒီမူလတန်းကျောင်းကို ဒေါ်မေသူပြောင်းရွှေ့လာခဲ့ရတယ်။ လေးတန်းရဲ့ အတန်းပိုင်ဆရာမဖြစ်တဲ့ ဒေါ်မေသူက အတန်းသားများကိုနှုတ်ဆက်ရင်း သူ့ကိုယ်သူမိတ်ဆက်လိုက်တယ်။

"မင်္ဂလာပါတပည့်တို့။ ဆရာမအမည်က ဒေါ်မေသူဖြစ်ပါတယ်။ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါဆရာမ"

"ကဲ အားလုံးထိုင်နိုင်ပါပြီ တပည့်တို့"

တပည့်များကိုထိုင်ခိုင်းပြီး တစ်ယောက်ချင်းစီကို ဒေါ်မေသူ လိုက်လံနှုတ်ဆက်လိုက်တယ်။ အားလုံးနဲ့ရင်းနှီးကျွမ်းဝင်မှုရှိမှ သင်ကြားရေးမှာ အခက်အခဲမရှိဖြစ်ကျော်နိုင်မှာ မဟုတ်လား။ ကျောင်းသားများထဲမှာမှ ထက်မြတ်ဆိုတဲ့ကောင်လေးက အခြားကျောင်းသားများနဲ့မတူတာကိုလည်း မိတ်ဆက်တဲ့နေ့မှာပဲ ဒေါ်မေသူ သတိထားလိုက်မိတယ်။ မျက်ဝန်းတွေကလည်း အားငယ်နေသည့်ဟန်ပင်။ ဖူးငုံစအရွယ်တွေနဲ့ လက်ပွန်းတတီးနေလာခဲ့ရတဲ့ အတွေ့အကြုံတွေက ဒေါ်မေသူဘဝမှာ များခဲ့ပြီလေ။

ဝါသနာအရင်းခံနဲ့ ဆရာမလုပ်လာသူမို့ ဒေါ်မေသူကစာကို "ကြက်တူရွေးနှုတ်တိုက်" ဘယ်တော့မှမသင်။ စာသင်ရင်း ဗဟုသုတဖြစ်စေမယ့် အကြောင်းအရာတွေ၊ ပုံပြင်တွေ ပြောပြတယ်။ ဆရာနဲ့တပည့်အကြား ပေါင်းကူးတံတားဖြစ်စေဖို့ ဉာဏ်စမ်းမေးခွန်းတွေကိုလည်း မကြာခဏမေးတယ်။ ဒါကြောင့်ပင် တပည့်တွေက ဒေါ်မေသူကို ချစ်ခင်လေးစားကြတယ်။ ဒေါ်မေသူက တပည့်တွေကို အမြဲဂရုစိုက် ကြည့်ရှုတတ်သလို စာတော်သူ စာညံ့သူ ခွဲခြားမဆက်ဆံပေ။ အယုတ်အလတ်အမြတ်မရွေး လက်ရည်တစ်ပြင်တည်းသာ သဘောထားတယ်။ တပည့်တွေထဲမှာ ထက်မြတ်



ကတော့ သီးခြားလိုဖြစ်နေတယ်။ တက်တက်ကြွကြွမရှိ။ ထက်မြတ်နာမည်နဲ့ မလိုက်ဟု ဒေါ်မေသူ ထင်မိတယ်။ ဘာမေးမေး မေးတစ်ခွန်း ဖြေတစ်ခွန်းသာ။ ထက်မြတ်လေးအကြောင်း သိချင်မိပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတုန်းမို့ ဒေါ်မေသူ မလှည့်အား။

"ဆရာမမေသူ။ ကျွန်မသမီးက အမြဲတမ်း ပထမရခဲ့တာ။ ဆရာမက ခုမှပြောင်းလာတာမို့ ပြောပြတာ။ လပတ်စာမေးပွဲတွေမှာလည်း ဝမ်းတူဖိုက်ပဲရတာ။ သမီးကို ပထမရအောင် သင်ပေးပါနော်"

ဒေါ်မေသူကို လမ်းမှာဆုံတုန်း ပြောလာသူက လဝန်းဖြူရဲ့အမေပင်။ ဒေါ်မေသူ ဘယ်လိုရှင်းပြရပါ့မလဲ။ သားသမီးတွေရဲ့ ပညာရေးကို မလေ့လာမဆန်းစစ်ဘဲ အတ္တတွေ ရှေ့တန်းတင်တတ်တဲ့ မိဘတွေဆို ဒေါ်မေသူ သိပ်အမြင်ကတ်တာ။ လဝန်းဖြူရဲ့အမေပြောမှ ဒီကျောင်းကို ဒေါ်မေသူမရောက်ခင်က ရီပို့ကတ်တွေ မကြည့်ရသေးတာကို ဒေါ်မေသူ သတိရလာတယ် ။

ကျောင်းအုပ်ဆရာကြီးဆီကို သွားပြီး အရည်အချင်းစစ်မှတ်တမ်းတွေ တောင်းယူကာ ဒေါ်မေသူကြည့်လိုက်တယ်။ ဒေါ်မေသူ အတန်းက သူရ၊ ထက်မြတ်၊ အိတုန်၊ လဝန်းဖြူနဲ့ ချိုးချိုးနွယ်တို့ငါးယောက်က လပတ်စာမေးပွဲများမှာ အမှတ်အကောင်းဆုံးသူများပင်။ တပည့်လေးထက်မြတ်က အမြဲတမ်းပထမ

နေရာမှာ။ ရီပို့ကတ်တွေကိုစစ်ရင်း ဒေါ်မေသူ အံ့ဩသွားမိတယ်။ တပည့်ငါးယောက်ထဲမှာ အမြဲပထမရခဲ့တဲ့ ထက်မြတ်က အဆင့်ငါး နေရာမှာ တစ်ခါတွေ့ရတယ်။ ချက်ချင်းဆိုသလို အဆင့်ငါးနေရာကို ခုန်ဆင်းသွားတာကိုတော့ ဒေါ်မေသူ စဉ်းစားမရနိုင်အောင်ဖြစ်မိတယ်။ တပည့်တွေအရေးကို အလေးထားသူမို့ ထက်မြတ်အိမ်ကိုလိုက်သွားဖို့ ဒေါ်မေသူ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ချက်ချပြီးခါမှ ထက်မြတ်လေးဆီ မရောက်ဖြစ်။ ခရီးတစ်ခု သွားဖို့ကြုံလာတဲ့အတွက် ကျောင်းကပင် ခွင့်ယူလိုက်ရတယ်။

"ကောင်လေး ပူဖောင်းတစ်လုံးပေး"

"ဟုတ်အန်တီ၊ ဘာအရောင်လေးပေးရမလဲ ခင်ဗျ"

ဈေးဝယ်နေရင်း ကြားဖူးနေကြအသံကြောင့် ဒေါ်မေသူလှည့်ကြည့်လိုက်တယ်။

"ဟယ် . . သားထက်မြတ်။ သားက ပူဖောင်းရောင်းနေတာလား"

"ဟုတ် . . ဟုတ်ကဲ့ဆရာမ။ သား . . သား သွားရောင်းဦးမယ် ဆရာမ"

ပြောပြီး ထက်မြတ်ကလှည့်ထွက်ဖို့ ပြင်လိုက်တယ်။ ဒေါ်မေသူ အမြန်ဆွဲထားလိုက်တယ်။

"နေပါဦးသားရယ်။ လာ ဆရာမအိမ်က နီးနီးလေး၊ ခဏလိုက်ခဲ့"

ထက်မြတ်ကိုခေါ်ပြီး ဒေါ်မေသူ ပြန်လာခဲ့တယ်။ တပည့်လေးရဲ့ အားငယ်နေတဲ့ မျက်ဝန်းတွေကို ပူဖောင်းရောင်းရင်းမြင်တွေ့ရတော့လည်း ဒေါ်မေသူ စိတ်မကောင်း။

"သားကို ဆူမလို့မဟုတ်ပါဘူးကွယ်။ မေးစရာရှိလို့ပါ။ ကဲ ဆရာမကိုပြောပြပါဦး။ သားက ပူဖောင်းအမြဲရောင်းနေရတာလား"

"သားရောင်းတာ မကြာသေးပါဘူး ဆရာမ။ ပထမအစမ်းမဖြေခင်က အဖေဆုံးသွားတယ် ဆရာမ။ ညီလေးက ငယ်သေးတော့ အမေက ဘာမှမလုပ်နိုင်သေးဘူး။ အဲဒါနဲ့ ပူဖောင်းရောင်းခဲ့တာ။ ကျောင်းတက်ရက်မှာ ကျောင်းဆင်းချိန်ကစပြီး ရောင်းတာဆရာမ"

"အို . . လိမ္မာလိုက်တာ သားလေးရယ်။ သာဓု သာဓု သာဓုပါကွယ်။ ဒီအရွယ်လေးနဲ့ မိဘကိုသိတတ်တာကို ဆရာမဝမ်းသာပါတယ်။ ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားဖို့လည်း မမေ့ရဘူးနော်"

"ဟုတ်ကဲ့ပါဆရာမ။ သားသွားဦးမယ်နော်"

နှုတ်ဆက်ထွက်ခွာသွားတဲ့ တပည့်လေး ထက်မြတ်ရဲ့ကျောပြင်ကိုကြည့်ရင်း ဒေါ်မေသူ မျက်ရည်ကျမိတယ်။ ခွင့်ရက်စေ့လို့ ကျောင်းပြန်တက်ရင်တော့ ထက်မြတ်အမေကို မဖြစ်မနေလိုက်တွေ့ရမယ်။ အားငယ်နေတဲ့ ထက်မြတ်ရဲ့မျက်ဝန်းတွေကို အမြဲတောက်ပပျော်ရွှင်နေအောင် အားပေးကူညီသွားရမယ်။ အတန်းတင်စာမေးပွဲမတိုင်ခင် ထက်မြတ်လေး ပြန်လည်တက်ကြွလာအောင်လုပ်ပေးရမယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေက ဒေါ်မေသူကို ပေါ့ပါးလန်းဆန်းလာစေတယ်။

"ဆရာကောင်းတပည့် ပန်းကောင်းပန်း" ဖြစ်စေဖို့ရာ ဝါသနာကြောင့် ဆရာမဘဝကို ခံယူခဲ့တဲ့ ဒေါ်မေသူရဲ့ အဓိကဆန္ဒပင်။ ဖူးငုံပန်းတိုင်း အပွင့်ဝေလန်းဆန်းစေဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပြုစုပျိုးထောင်ပေးလိုသည်မှာလည်း အမှန်။

"အမေရေ သားဆရာမပါလာတယ်ဗျ"

"ဩော် ထိုင်ပါရှင့် ဆရာမ"

ထက်မြတ်အမေက သင်ဖြူးဖျာလေး ခင်းပေးရင်း ဒေါ်မေသူကို ပျာပျာသလဲ ကြိုဆိုရှာတယ်။ အိမ်လေးက ကျဉ်းပေမယ့် သပ်သပ်ရပ်ရပ်လေးမို့ စိတ်ချမ်းမြေ့မိပါတယ်။ ဒေါ်မေသူလာရင်းကိစ္စလေး ထက်မြတ်အမေကို မေးလိုက်တယ်။

"သားလေးခြေတစ်ဖက်ဆာနေတာက မွေးရာပါမဟုတ်ပါဘူး ဆရာမရယ်။ ငယ်ငယ်က ဆေးထိုးမှားပြီးဖြစ်ခဲ့ရတာပါ။ အဲခြေထောက်အတွက်နဲ့ သားလေးကအားမငယ်ပါဘူး။ သူ့အဖေက အမြဲအားပေးဆုံးမနေတော့ စာလည်းတော်ပါတယ်။ သူ့အဖေက ရုတ်တရက်ဆုံးသွားလို့ စိတ်ထိခိုက်နေတာ။ စိတ်ဓာတ်က မာပါတယ်ဆရာမ။ ကျွန်မကလည်း အပြင်ထွက်ပြီး မလုပ်နိုင်သေးတော့ သားကငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ရဲ့တာဝန်ပါ ယူလိုက်ရသလို ဖြစ်သွားတယ် ဆရာမရယ်"

တပည့်လေး ထက်မြတ်အကြောင်း ပြည့်စုံစွာသိလိုက်ရတော့ ဒေါ်မေသူ အံ့ဩသွားတယ်။ ဒေါ်မေသူက မသန်တဲ့ ခြေတစ်ဖက်ကြောင့် ထက်မြတ်လေး အားငယ်တယ်ထင်မိတာလေ။ အခုတော့မိဘအပေါ် တတ်သိလိမ္မာတဲ့ သားတစ်ယောက်ဖြစ်နေတော့ တပည့်လေးအတွက် ဒေါ်မေသူ ဂုဏ်ယူမိတယ်။

အချိန်ကာလတွေဟာလည်း နွေတစ်လှည့် မိုးတစ်ခါ ဆောင်းတစ်ပြန် အပြန်ပြန်လည်ပတ်သွားတယ်။ ဒေါ်မေသူတောင် ပင်စင်စားဘဝရောက်ခဲ့ပြီ။ တပည့်လေးထက်မြတ်ရဲ့ သတင်းတွေတော့ အမြဲမပြတ်ကြားနေရဆဲ။ နိုင်ငံခြား ပညာတော်သင်အရွေးခံရတဲ့အထိ ထက်မြတ်လေး ထွန်းပေါက်ခဲ့တော့ ဒေါ်မေသူ ပြောမပြတတ်အောင် ဝမ်းသာမိတယ်လေ။

"ဘွားဘွားရေ ဘွားဘွား။ ဧည့်သည်လာတယ်"

မြေးမလေးအသံကြောင့် ဒေါ်မေသူ အတွေးနွံထဲက ရုန်းထွက်လိုက်တယ်။ ဧည့်သည်ဆိုတော့ ဘယ်သူများပါလိမ့်။ ဒေါ်မေသူဆီလာတဲ့ဧည့်သည်က ခပ်ရှားရှား။

"မင်္ဂလာပါဆရာမကြီး"

"ဟယ် သားထက်မြတ်လေး။ ဆရာမ ဝမ်းသာလိုက်တာကွယ်"

"ဆရာမကြီးကို မင်္ဂလာဆောင်လာဖိတ်တာပါ ဆရာမ။ ဒါသားရဲ့ဇနီးလောင်းပါ။ ဆရာမကြီး အကြောင်းတော့ သားပြောပြနေကျဆိုတော့ သူကလည်းဆရာမကြီးကို တွေ့ချင်နေတာလေ။ မင်္ဂလာဩဝါဒစကား ချီးမြှောက်ပေးဖို့လည်းတောင်းဆိုချင်ပါတယ် ဆရာမ"

ကန်တော့ကာပြန်သွားသော တပည့်လေး ထက်မြတ်ကိုကြည့်ပြီး ဒေါ်မေသူရင်မှာ လှိုက်ဖိုနေတယ်။ မင်္ဂလာဆောင်မှာ ဩဝါဒ ချီးမြှောက်ဖို့တောင် တကူးတကစီစဉ်ထားရှာတဲ့ တပည့်လေး။ ကျေးဇူးသိတတ်ပုံက အံ့မခန်း။ ဩော် . . ခြေတစ်ဖက်မသန်ပေမယ့် အားမငယ်ဘဲ ဆရာဝန်ဖြစ်အောင်ကြိုးစားလာတဲ့ တပည့်လေးအတွက် ဒေါ်မေသူရင်မှာ ဖော်ပြနိုင်စွမ်းကင်းတဲ့ ဝမ်းသာကြည်နူးမှုတွေ ခံစားနေရတယ်။ ဘုရားပန်းကပ်ပြီး မြတ်ဘုရားထံပါး ရှိခိုးဦးခိုက်လိုက်တယ်။ တပည့်လေး ထက်မြတ်လိုပဲ ပိုးကိုက်ခံထားရသော ဖူးငုံပန်းလေးတိုင်း လန်းဆန်းဖွံ့ဖြိုးကြပါစေဟု ဒေါ်မေသူတီးတိုးရေရွတ်ကာ ဆုတောင်းလိုက်မိပါတော့တယ် ။ ။



## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

# လူငယ်နှင့် ကြမ်းတမ်းသောစကားများ

သျှင်နေနွယ်
(B.A Buddhism)

ဆဲရေးတိုင်းထွာခြင်းသည် နှုတ်တွင်သာမက အတွင်းစိတ်၌ပါ ညစ်နွမ်းစေသည်။ ဆဲရေးခြင်းဆိုသည်မှာ ရှန့်ရင်းကြမ်းတမ်းသောစကားတို့ဖြင့် ထိပါးပုတ်ခတ်ပြောဆိုခြင်းကို ဆိုလိုသည်။ အထူးသဖြင့် သူတစ်ပါး မခံသာအောင်၊ သူတစ်ပါးထိခိုက်အောင် ပြောဆိုခြင်းမျိုးတည်း။ ကောင်းသောစကားမျိုး မဟုတ်ပေ။

မြတ်စွာဘုရားသည် သုဘာသိတသုတ်၌ "အကြင်စကားသည် နှစ်လိုဖွယ်ဖြစ်၏။ ထိုစကားကိုသာ ဆိုရာ၏။ သူတစ်ပါးတို့အား ဆိုသည်ရှိသော် မနှစ်မြို့ဖွယ် ယုတ်မာသော စကားတို့ကို မဆိုမူ၍ ချစ်ဖွယ်သော စကားတို့ကိုသာ ဆိုရာ၏။"ဟု ဟောကြားထားလေသည်။ သာယာသော၊ နှစ်သက်ဖွယ်ရှိသော စကားကို လူတိုင်းနှစ်သက်ကြသည်။ လူတွင်သာမက တိရစ္ဆာန်များပင် နှစ်သက်ကြလေသည်။

ယခုကာလတွင် ဆိုရှယ်မီဒီယာများ၌ ဆဲရေးတိုင်းထွာသော စကားများကို အမြဲတွေ့မြင်နေရသည်။ တစ်ဖက်နှင့်တစ်ဖက် ဆဲဆိုကြသော စကားလုံးများမှာ မကြားဝံ့မနာသာ ဖြစ်နေသည်။ ထိုဆဲဆိုနေကြသော လူများမှာ ကလေးများ မဟုတ်ကြဘဲ လူကြီးများ ဖြစ်နေသည်။ တချို့ကား ပညာတတ်သည်။ တချို့ကား ပညာမတတ်ကြ။ ပညာဟုဆိုရာ၌ အတန်းပညာအရည်အချင်းကို မဆိုလို စဉ်းစားတွေးခေါ်တတ်သော ပညာကိုသာ မှတ်ယူရမည်။

ငယ်စဉ်က ဆဲဆိုတတ်သော ကလေးကို မိဘများက ရိုက်နှက်ပြီး မဆဲအောင် သင်ပေးသည်။ ထိုဆဲတတ်သော ကလေးမှာ အရိုက်ခံရမည်ကြောက်၍ နောက်မဆဲတော့ပေ။ နှုတ်ကြမ်းသော ကလေးများကို လူကြီးသူမများက သတိထားပြီး စောင့်ရှောက်သည်။ ဆဲတတ်သော ကလေး၏ မိဘများမှာ မျက်နှာငယ်ရသည်။ ကလေးချင်းရန်ဖြစ်ပြီး ဆဲဆိုနေလျှင် "အဲ့ဒါ ဘယ်သူ့ကလေးလဲ နှုတ်သရမ်းလိုက်တာ"ဟု မိဘကို အပြောခံရသည်။ အမိယုတ်တော့ နှုတ်ကြမ်းသည် မဟုတ်လော။

ရှင်မဟာရဋ္ဌသာရ ဆုံးမစာတွင် "တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ"ဟု ရေးသားဆုံးမထားသည်။ နှုတ်ချိုသည်ဟု ဆိုသော်လည်း လိမ်ညာလှည့်ဖြား၍ ချိုသာအောင် ပြောခြင်းမျိုး မဟုတ်ပေ။ အမှန်အကန် လိမ္မာရေးခြားရှိစွာ ပြောဆိုတတ်ခြင်းကို ဆိုလိုသည်။ လိမ်ညာပြီး စကားကို ချိုသာအောင် ပြောဆိုလျှင် ထိုစကားကို မာယာဝဇ္ဇနာထဲ ထည့်သွင်းရပေမည်။

ယခုအခါတွင် ဆဲရေးတိုင်းထွာခြင်းကို နှုတ်ဆက်သည့် နေရာမှာပင် အသုံးပြုနေကြသည်။ ဘာမှမထူးဆန်းသည့်အလား ပြောဆိုနေကြသည်။ အမှန်တော့ ထိုသို့ဖြစ်နေရခြင်းမှာ မကောင်းပေ။ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းနေ၍ ဘာမှမဖြစ်သော်လည်း ဘေးလူကြားမကောင်းသောကြောင့် အတတ်နိုင်ဆုံး ရှောင်ရှားရပေမည်။ ဆဲရေးခြင်းသည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စရိုက်များကို ထိခိုက်သည်။ ယဉ်ကျေးသော၊ သိမ်မွေ့သော မြန်မာလူမျိုးများသည် နှုတ်ဆက်သည့်အခါ 'မင်္ဂလာပါ' ဟု နှုတ်ဆက်လေ့ရှိကြသည်။ အနှုတ်ဆက်ခံရသောသူသည်လည်း "မင်္ဂလာရှိပါစေ"ဟု ပြန်နှုတ်ဆက်ကြသည်။ မည်မျှ ကျက်သရေရှိလိုက်ပါသနည်း။

ဆဲရေးခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းကြောင့် ဘဝပျက်သွားသူများ မြန်မာ့သမိုင်းတွင် ရှိခဲ့သည်။ သထုံပြည့်ရှင် မနူဟာမင်းသည် ပုဂံပြည်မှလာသော သံတမန်များကို ကြမ်းတမ်းစွာ ပြောဆိုခဲ့သည်။ ထို့ကြောင့် အနော်ရထာမင်း၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံရသည်။ မနူဟာမင်းက ချိုသာစွာ ပြန်လည်ပြောဆိုဆက်ဆံခဲ့ပါလျှင် ချစ်ကြည်ရေးရပြီး တိုင်းပြည်ကို အေးချမ်းစွာ ပြန်အုပ်ချုပ်နိုင်သည်။ ပုဂံပြည်နှင့် စစ်တိုက်စရာမလိုပေ။

ဆဲရေးခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်းကြောင့် ဥစ္စာများစွာ ဆုံးရှုံးဖူးသော သာဓကလည်း ရှိခဲ့ဖူးသည်။ ဘုရားအလောင်း နန္ဒိယနွားဖြစ်စဉ်အခါက သူ၏သခင်ကို သနား၍ ဥစ္စာပေးလိုသောအခါ သူသည် ကြီးစွာသောဝန်ကို ဆောင်နိုင်၏။ လောင်းကြေးထပ်စေဟု သခင်ဖြစ်သူအား ခိုင်း၏။ သခင်ဖြစ်သူသည် လောင်းကြေးထပ်၍ ဝန်ကို သယ်သောအခါ "ကြမ်းတမ်းသောနွား၊ ယုတ်မာသောနွား၊ သွားလော့"ဟု ဆဲဆိုအော်ငေါက်၍ ခိုင်းသည်။ ဘုရားအလောင်းသည် နည်းနည်းမျှ မလှုပ်ဘဲ ပေကပ်၍ ရပ်၏။ သူ၏သခင်လည်း ဥစ္စာများစွာ ရှုံး၍ ငေးမှိုင်နေစဉ် ဘုရားအလောင်းက မဆဲရေးသင့်ပုံ၊ ကြမ်းတမ်းစွာ မပြောသင့်ပုံတို့ကို ပြောပြ၍ လောင်းကြေးနှစ်ဆမြှင့်ကာ ထပ်မံ၍ လောင်းခိုင်းလေသည်။ ဘုရားအလောင်းနွား၏ သခင်သည် "နူးညံ့သောနွား၊ သိမ်မွေ့သောနွား ဝန်ကိုဆောင်လော့"ဟု ချိုသာစွာ ခိုင်း၏။ ထိုသို့ ပြောဆိုမှ ဘုရားအလောင်းသည် ကြီးစွာသောဝန်ကိုရုန်း၍ အနိုင်ရလေသည်။

အထက်ပါဖြစ်ရပ် နှစ်ခုကိုကြည့်၍ ဆဲရေးခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းတို့ကြောင့် ကောင်းကျိုးမရနိုင်၊ ဆိုးကျိုးကိုသာ ရနိုင်သည်ဟု သိရသည်။ ဆဲရေးခြင်းသည် အမျိုးမျိုးရှိ၏။ မြတ်စွာဘုရားသည် ဝိနည်းပါဠိတော်တွင် ဆဲရေးခြင်းမျိုး (၁၀)ပါးကို ပညတ်ထား၏။ ထိုဆဲရေးခြင်းဝတ္ထု (၁၀)ပါးမှာ ၁။ ဇာတိ- သူတောင်းစားမျိုးစသည်ဖြင့် အမျိုးကိုထိပါး၍ ဆဲရေးခြင်း၊ ၂။ နာမ- အမျိုးယုတ်စသည်ဖြင့် အမည်နာမကို အစွဲပြု၍ ဆဲရေးခြင်း၊ ၃။ ဂေါတ္တ-အနွယ်ကို ခိုက်၍ ဆဲရေးခြင်း၊ ၄။ ကမ္မ- အမှိုက်ပစ်သမား စသည်ဖြင့် အလုပ်အကိုင်ကို ထိပါး၍ ဆဲရေးခြင်း၊ ၅။ သိပ္ပ- အတတ်ပညာကို ထိပါး၍ ဆဲရေးခြင်း၊ ၆။ အာဗာဓ- အနာရောဂါကို ထိပါး၍ ဆဲရေးခြင်း၊ ၇။ လိင်္ဂ- အသွင်သဏ္ဌာန်ကို ထိပါး၍ ဆဲရေးခြင်း၊ ၈။ ကိလေသ- ဖြစ်ပေါ်လေ့ရှိသော ကိလေသာကို အစွဲပြု၍ ဆဲရေးခြင်း၊ ၉။ အာပတ္တိ- သင့်ရောက်သော အာပတ်ကို အမည်တပ်၍ ဆဲရေးခြင်း၊ ၁၀။ အက္ကောသ- ခွေးမသား စသည်ဖြင့် ဆဲရေးခြင်းတို့ဖြစ်သည်။ ထိုဆဲရေးခြင်း ဆယ်ပါးတို့တွင် တစ်ပါးပါးဖြင့် ပြောဆိုပါက ဆဲရေးခြင်း အရာမြောက်လေသည်။

စကားဖြင့် နေ့စဉ်နေ့တိုင်း ဆက်သွယ်ပြောဆိုကြရ၏။ ထိုသို့ ပြောဆိုနေပါသော်လည်း နေ့တိုင်းပြောလျက် မတတ်တာစကား ဖြစ်နေသည်။ စကားဖြင့် တစ်ဖက်သားကို နာကျင်အောင်၊ စိတ်မချမ်းသာအောင် ပြောဆိုကြသည်။ မိမိ၏စကားဖြင့် သူတစ်ပါးကို လှံဖြင့် တဆွဲဆွဲထိုးသကဲ့သို့ နာကျင်အောင် ပြောဆိုနိုင်သည်။ ထိုစကားပြောဆိုခြင်းမျိုးကို နှုတ်လှံထိုးခြင်းဟု ခေါ်သည်။ စကားကို ချိုသာစွာပြောသူတို့သည် အဓိပ္ပာယ်တူစေဦးတော့ ချိုသာအောင်၊ နှစ်လိုဖွယ်ရှိအောင် ပြောဆိုတတ်ကြသည်။ ဥပမာအားဖြင့် "ဒီကို လာစမ်း၊ ဒီကိုလာပါ" စကားလုံး၏ အဓိပ္ပာယ်မှာ အတူပင် ဖြစ်လင့်ကစား 'ပါ' ဆိုသည့် စကားလုံးတစ်လုံးကြောင့် ယဉ်ကျေးသိမ်မွေ့သော အသွင်သို့ ပြောင်းသွားလေသည်။ တပည့်သားများကို ခိုင်းလျှင်တောင်မှ ချိုသာစွာ ပြောဆိုခိုင်းသည့် အကြီးအကဲ၏ စကားကို ပိုပြီးနှစ်သက်၊ ပိုပြီးတန်းဖိုးထားတတ်ကြလေသည်။

ဆဲရေးခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်းမှာ မကောင်းပေ။ ဆဲရေးခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းတို့ကြောင့် တမလွန်ဘဝတွင် ငရဲသို့ ရောက်ရခြင်း၊ တိရစ္ဆာန်ဘဝ ရောက်ရခြင်း၊ ပြိတ္တာဘုံသို့ ရောက်ရခြင်း၊ မနှစ်သက်သော အသံကို ဖြစ်စေခြင်း စသော ဆိုးကျိုးများကို ခံစားရသည်။ ထို့အပြင် လူ့ဘုံဘဝသို့ ပြန်ရောက်သည့်အခါတွင်လည်း စကားမပီ သွားမညီခြင်း၊ အများမုန်းတီးခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်း၊ ဆွံ့အခြင်း၊ အသံမသာယာခြင်းတို့ကို ဖြစ်စေသည်။

ဆဲရေးခြင်းသည် ဒုစရိုက် (၁၀)ပါးတို့တွင် ဖရုသဝါစာ စကားဖြစ်၏။ ဆဲရေးခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရပေမည်။ မိမိတို့သည် အမြဲတစေ ပတ်ဝန်းကျင်နှင့် ပြောဆိုဆက်ဆံနေကြရ၏။ လူဖြစ်လာသည်နှင့် တစ်ယောက်တည်း နေထိုင်၍ မရပေ။ ပေါင်းသင်းဆက်ဆံရေးသည် လူမှုကိစ္စတွင် အရေးပါလာသည်။ ထိုအခါ လူကြီးလူငယ်များနှင့် ပြောဆိုဆက်ဆံရတော့သည်။ ထိုသို့ ပြောဆိုစဉ် ဆဲရေးသောစကား၊ ကြမ်းတမ်းသောစကားကို ပြောဆိုမိက အရှက်တကွဲ ဖြစ်တတ်သည်။ လူအများ၏ မုန်းတီးခြင်းကို ခံရတတ်သည်။

လူငယ်တချို့တွင် မကောင်းသော စကားဖြင့် ယောင်ရမ်းခြင်းသည်လည်း အများရှေ့တွင် အရှက်ရဖွယ်ဖြစ်၏။ လူငယ်တစ်ယောက်သည် ခါးကို အတို့ခံရလျှင် မကောင်းသောစကားဖြင့် ယောင်ယမ်းလေ့ရှိ၏။ သူ့အကျင့်ကို သိသော သူငယ်ချင်းတစ်ယောက်သည် လူကြီးသူမတို့ရှေ့၌ သူ၏ခါးကို တို့လိုက်လေသည်။ သူ့အကျင့်အတိုင်း မကောင်းသော စကားဖြင့် ယောင်ယမ်းလိုက်မိသည်။ ထိုလူငယ်ကို လူကြီးတို့က ရွံ့ရှာသော အကြည့်နှင့်ကြည့်ပြီး လူငယ်ကို နားလည်ပေးသော လူကြီးတစ်ယောက်က နောင်အခါ မယောင်မိစေရန် ဆုံးမလိုက်သည်။ အကျင့်ပါနေသော နှုတ်ကိုပြုပြင်က ရနိုင်ပါသည်။ သို့သော် ပြုပြင်လိုစိတ်တော့ ရှိရပေမည်။

အလုပ်ခွင်တွင်လည်း ချိုသာသောစကားရှိသူကို ချစ်ခင်သူများပြီး နှုတ်ကြမ်းသူကို ချစ်ခင်သူ နည်းပါးသည်။ လူချစ်ဆေးသည် အခြားမဟုတ် စကားကို ချိုသာစွာ ပြောဆိုခြင်းပင်ဖြစ်သည်။ လောကနီတိတွင် "နှုတ်ချိုသော စကားရှိသူသည် အဆွေခင်ပွန်းပေါများ၏။ ကြမ်းကြုတ်သော စကားရှိသူသည် အဆွေခင်ပွန်းနည်းပါး၏။ အေးမြသော လမင်းနှင့် ပူပြင်းသော နေမင်းကို ဥပမာပြုမူ၍ မှတ်ယူရာ၏"ဟု ဖော်ပြထားသည်။

မိမိ၏ နှုတ်ထွက်စကားတစ်ခွန်းသည် မိမိဘဝကိုပါ ပြောင်းလဲစေနိုင်သည်။ 'နှုတ်ကောင်းလျှင် ပြည်စိုး' ဆိုသည့် မြန်မာစကားပုံတစ်ခုရှိသည်။ 'ပြည်စိုး' ဆိုသည်မှာ နေရာဌာန အားလျော်စွာ စိုးမိုးခြင်းကို ဆိုလိုသည်။ အရောင်းဝန်ထမ်းတစ်ယောက်သည် နှုတ်ချိုသာပြီး လုပ်ရည်ကိုင်ရည်ရှိသောကြောင့် မန်နေဂျာရာထူး ရသွားခြင်းမျိုးပင်ဖြစ်သည်။ တိုင်းပြည်ကို အစိုးရခြင်း မဟုတ်ပေ။ လူတစ်ယောက်သည် နေရာ၊ ရာထူးကို အဆင့်အတန်းနှင့် ထိုက်တန်သလောက်ရခြင်းတည်း။

လူငယ်တစ်ယောက်အဖို့ အလုပ်အကိုင်ရရှိရေးသည် အရေးကြီးသည်။ အလုပ်ခေါ်စာများတွင် ရုပ်ရည်ပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်ဟု ပါရှိတတ်သည်။ ပေါင်းသင်းဆက်ဆံရေးသည် နှုတ်ချိုမှသာလျှင် ကောင်းမွန်နိုင်မည်ဖြစ်သည်။ နှုတ်ကြမ်းပါက ရေရှည်ဆက်ဆံရေး အဆင်မပြေနိုင်ပေ။ သို့ဖြစ်၍ လူငယ်တစ်ယောက်အနေဖြင့် စကားကို ချိုသာစွာပြောဆိုတတ်သော အလေ့အကျင့်ကို ထားရှိရမည်။

အချို့က နှုတ်ချိုသာစွာ ပြောသူတို့ကို "စကားချိုသာလွန်းတော့ အကြွေးတောင်းတာတောင် နားထောင်ကောင်းတယ်"ဟု ပြောဆိုချီးမွမ်းတတ်ကြသည်။ ထို့ကြောင့် မိမိ၏ သားသမီးများ၊ တပည့်များ၊ လက်အောက်ငယ်သားများကို စကားချိုသာအောင်၊ ယဉ်ကျေးအောင် သွန်သင်ပေးရမည်မှာ မိဘများ၊ အကြီးအကဲများ၏ တာဝန်သာဖြစ်လေသည်။ မိမိမသင်ပေးနိုင်ပါက ဓမ္မကျောင်းများ၊ ယဉ်ကျေးလိမ္မာ သင်တန်းများကို ပို့ဆောင်ပေးရမည် ဖြစ်သည်။ "ယနေ့ လူငယ် နောင်ဝယ် လူကြီး" ဆိုသလို နောင်အချိန် လူကြီးဖြစ်မည့် ကလေးများကို စကားချိုသာအောင်၊ ယဉ်ကျေးသိမ်မွေ့အောင် ပြုစုပျိုးထောင်ပေးကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## ကိုယ်ကျင့်တရား

✤ သူများဥစ္စာ
ကွယ်ရာတွင် မယူရ
ယူမိလျှင် အမည်ဆိုး
သူခိုးတဲ့ဗျ။

✤ သူများဥစ္စာ
နိုင်ကျင့်ကာ မလုရ
လုမိလျှင် မည်တစ်မျိုး
လူဆိုးဓားပြ။

✤ စောင့်ထိန်းပါ
ခိုးလုတာရှောင်ရှားကြ
ဒါမှကွယ် ချိန်ကြာညောင်း
ကောင်းစာရိတ္တ။ ။

**အာကာလွင်**(A1)

## မိဘမေတ္တာဒေသနာ

✤ ငယ်စဉ်အခါ အနွံတာနှင့်
ကြီးလာသောခါ မြတ်ပညာနှင့်
ရောင်ဝါမနွမ်း ဆင်မြန်းအဝတ်
ထွတ်မြတ်မေတ္တာ ပွဲပြင်ကာလျှင်
ကောင်းရာညွှန်ပြ ဆိုဆုံးမသည့်
မိဘမေတ္တာ ဒေသနာကား
ဝေဖြာအေးချမ်း ပန်းသို့လန်း၏။

✤ သားသမီးဘဝ ချမ်းမြေ့ရဖို့
မစကြည့်ရှု စောင့်ရှောက်မှုနှင့်
ပြုစုယုယ သုခအပ်နှင်း
ဒုက္ခကင်းစေ မေတ္တာတွေသည်
စုန်ရေအဖြစ်စီးဆင်း၏။

✤ ကြုံသည့်သုခ တူဝေမျှ၍
ဒုက္ခကြုံလျှင် ကင်းစေချင်၏
သွင်သွင်အေးစက် မနောဓာတ်ဝယ်
ရစ်ပတ်နှောင်တွယ် သားရယ်သမီး
အချစ်ကြီးစွာ
နီးနီးဝေးဝေး စောင့်ရှောက်သူ။

✤ သားသမီးအမျိုးမျိုး
ဆိုးဆိုးကောင်းကောင်း စိတ်မပြောင်းဘူး
ထပ်လောင်းမေတ္တာ ပိုသာစွာဖြင့်
ကြင်နာကရု ဂရုတစိုက်
ထွေးပွေ့ပိုက်သည် သားမိုက်သမီးဆိုး
ပစ်ရိုးမရှိ မိဘရင်မှာ
စေတနာတို့
ဝေဖြာပျံ့သင်း ပုံမယွင်းသည်
ချစ်ခြင်းအလင်္ကာဒေသနာ။ ။

**မေနွယ်စိုး(မြန်မာစာ)**

## ငြိမ်းချမ်းပါစေ မြန်မာပြည်

○ အများအကျိုး ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင်လော့
သွန်သင်ဟောကြား စကားလင်္ကာ
နားမှာချိုမြ မှတ်ထိုက်လှ၏။

○ လူဆိုသည်က အတ္တသမား
ဆိုသော်ငြားလည်း အများမပါ
တစ်ဘို့သာတည့် အမြဲကြည့်က
လူညံ့နုံချာ ဖြစ်တတ်စွာ၏။

○ ပရဟိတ များလှအကျိုး
ရွက်သယ်ပိုးသည့် လူမျိုးသည်သာ
လူတော်ပါဟု ပညာရှိများ
ဤစကားကို မိန့်ကြားပေ၏။

○ ဖြူစင်မေတ္တာ စေတနာလွှမ်း
ကြင်နာကမ်းယုက် တို့များလက်ဖြင့်
ပြုလျက်ပါရမီ လက်တွဲညီခဲ့
တို့ရဲ့ကမ္ဘာ ပြည်မြန်မာသည်
ကြည်သာငြိမ်းချမ်းအေးစေသား။ ။

**မြတ်ဇင်မာအေး**

ဝတ္ထုတို

# အပြုံးတစ်ခြမ်း အမုန်းတစ်ခြမ်း

■ ဆွေး(မြိုတ်)

မိုးရာသီဖြစ်နေလျက်နှင့်ပင် သည်နေ့ တိမ်ကင်းစင်၍ နေသာနေ၏။ နံနက် ၈ နာရီပင်ဖြစ်နေပြီမို့ အဆောင်ရှေ့တွင်လည်း ကလေးများ၏ အသံများကညံနေလေပြီ။ ကျွန်တော်လည်း ကျောင်းသို့သွားရန် အသင့်ဖြစ်နေပြီမို့ အဆောင်ထဲမှ ထွက်လာလိုက်သည်။ တံခါးကို သော့ခတ်မည်ပြုစဉ် "ဆရာရှင်"ဟူသော ခေါ်သံတစ်ခုကြောင့် အသံလာရာသို့ ကျွန်တော် လှည့်ကြည့်လိုက်သည်။ အသက်သုံးဆယ်အရွယ် အမျိုးသမီးနှစ်ယောက်။ တစ်ယောက်က ကျွန်တော့်တပည့်လေး မောင်သက်ဇော်နောင်၏ အမေဖြစ်၍ ကျန်တစ်ယောက်ကမူ အဖော်လိုက်လာဟန်တူ၏။ သူတို့ဆီမှ ဆက်ထွက်လာသော စကားများသည် ကျွန်တော့်ရင်ကို နေသာလျက်ကပင် မုန်တိုင်းထန်သွားစေ၏။

"ဒီကိစ္စကို ကျွန်တော်တော့ လုံးဝလက်မခံဘူး။ အဒေါ်တို့ ကျောင်းအုပ်ကြီးနဲ့ ပြောကြည့်ပါ။ တကယ်လို့ ကျောင်းအုပ်ကြီးက ခွင့်ပြုခဲ့ရင်တောင် ကျွန်တော်က ထပ်ပြီးငြင်းနေဦးမှာပဲ"

"ကျွန်မတို့လည်း ခုလို ဘယ်လုပ်ချင်ပါ့မလဲ ဆရာ။ အခုအခြေအနေက လုံးဝမဖြစ်တော့လို့ပါ။ ဆရာ့စေတနာကိုလည်း နားလည်ပါတယ်"

အဖော်အဖြစ်လိုက်ပါလာသော အဒေါ်ကြီးက ဝင်ပြောပေးရင်း သက်ဇော်နောင်တို့ မိသားစုအခြေအနေကို ပြောပြသည်။ ကျွန်တော့်တပည့်လေး သက်ဇော်နောင်တွင် အစ်မတစ်ယောက်၊ နှမနှစ်ယောက်ရှိ၏။ အစ်မက စတုတ္ထတန်း၊ နှမတစ်ယောက်က ပထမတန်း(KG plus one)၊ နောက် နှမတစ်ယောက်က တစ်နှစ်နှင့် ခြောက်လသာရှိသေး၏။ အမေနှင့် အဘွား၏စောင့်ရှောက်မှုအောက်တွင် နေကြရသည်။ အဖေကား မရှိတော့ပြီဟုသာဆို၏။ ကွယ်လွန်သွားပြီလော။ သို့တည်းမဟုတ် နောက်အိမ်ထောင်ပြုသွားပြီလော။ သေသေချာချာ မပြောပြကြ။ မိသားစုတစ်ခုလုံး၏ စားဝတ်နေရေးအတွက် အဘွားဖြစ်သူက ပိုက်ဆံရှာ၏။ အမေဖြစ်သူက ကလေးတစ်ဖက်နှင့်မို့ အလုပ်ထွက်မလုပ်နိုင်။ အိမ်တွင်း အလုပ်များနှင့် ကလေးထိန်းရင်းနေ၏။ သို့သော် ယခု၌မူ မိုးရေထဲ၌ မနားစတမ်း အလုပ်လုပ်ရသောဒဏ်ကြောင့် အဘွားဖြစ်သူ အိပ်ရာထဲ လဲနေ၏။ ထို့ကြောင့် စားဝတ်နေရေးပြဿနာကိုဖြေရှင်းရန် အမေဖြစ်သူက အလုပ်ထွက်လုပ်မှဖြစ်ပေတော့မည်။ ထိုအခါ အဘွားဖြစ်သူနှင့် အငယ်ဆုံးကလေးတို့ကို ပြုစုစောင့်ရှောက်ရန် လူတစ်ယောက်လိုလာ၏။ ထို့ကြောင့် သက်ဇော်နောင်ကို ကျောင်းတစ်နှစ်နားခွင့်ပြုဖို့ရာ အကြိမ်ကြိမ်တောင်းဆိုနေ၏။

"အဒေါ်တို့အခက်အခဲကိုလည်း ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် တစ်နှစ်ဆိုတဲ့ အချိန်က ကလေးအတွက် အများကြီးနစ်နာမှာဗျ။ အခုတောင် ကလေးကျောင်းပျက်တာ သုံးရက်ရှိပြီ။ ကလေးက စာလည်းရတယ်။ အဒေါ်တို့အခက်အခဲကို အခြားတစ်နည်းနဲ့ ဖြေရှင်းကြည့်ပါလားဗျ။ တကယ်လို့ ဖြစ်နိုင်ရင် အငယ်ဆုံးကလေးကိုပါ ကျောင်းကိုလွှတ်လိုက်ပါလား။ ကျွန်တော်တို့ ဝိုင်းကြည့်ပေးမယ်လေ"

ကျွန်တော့်စကားကြောင့် အဒေါ်နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။ ကျွန်တော့်ဦးနှောက်ထဲတွင် အခြား မည်သည်ကိုမျှထည့်မစဉ်းစားနိုင်တော့ပါ။ ကျွန်တော့်အတန်းထဲ၌ ကလေးတစ်ယောက် လျော့မသွားအောင် မည်သို့လုပ်ရမည်ကိုသာလျှင် အရေးစိုက်နိုင်၏။

"ကလေးကငယ်လွန်းတော့ ဆရာတို့အတွက် ထိန်းရစောင့်ရှောက်ရတာ အဆင်ပြေမှာ မဟုတ်ဘူးရှင်။ ဆရာက သက်ဇော်နောင်ကို ကျောင်းနားခွင့်မပြုဘူးဆိုရင် စတုတ္ထတန်းက သူ့အစ်မ ပန်းမူကို နားခိုင်းရမှာပဲ။ သူတို့နှစ်ယောက်မှာ တစ်ယောက်ယောက်နားမှပဲ အဆင်ပြေတော့မှာပါဆရာ။ လူနာတို့၊ ကလေးတို့ဆိုတာကလည်း အချိန်ပြည့်စောင့်ရှောက်မှရတယ်လေ ဆရာ။ အခုအတိုင်းဆိုရင် သမီးကြီး ပန်းမူကိုပဲ ကျွန်မတို့ကျောင်းနားခိုင်းတော့မှာပဲ"

မိခင်တစ်ဦး၏ ခံစားချက်ကို ကျွန်တော် ကိုယ်ချင်းစာနိုင်၏။ ကိုယ့်သားသမီးကို အဘယ်သို့သော မိခင်မျိုးက ပညာတတ်မဖြစ်စေချင်ဘဲ နေမည်နည်း။

ပန်းမူသည်လည်း စာတော်သောကျောင်းသူတစ်ဦးဖြစ်၏။ စတုတ္ထတန်းအတန်းပိုင် ခွင့်ယူသည့်အခါများတွင် ကျွန်တော်စာဝင်သင်ပေးဖူး၍ သိနေ၏။ စာတော်သလိုပင် လိမ္မာ၏။ အလိုက်သည်၏။ သက်ဇော်နောင်ကို ကျောင်းနားခွင့်မပေးလျှင် ပန်းမူ ကျောင်းနားရလိမ့်မည်။ ထိုအခါ ပန်းမူ၏ အတန်းပိုင်ဆရာမကလည်း လက်ခံမည်မဟုတ်။ ထိုကိစ္စကို မည်သို့ဖြေရှင်းရမည်နည်း။ နည်းမျိုးစုံစဉ်းစားကြည့်ရ၏။ ကိုယ့်အတန်းကတပည့်လေး ကျောင်းနေရဖို့အတွက်နှင့် အခြားအတန်းက ကလေးကိုလည်း ကျွန်တော်မစတေးချင်ပါ။

ရုတ်တရက် ကျွန်တော်အကြံတစ်ခုရလိုက်၏။ ကျောင်းခေါ်ကြိမ် (၇၅) ရာခိုင်နှုန်း ပြည့်လျှင် စာမေးပွဲဖြေခွင့်ရှိ၏။ တစ်လလျှင် အနည်းဆုံး ကျောင်းတစ်ပတ်ပျက်လျှင်ပင် ကျောင်းခေါ်ကြိမ် (၇၅)ရာခိုင်နှုန်းပြည့်သေး၏။ ထိုအတိုင်းဆိုလျှင် ကျောင်းလုံးဝနားပစ်လိုက်သည်ထက်စာလျှင် မောင်နှမနှစ်ယောက်ကို အလှည့်ကျကျောင်းတက်စေလျှင် အဆင်ပြေနိုင်လိမ့်မည်။ ထို့ကြောင့် ကျောင်းနားမည့်ကိစ္စကို ကျောင်းအုပ်ကြီး၊ ပန်းမူ၏အတန်းပိုင်ဆရာမတို့နှင့်တိုင်ပင်ပြီးလျှင် ဆုံးဖြတ်ချက်ကို ပြန်ပြောမည်ဟု အဒေါ်ကြီးနှစ်ယောက်ကို ပြော၍ အိမ်ပြန်စေလိုက်သည်။

ပန်းမူကျောင်းတက်လျှင် သက်ဇော်နောင် ကျောင်းပျက်၏။ သက်ဇော်နောင် ကျောင်းတက်လျှင် ပန်းမူ ကျောင်းပျက်၏။ ထိုကဲ့သို့ မဖြစ်စေချင်သော်လည်း ကျောင်းလုံးဝမတက်တော့သည်ထက်စာလျှင် များစွာသာပေသည်။ သက်ဇော်နောင် ကျောင်းပျက်သည့်ရက်များ၌ ပန်းမူယူလာပေးသော သက်ဇော်နောင်၏ စာအုပ်များတွင် သည်နေ့သင်သမျှ သင်ခန်းစာများကို အတန်းတွင်းရှိ စာပြီးမြန်သော ကလေးများက သူတို့စာပြီးသည်နှင့် သက်ဇော်နောင်အတွက် ကူးထည့်ပေးလေ၏။ သို့သော် သက်ဇော်နောင်က တတိယတန်းမို့ စာမများသည့်အတွက် ထိုနည်းသည် အတော်အသင့် အဆင်ပြေသည်။ ပန်းမူအတွက်မူကား အခက်တွေ့၏။ စတုတ္ထတန်းဖြစ်သည်မို့ စာကလည်းများသည့်အပြင် အရေးကြီးသည့်အတန်းမို့ ဖိဖိစီးစီးလုပ်မှသာလျှင် အဆင်ပြေမည်။ တစ်ချိန်ပြီးတစ်ချိန်၊ တစ်ဘာသာပြီး တစ်ဘာသာ အချိန်ဇယားအတိုင်း ဆရာဆရာမများက ဝင်ရောက်သင်ကြားနေသည်မို့ ကျောင်းမလာသူအတွက် သင်သမျှသင်ခန်းစာများကို ကူးရေးထည့်ပေးနေရန် ကျန်ကလေးများအတွက် အဆင်မပြေလှ။ သူတို့စာနှင့်ပင် သူတို့ အနိုင်နိုင်ဖြစ်နေ၏။ ထို့ကြောင့် ပန်းမူ ကျောင်းပျက်သည့်အခါ သင်ခန်းစာများ လွတ်သွားရသည်။ ထိုနေ့များတွင် ပန်းမူ၏ အတန်းပိုင်ဆရာမ၏မျက်နှာသည် ညှိုးငယ်နေတတ်၏။ ပန်းမူ ကျောင်းပျက်သည့်ရက်များတွင် ကျွန်တော့်အတန်းတွင် သက်ဇော်နောင်ကို သူလာကြည့်တတ်၏။ ကျွန်တော်လည်း ထို့နည်းတူပင်။ သက်ဇော်နောင် ကျောင်းပျက်သည့်ရက်များတွင် ပန်းမူ ကျောင်းလာသည်၊ မလာသည်ကို သွားကြည့်ဖြစ်၏။ ပန်းမူတို့ မောင်နှမနှစ်ယောက်စလုံး တစ်ရက်တည်း



ကျောင်းမပျက်စေရေး သူတို့၏ ကျောင်းခေါ်ကြိမ်များ ၇၅ ရာခိုင်နှုန်းပြည့်စေရေးသည် ကျွန်တော်တို့အရေးပင်ဖြစ်ပေသည်။

သက်ဇော်နောင်တစ်ယောက် ကျောင်းပျက်ရက်များလာပြန်၏။ နေ့ဆက်၍ ကျောင်းပျက်လာ၏။ ထို့ကြောင့် ပန်းမူ၏ အတန်းပိုင်ဆရာမကို ပန်းမူ၏အခြေအနေကို မေးကြည့်ရသည်။ ယခုရက်ပိုင်းအတွင်း ပန်းမူ လုံးဝကျောင်းမပျက်တော့ဟုဆိုလာသဖြင့် ကျွန်တော် စိုးရိမ်ရပြန်သည်။ ကျွန်တော့်ကလေးကို ကျောင်းထုတ်ပစ်လိုက်မည့်အဖြစ်မျိုး ကျွန်တော် လုံးဝအဖြစ်မခံနိုင်ပါ။ ထို့ကြောင့် နေ့လယ်ကျောင်းဆင်းချိန်တွင် ပန်းမူကို ကျွန်တော်ခေါ်တွေ့ရ၏။

"သမီးမောင်လေးက ကျောင်းတွေ ရက်ဆက်ပြီး ပျက်နေပြန်ပြီ ပန်းမူ။ ဒါဘယ်လိုဖြစ်တာလဲ။ ပြီးတော့ သူကျောင်းမလာတဲ့ရက်မှာ အရင်ကလို သူ့စာအုပ်တွေ ဘာလို့ မယူလာတော့တာလဲ"

"အမေက ကျောင်းသွားခိုင်းတာပဲ ဆရာ။ သူက မသွားချင်ဘူးတဲ့။ သူ့စာအုပ်တွေလည်း သမီးတောင်းပါတယ်။ သူက မပေးဘူးဆရာ။ သူက ကျောင်းမလာချင်ဘူးတဲ့"

ပန်းမူစကားကြောင့် ကျွန်တော် ဒေါသထွက်သွားမိသည်။ သည်လောက် လုပ်ပေးထားတာတောင်မှ ကျောင်းမလာချင်ဘူးဆိုသဖြင့် ကျွန်တော် စိတ်ဆိုးမိသည်မှာအမှန်ပင်။ သို့သော် ဒေါသများကို ဘေးခဏဖယ်ကာ ပရိယာယ်သုံးရပြန်သည်။

"သမီးမောင်လေးကို ပြောလိုက်။ကျောင်းကို မလာချင်ရင်မလာနဲ့တော့လို့၊ ဒါပေမယ့် မနက်ဖြန်တစ်ရက် ဖြစ်အောင်လာပေးလို့၊ ရအောင်ပြောနော် ပန်းမူ"

"ဟုတ်ကဲ့ဆရာ"

ပြန်ထွက်သွားသော ပန်းမူ၏ကျောပြင်ကို ငေးကြည့်ရင်း သက်ဇော်နောင်က မည်သည့်အတွက် ရုတ်တရက်ကျောင်းမတက်ချင်တော့တာလဲဟု ကျွန်တော်တွေးကြည့်မိသည်။ ကျောင်းမလာသည့်ရက်များက သူငယ်ချင်းများ ကူးထည့်ပေးလိုက်သည့်စာများထဲမှ နားမလည်သည့်၊ မရှင်းသည့်စာများကိုပင် အလူးအလဲလာမေးနေတတ်သည့်ကလေး။ ကျောင်းမပျက်ချင်သောကလေး။ ကျောင်းမထွက်ချင်သောကလေးက မည်သည့်အတွက် ယခုလိုပြောင်းလဲသွားပါသနည်း။ တစိမ့်စိမ့် တွေးကြည့်နေသော်လည်း တရေးရေးမျှပင်ပေါ်မလာပေ။ နောက်ဆုံး အတန်းထဲက ကလေးများက တစ်ခုခုပြောကြ၊ စနောက်ကြ၍လောဟုတွေးရင်း ကလေးများကို မေးကြည့်ရပြန်သည်။ သို့သော် ထိုသို့မဟုတ်ဟူ၍သာ တစ်ခန်းလုံးက တညီတညွတ်အဖြေပေးကြ၏။ ထို့ကြောင့် တွေးမရသည့်အဆုံး၌ မနက်ဖြန် သက်ဇော်နောင် ကျောင်းလာပါစေဟုသာ ကျွန်တော်ဆုတောင်းရတော့သည်။

"သက်ဇော်နောင် ဆရာ့ဆီလာဦး"

အသံကြားသည်နှင့် အမြန်ပြေးလာပြီး ကျွန်တော့်အရှေ့ လက်ပိုက်ကာလာရပ်၏။

"ဟိုနေ့တွေက ဘာဖြစ်လို့ ရက်ဆက်ပြီး ကျောင်းပျက်တာလဲ"

ကျွန်တော့်မေးခွန်းအဆုံး၌ ကျွန်တော့်မျက်နှာကို မဝံ့မရဲ သူမော့ကြည့်၏။

"မင်းက ကျောင်းမသွားချင်ဘူးလို့ ပြောတယ်ဆို"

ကျွန်တော့်အသံသည် သိသိသာသာပင် တင်းမာသွားလေ၏။

"မဟုတ်ဘူးဆရာ။ သားက ကျောင်းလာချင်ပါတယ်။ ပန်းမူက မလာခိုင်းတာ။ သူ့မှာ စာတွေ မလိုက်နိုင်ဘူးတဲ့။ ပြီးတော့ ဆရာကလည်း ကျွန်တော့်ကို ကျောင်းမလာနဲ့တော့လို့ မှာလိုက်တယ်ပြောတယ်။ သူက လေးတန်း အရေးကြီးတယ်တဲ့။ သူ ကြီးလာရင်ကျောင်းဆရာမလုပ်မှာမို့ သူကျောင်းတက်မှရမယ်လို့ ပြောတယ်"

ကျွန်တော် အံကိုတင်းနေအောင်ကြိတ်ထားလိုက်မိသည်။ ကြားလိုက်ရသည့်စကားကြောင့် ရင်ထဲဆို့နင့်ရ၏။ သက်ဇော်နောင်၏ အသံသည် ကျွန်တော့်နားထဲ ပဲ့တင်ထပ်နေ၏။ ထို့အတူပင် ပန်းမူ၏ မျက်နှာသည်လည်း ကျွန်တော့်မျက်ဝန်းထဲပေါ်လာနေ၏။ ကျောင်းတက်ချင်သော ပန်းမူ။ စာတတ်ချင်သော ပန်းမူ။ ရည်မှန်းချက်ကြီးသော ပန်းမူ။ ကျွန်တော်ခေါ်မေးသည့်ရက်က သွက်သွက်လက်လက်နှင့် မုသားသုံးကာဖြေသွားပုံများကိုတွေးရင်း ပန်းမူ၏ ရင်တွင်းခံစားချက်များကို ကျွန်တော် လှမ်းမြင်နေရ၏။ ထိုခံစားချက်များအတွက် ပန်းမူတစ်ယောက် မည်သူ့ကို အပြစ်တင်နေမည်နည်း။ သူ၏အဖေကိုလော။ အမေကိုလော။ မောင်လေးကိုလော။ ညီမလေးကိုလော။ သို့တည်းမဟုတ် ကံတရားကိုလော။ မေးခွန်းပေါင်းများစွာကို တစ်ကိုယ်တည်း ကျွန်တော်မေးနေမိ၏။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . "

ကျောင်းတက်ခေါင်းလောင်းသံကြားသည်နှင့် ကလေးများ၏အသံများလည်း တိတ်ဆိတ်သွားလေ၏။ ထိုအခါမှ "သူက ကြီးလာရင် ကျောင်းဆရာမလုပ်မှာမို့ သူကျောင်းတက်မှရမယ်လို့ပြောတယ်"ဟူသော သက်ဇော်နောင်ပြောပြသည့် ပန်းမူ၏စကားများက ပို၍ အသက်ဝင်လာ၏။ ယခုအချိန်လောက်ဆိုလျှင် ကျောင်းရှိရာအရပ်သို့ ပန်းမူ ငေးချင်ငေးနေနိုင်၏။ သို့တည်းမဟုတ် အိမ်မှုကိစ္စအဝဝကို သိမ်းကျုံးလုပ်နေနိုင်၏။

သည်နေ့ ကျွန်တော့်မွေးနေ့မို့ ကလေးများကို သကြားလုံးကျွေးဖြစ်သည်။သူတို့ကို သာမက အိမ်၌ကျန်ခဲ့သော သူတို့ညီလေး ညီမလေးများအတွက်ပါ ထည့်ပေးလိုက်ဖြစ်သည်။ သကြားလုံးစားရသည်မို့ ကလေးများ ပျော်နေကြသည်။

"ဆရာရေ ကျွန်မတော့ လက်လျှော့ရပြီ"

အခန်းဝတွင် ရပ်လျက်ဆိုလာသော ဆရာမ၏စကားကြောင့် ကျွန်တော် အံ့သြသွားမိသည်။

"ဘာဖြစ်လို့လဲဗျ"

"ပန်းမူကို သူ့အမေက ကျောင်းထုတ်လိုက်ပြီ ဆရာ။ ဘယ်လိုတားတား မရတော့ဘူး"

"ဟင်. . . "

ကျွန်တော့်နှုတ်မှ မည်သည့်စကားလုံးမှ ထွက်မလာနိုင်တော့ပါ။ ဆို့အသွားသည်လော။ ထွက်လာနိုင်စွမ်းမရှိတော့၍လော။ ဝေဖန်ပိုင်ခြားနိုင်ဖို့ ခွန်အားများ ကျွန်တော့်ဆီ မရှိတော့ပါ။ ရင်ထဲမှ အမည်မဖော်နိုင်သော ဝေဒနာတစ်ခုသည်သာ တစ်ကိုယ်လုံးပျံ့နှံ့သွားလေသည်။

ကျွန်တော့်ကလေး ကျောင်းထွက်မည်ကို ကျွန်တော်မလိုလားသလို၊ စိုးရိမ်သလို အခြားဆရာတစ်ယောက်ကိုလည်း ကျွန်တော် မခံစားစေချင်သည်မှာ ဧကန်ဖြစ်၏။ သို့သော် ယခုမူကား. . .။

စာသင်ခန်းထဲသို့ ခြေလှမ်းချလိုက်သည်နှင့် တပည့်လေး သက်ဇော်နောင်က ကျွန်တော့်ဆီ အပြေးလာ၏။ ထို့နောက်

"မပန်းမူက ပြန်ပေးခိုင်းလိုက်တယ်ဆရာ"

မမျှော်လင့်ထားသော စကားကြောင့် ကျွန်တော့်ခြေလှမ်းများ တုံ့ဆိုင်းသွားရသည်။ မနေ့က ကျွန်တော် ပန်းမူအတွက် ထည့်ပေးလိုက်သည့် သကြားလုံးများကို ပြန်လာပေးခြင်းဖြစ်သည်။

"မပန်းမူက မစားဘူး။ ပြန်ယူသွားတဲ့ ဆရာ"

"သူက ဘာလို့ မစားဘူးလို့ပြောလဲ"

ကျွန်တော့်အမေးကို ချက်ချင်းပြန်မဖြေဘဲ ခေါင်းကိုငုံ့ရင်းနေကာ အတန်ကြာလေမှ "ဆရာက သူ့ကို ကျောင်းမနေရအောင် လုပ်လို့တဲ့ ဆရာ"ဟု ကလေးသဘာဝ ရိုးသားစွာ ပြန်ဖြေရှာ၏။ တပည့်လေးဆီမှ ကြားလိုက်ရသော အဖြေစကားကြောင့် တစ်ခါမျှမခံစားဖူးခဲ့သော ခံစားမှုတစ်မျိုးက ကျွန်တော့်ရင်ကို အုပ်စိုးလိုက်လေ၏။ ကျွန်တော့်မျက်ဝန်းအိမ်တွင်လည်း မျက်ရည်ကြည်များ အပြိုင်အဆိုင်ပင် စို့တက်လာကြတော့၏။

ကျလုလုမျက်ရည်များကို အတတ်နိုင်ဆုံးထိန်းရင်း နံရံပေါ်ရှိ နာရီပေါ်သို့ အကြည့်များလွှဲပစ်လိုက်သည်။ နာရီလက်တံကလေးများကို စိုက်ကြည့်နေရင်းကပင် "ဒေါင်. . . ဒေါင်. . . " ဟူသော ခေါင်းလောင်းသံများက နားထဲတိုးဝင်လာလေသည်။ ကျွန်တော့်မျက်ဝန်းထဲ၌ကား သူငယ်ချင်းများနှင့် ပျော်ရွှင်မြူးထူးစွာ အခန်းထဲသို့ပြေးဝင်လာသည့် သက်ဇော်နောင်ကတစ်ဝက် ရည်မှန်းချက်ကြီးသော ပန်းမူ၏မျက်နှာကတစ်ဝက် အသီးသီးမင်းမူနေလေ၏။

ယခုအချိန်လောက်ဆိုလျှင် ကျောင်းရှိရာအရပ်သို့ ပန်းမူ ငေးချင်ငေးနေနိုင်၏။ သို့တည်းမဟုတ် အိမ်မှုကိစ္စအဝဝကို သိမ်းကျုံးလုပ်နေနိုင်၏။ သို့တည်းမဟုတ် ကျွန်တော့်ကို. . .။ ။

ဆောင်းပါး

# အမုန်းကင်းမဲ့ဇုန်လေးတွေ တည်ဆောက်ကြပါစို့

■ အေးမြတ်မြတ်ဖြိုး(ကံမ)

“တစ်စုံတစ်ယောက်ကို မုန်းမိပြီဆိုရင် အဲ့ဒီအမုန်းက သူများကိုမလောင်ခင် ကိုယ့်ကိုအရင်လောင်တယ်” မှန်ကန်တဲ့ ဆုံးဖြတ်ချက်မျိုး မဖြစ်အောင်၊ မျှတတဲ့ အမြင်မျိုးမရှိအောင် အမုန်းကပဲ စွမ်းဆောင်နိုင်တယ်၊ အမုန်းဆိုတာ ဗိုင်းရပ်စ်တစ်မျိုးလို အရာရာကို ကမောက်ကမ ဖြစ်စေတယ်”။

ဒီစကားလေးက ဆရာမ ပုညခင်ရဲ့ “အနောက်တောင်အရပ်မှ လာခဲ့သူ” စာအုပ်ထဲက ဇာတ်ကောင်တစ်ယောက်ရဲ့ စကားလေးပါ။ တကယ်မှန်ပါတယ်”။ သူများရဲ့အမုန်းကို ခံနေရတဲ့ဘဝက စိတ်ချမ်းသာစရာမကောင်းသလို ကိုယ်က သူများကို မုန်းနေရတာလည်း သိပ်ကိုစိတ်ပင်ပန်းရပါတယ်။

လောကအလယ် အသက်ရှင်နေသူတွေအတွက်တော့ နေ့စဉ်နဲ့အမျှ တစ်ယောက်နဲ့တစ်ယောက် မလွဲသာမရှောင်သာ ပြောကြ၊ဆိုကြ၊ ဆက်ဆံကြရပါတယ်။ တစ်ခါတရံ ရည်ရွယ်ချက်နဲ့ဖြစ်စေ၊ မရည်ရွယ်ပါဘဲ အမှတ်တမဲ့ဖြစ်စေ တစ်ဖက်လူကို နာကြည်းစရာဖြစ်အောင် ပြောမိတတ်ပါတယ်။ ပြောသူကပြောပြီးရင် ပြီးရောဖြစ်သွားပေမယ့် ခံရတဲ့သူဘက်က စိတ်မသက်မသာဖြစ်ရပြန်ပါတယ်။ တစ်ခါတရံ ကိုယ်ကဒီအတိုင်း အေးအေးဆေးဆေးနေပေမယ့် တစ်ဖက်လူက မျက်စိစုံမှိတ် အထင်လွဲပြီး တုံ့ပြန်တိုက်ခိုက်တာမျိုးလည်း ကြုံရတတ်ပါတယ်။

တကယ်တော့ ကျွန်မအပါအဝင် လူတော်တော်များများဟာ တစ်ခါတရံမှာ ကိုယ့်ခံစားချက်နဲ့ တစ်ကိုယ်တော်အယူအဆပေါ် မူတည်ပြီး မှားတာ၊မှန်တာ မခွဲခြားနိုင်ဘဲ လိုရင်လိုသလို၊ မလိုရင်မလိုသလို ပြောတတ်၊ ဆိုတတ်ကြပါတယ်။ ဘုရားရှင်ကိုတောင်မှ တိတ္ထိတွေက “ဘုရားရှင်က တရားဟောတဲ့အခါ မျက်နှာလိုက်ပြီးဟောတယ် သူ့တပည့်တွေကိုတော့ အများကြီးဟောပြီး ငါတို့ကိုတော့ နည်းနည်းပဲ ဟောတယ်”လို့ ပြောဆိုစွပ်စွဲခံရဖူးပါတယ်။

ဒ့ါအပြင် ဘုရားရှင်က အလှမာန်ယစ်နေတဲ့ မာဂဏ္ဍီဆိုတဲ့ အမျိုးသမီးကို “နင်လို မစင်တွေနဲ့ ပြည့်နေတဲ့ အပုပ်ကောင်ကို ခြေဖျားနဲ့တောင် မထိချင်ဘူး” လို့ပြောဆိုဆုံးမလိုက်မိလို့ ဘုရားရှင်သည်ပင် ငြိုးမာန်ဖွဲ့ မုန်းတီးခြင်းခံခဲ့ရဖူးပါတယ်။

လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ စီးပွားရေး၊ လူမှုရေး အပြိုင်အဆိုင်ကြောင့် မုန်းကြတာတွေ ရှိသလို ဘာမဟုတ်တဲ့ အကြောင်းအရာလေးတွေကြောင့် မုန်းကြရတာတွေလည်း ရှိတတ်ပါတယ်။ တစ်ခါတလေကျတော့ ချစ်ခင်လွန်းရင်လည်း မုန်းရတတ်တယ်ထင်ပါရဲ့။

ကိုယ်က အမုန်းခံရတာပဲဖြစ်ဖြစ်၊ သူများကို မုန်းနေရတာပဲဖြစ်ဖြစ် တစ်ဖက်လူဟာ ကိုယ်နဲ့ဘာမှမပတ်သက်တဲ့သူဆိုရင် သိပ်ကိစ္စမရှိလှပေမယ့် ဆွေမျိုးသားချင်းပမာ ချစ်ခင်ရင်းနှီးခဲ့ဖူးသူတွေနဲ့ အဆင်မသင့်လို့ မုန်းကြရရင်ဖြင့် တကယ်စိတ်ဆင်းရဲစရာကောင်းလှပါတယ်။တကယ်တော့ လူ့ဘဝက တိုတိုလေးရယ်ပါ။ ဒီလိုဘဝတိုတိုလေးမှာပဲ ကိုယ်ချစ်ခင်ရသူတွေနဲ့ ကြာကြာရှည်ရှည် အတူနေခွင့်မရသလို ကိုယ်မချစ်ခင် မနှစ်သက်သူတွေနဲ့ကျတော့ အတူနေချင်နေရပြန်ရော။ အဲဒီအချိန်မျိုးမှာ စိတ်ကိုမထားတတ်ရင် အကုသိုလ်က အတုံးလိုက်အတစ်လိုက်ပါ။ အကြောင်းတစ်ခုခုကြောင့် လူတစ်ယောက်ကို ချစ်ရာကနေ မုန်းလိုက်မိပြီဆိုတာနဲ့ သူ့အပေါ်ထားတဲ့ သဘောထားတွေ၊ အမြင်တွေ အားလုံး ပြောင်းပြန်လှန် သွားတော့တာပါပဲ။ မုန်းမိပြီဆိုမှဖြင့် “အချစ်မဝင် အပြစ်မြင်”ဆိုသလို သူလုပ်သမျှ ဘာမှ အကောင်းမထင်၊ သူတိုးတက်ရင် မကျေနပ်၊ သူနိမ့်ကျရင် ဝမ်းသာ၊သူ့ရုပ်ကိုမြင်တိုင်း စိတ်ရှုပ်၊ သူ့အသံကြားတိုင်း အကုသိုလ်များ၊ ဒေါသ၊ သောက၊ မောဟတွေနဲ့ ဒေါမနဿပွားနေရတာ အလွန်စိတ်ပင်ပန်းရပါတယ်။

ပုထုဇဉ်လူသားမှန်သမျှ ချစ်ခြင်း၊မုန်းခြင်း မကင်းနိုင်ကြပါဘူး။ ကိုယ့်အပေါ် မကျေနပ်သူ ၊ အထင်အမြင်လွဲသူ၊ သဘောထားကွဲလွဲသူတွေကို တုံ့ပြန်မုန်းတီးပြီး သောကဒေါသပွားနေမယ်ဆိုရင် အမုန်းသံသရာဟာ ဘယ်ခါမှ ဆုံးနိုင်တော့မှာ မဟုတ်ပါဘူး။ ကောင်းကင်ပေါ်ကိုမော့ပြီး တံတွေးထွေးသူဟာ သူ့အပေါ်ကို တံတွေးတွေ ပြန်ကျလာသလိုပါပဲ။

တစ်ယောက်နဲ့တစ်ယောက် မကျေမနပ်ဖြစ်ချိန်မှာ အနိုင်ရလိုဇောနဲ့ ဟုတ်တာတွေရော၊ မဟုတ်တာတွေပါ စောင်းကာ၊ မြောင်းကာ ပြောဆိုရတာတွေဟာ တရားသဘောနဲ့တွေးရင် အကုသိုလ်တွေ တစ်ပုံတစ်ပင် ဖြစ်ရသလို နှစ်ဖက်စလုံး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေရမှာ သေချာလှပါတယ်။ ဆရာတော် အရှင်သူမြတ်တွေ ဟောတဲ့တရားထဲမှာ တစ်ဖက်ကပေးတဲ့ ဒေါသ မကျေနပ်ချက်တွေကို ကိုယ်ကမခံယူရင် ဘာမှမဖြစ်ဘဲ ခံယူမိလို့သာ ကိုယ့်စိတ်က မကျေမနပ်ပြန်ဖြစ်မိတာပါတဲ့။ ပြီးတော့ ကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ မတုန်မလှုပ်ရှိနေနိုင်တဲ့ စိတ်အရည်အသွေးပြည့်ဝသူ၊ စိတ်သဘောထားကြီးမြတ်သူဖြစ်အောင် ကြိုးစားကျင့်ကြံကြဖို့လိုတယ်လို့လည်း မိန့်ဆိုပါတယ်။

ဘယ်လိုပဲကြုံကြုံ၊ဘာတွေပဲပြောပြော၊ ပြောသူအပေါ်မှာ မေတ္တာမပျက်အောင် နေနိုင်ပြီဆိုရင် အမုန်းမရှိတဲ့ဘဝဟာ နေပျော်စရာ၊ ကျေနပ်စရာတွေဖြစ်နေပါလိမ့်မယ်။ဒါကြောင့်မို့ သိယ်သူ့သမီး ကျောက်စာထဲကလို ကျွန်မတို့အားလုံး တစ်ယောက်ကိုတစ်ယောက် အမျက်အအီတစ်စက်မရှိ ချစ်သောမျက်စိဖြင့် ကြည့်ရှုကြရင်း သက်ဆိုင်ရာပတ်ဝန်းကျင်မှာ အမုန်းကင်းမဲ့ဇုန်လေးတွေ တည်ဆောက်ကြပါစို့လားရှင်။

# သွေးစည်းညီညာ ရွှေမြန်မာ

☛ ရွာတိုက်နိုင်ငံ ပြည်ပုဂံမှ
ညီပြန်ခွန်အား တိုင်းရင်းသားတို့
ဝင့်ကြွားတောင်ငူ အောင်လံထူ
တစ်မူကုန်းဘောင် သမိုင်းပြောင်၏
ကြံဆောင်ညီညာ မြဲသစ္စာဖြင့်
အလျှာပေါင်းစုံ သိုင်း၍ခြုံသော
ပင်လုံညီလာခံ လမ်းကြောင်းမှန်ဖြင့်
တော်လှန်ဒုက္ခ ကျွန်ဘဝမှ
ရုန်းထနိုင်ခဲ့ကြပေ၏။

☛ ကမ္ဘောဇမြေ ချယ်ရီဝေ၍
တီးနေအိုးစည် ချိုမြကြည်ကာ
ချင်းပြည်ခွာဒိ သာမှုပိုလျက်
စိုပြည်အေးချမ်း ရေခဲလွှမ်းသော
တောင်တန်းအလှ မနောကနှင့်
သာစွကချင် ချိုတေးလွင်။

☛ ဖားစည်သံဝေ ကယားမြေ၌
က,နေဒီကူး အလှထူး၍
ဒူးရင်းခြိမ့်စည် မွန်တို့ပြည်လည်း
ဝေစည်ဟသာ အကဖြာ။

☛ သျှင်ဒိုင်အက သာယာလှ၍
အေးမြပင်လယ် ရခိုင်နယ်နှင့်
တစ်သွယ်ကရင် ဇွဲကပင်မှာ
ပျော်ရွှင်ဒုံးယိမ်း တောင်ယာစိမ်းလည်း
ရိတ်သိမ်းခဲ့ပြီ မြေပြန့်ဆီဝယ်
ဝေသီမြူခိုး အလှူဖြိုးလျက်
ရွှေရိုးဒေါ်မိုးကကြ၏။

☛ တို့ပြည်ထောင်ဖွား ညီနောင်များ၏
ထိန်းထားခဲ့ပေ ဘိုးဘွားမွေသည်
မြေပြန့်တောင်တန်း ကမ်းရိုးတန်းနှင့်
မြစ်ဝှမ်းလွင်ပြင် ပြန့်ပွားဝင်၍
ချစ်ခင်ညီညာ ဝိုင်းဖွဲ့ကာလျှင်
မြန်မာ့ဂုဏ်ရောင် ထိန်းသိမ်းဆောင်မည်
ပြည်ထောင်စု၏ ကပွဲကြီး။

☛ ဒေသတစ်ခု မျိုးစုတစ်သွယ်
ရစ်တွယ်နှောင်ပတ် ပင်ချင်းယှက်၍
မိုးပက်အတူ နေပူမခွဲ
နင်းထဲလည်းနေ ကောင်းဆိုးထွေကို
ဝေမျှတူစံ တို့နိုင်ငံသည်
အောင်လံတစ်ခု ကိုယ်စားပြုသည့်
သွန်းထုညီညာ ပြည်မြန်မာ။

ဇာနည်အောင်(မန္တလေး)

# ရနံ့

အတတ်ပညာ အခက်ဝေလည်း
အသိတရား မရှိပြားက
လောကအလယ် ရနံ့ပြယ်၏။
အတတ်ပညာ လက်ဗလာ၌
စိတ်ဝယ်နှလုံး သူတော်ထုံးသို့
ကျင့်ကြံပွားများ ထိုလူများမှာ
လောကအလယ် ရနံ့ထည်၏။
အတတ်လည်းရှိ အသိရှိက
ကဝိအကျော် ထိုသူတော်မှာ
လောကအလယ် ရနံ့ကြွယ်၏။
အတတ်လည်းကျွမ်း အသိစွမ်းအောင်
ယနေ့လူငယ် နောင်ဝယ်လူကြီး
ဖြစ်မည့်သူများ လူငယ်များတို့
အားထုတ်ပါလေ ကြိုးစားပေ။

နွေ(အဖျောက်)
B.A(myan)

# ဝေးဝေးကသာ ရှောင်ချင်သည်

■ လှိုင်သွေး(ပျော်ဘွယ်)

မပြောဘူးဆိုရင်လည်း လုံးဝကိုစကားမပြောချင်တော့တာ ကျွန်တော့်ရဲ့အကျင့်ပါ။ ထိုအကျင့်က မကောင်းဘူးဆိုတာလည်း ကျွန်တော်သိပါတယ်။ ဒါကြောင့်လည်း မကြာခဏ သတိထားပြီး ပြုပြင်ဖို့ ကြိုးစားခဲ့တယ်။ အရိုးစွဲနေသော အကျင့်တစ်ခုဟာ ပြင်ဖို့တော့အခက်သား။

အဆောင်မှာအတူနေတဲ့ သူငယ်ချင်းနဲ့ တစ်ခါက အကြောင်းအရာတစ်ခုကို ဆွေးနွေးရင်းကနေ စကားအချေအတင်ဖြစ်ခဲ့ဖူးတယ်။ အယူအဆလွဲ၊ အမြင်ချင်းမတူတော့ ညှိနှိုင်းယူလို့မရ။

သဘောထားကွဲလွဲပြီး အမြင်တစ်ခုကို ထိုသူနဲ့ ညှိနှိုင်းလို့ မရမှန်းသိလိုက်တဲ့အချိန်မှာ ကျွန်တော်ဆက်ပြီး မဆွေးနွေးတော့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကြာလာရင် ကျွန်တော်တို့ဆွေးနွေးပွဲဝိုင်းဟာ ဆွေးနွေးပွဲနဲ့မတူတော့ဘဲ စကားများရန်ပွဲအထိ ဖြစ်သွားနိုင်တယ်။ ဖြစ်လည်း ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် မိတ္တဗလ ဦးကာက“စကားနိုင်လု၍ ငြင်းခုံနေခြင်းသည် အချိန်(အကျိုး) မရှိချေ။ ထိုမျှမကသေး၊ ငြင်းခုံခြင်းတည်းဟူသောအကြောင်းမှ ပေါ်ပေါက်လာသော စိတ်တိုခြင်း၊ ဒေါသမထိန်းသိမ်းနိုင်ခြင်း စသည့် အကျိုးတို့ကိုလည်း ထိုသူသည်မလိုလားအပ်ချေ”ဟု သမ္မတလင်ကွန်း၏ စကားကို ကိုးကားဆိုခဲ့ဖူးပါတယ်။ ထို့နောက်“အယူအဆမတူတဲ့သူနဲ့ ဆက်ပြီးမဆွေးနွေးခြင်း(မငြင်းခုံခြင်း)ဟာ အကောင်းဆုံး။ ငြင်းခုံခြင်းကို ရှောင်ရှားပါ”ဟုလည်း ရေးသားခဲ့ဖူးပါတယ်။

အချို့သောလူတွေဟာ ဆွေးနွေးတိုင်ပင်လို့ ဟုတ်မလိုလိုနဲ့ သူတို့ရဲ့ထင်မြင်ချက်၊ အယူအဆတွေကိုသာ ရှေ့တန်းတင်ပြီး မျက်လုံးစုံမှိတ် ငြင်းတတ်ကြတဲ့လူစားမျိုးတွေလည်းရှိတယ်။ အချို့ကလည်း ကိုယ်မှားနေတာကို သိသိကြီးနဲ့ မှားပါတယ်လို့ဝန်ခံရမှာ ဝန်လေးနေတတ်တယ်။ မဝံ့မရဲဖြစ်နေကြတယ်။ ထိုအခါမျိုးမှာ အမှားကို ပြန်မပြင်ကြဘဲ ဇွတ်ငြင်းနေတတ်ကြတဲ့ လူစားမျိုးလည်း ရှိပါသေးတယ်။

ဒါကြောင့်မိတ္တဗလဦးကာဆရာဆိုပြန်တာက “လူများနှင့်ဆက်ဆံသောအခါ အကြောင်းအကျိုးကို နှိုင်းချိန်ဆင်ခြင်တတ်သော သတ္တဝါများနှင့် ဆက်ဆံနေရသည်ဟူ၍ မမှတ်လေနှင့်။ကျွန်ုပ်တို့ဆက်ဆံနေသည့် လူများမှာ စိတ်ဆောင်ရာသို့ လိုက်ပါတတ်သော သတ္တဝါများ၊ တယူသန်လျက်ရှိသော သတ္တဝါများ၊ စိတ်ကြီးဝင်၍ ပလွှားနေသော သတ္တဝါများသာဖြစ်သည်”ဟုဆို၏။

ငြင်းခုံနေသော စကားဝိုင်းဟာ ဆွေးနွေးညှိနှိုင်းနေတာနဲ့မတူဘဲ စကားရည်လုမျိုးဖြစ်နေပါလိမ့်မည်။ တစ်ယောက်ရဲ့အမြင်ကို တစ်ယောက်က ဆွေးနွေးတင်ပြခြင်းဟာ စကားနိုင်လုပွဲ မဟုတ်တဲ့အတွက်ကြောင့် တစ်ယောက်စကားပြောပြီးမှ နောက်တစ်ယောက်ပြောခြင်းသည်သာ ဆွေးနွေးမှုရဲ့ အကောင်းဆုံးအဖြေကို ရှာတွေ့ပါလိမ့်မည်။

တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံနေခြင်းဖြင့် ကောင်းသော အဖြေတစ်ခုဟာ ထွက်ပေါ်လာမည် မဟုတ်။ ထို့ကြောင့် ကျွန်တော်သည် ထိုကဲ့သို့သော တယူသန်၊ ငြင်းခုံတတ်သောသမားများဖြင့် ဝေးဝေးကသာ ရှောင်ချင်ပေတော့၏ ။ ။

